ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်ထုတ်ဝေသည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ အင်္ဂါနေ့၊ (19-1-2016) (၈၄၅၀)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။
(ဓမ္မပဒ)

# နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်နိုင်ရန် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် ရွေးကောက်ပွဲလွန်ကာလ တည်ငြိမ်အေးချမ်းရေးနှင့် အစိုးရအဖွဲ့ လုပ်ငန်းတာဝန်များ စနစ်တကျလွှဲပြောင်းပေးရေး ဆောင်ရွက်နေမှုများ၊ ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်

**စာမျက်နှာ ၃ ကော်လံ ၅ သို့**



# ချစ်သောနာဂတို့မြေ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေ

သတင်းဆောင်းပါး - ခင်မောင်ထွေး

ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့သို့ ၂၀၀၄ ခုနှစ်ခန့်က Media Cover တာဝန်ဖြင့် ညအိပ်ရပ်နားဖူးသည်။ ထိုမှ ပန်ဆောင်မြို့သို့ ခရီးဆက်ဖြစ်ခဲ့သည်။

**နန်းယွန်း**

နန်းယွန်း၊ လဟယ်နှင့် လေရှီးအပါအဝင် နာဂတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများက ယခင်က လမ်းပန်းဆက်သွယ်ရေး အခြေအနေကြောင့် သွားလာမှု အတော်ခက်ခဲသည်။ ကျွန်တော်တို့ သွားရောက်ခဲ့သည့် နန်းယွန်းခရီးစဉ်ကမူ ထိုစဉ်က နိုင်ငံတော်အဆင့်တာဝန်ရှိသူတစ်ဦး၏ ခရီးစဉ်ဖြစ်ရကား မြစ်ကြီးနားမှတစ်ဆင့် တပ်မတော်ရဟတ်ယာဉ်ဖြင့် သွားရောက်ခဲ့ရ၍ အချိန်တိုအတွင်း ခရီးပေါက်ခဲ့သည်။

**လဟယ်**

မှတ်မိသေးသည်။ နန်းယွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာမများက ရဟတ်ယာဉ်ကို အတော်စိတ်ဝင်စားကြသည်မို့ ပန်ဆောင်ခရီးစဉ်မထွက်မီ Flight Test ဆောင်ရွက်စဉ် ခေတ္တလိုက်ပါစီးနင်းခွင့်ရ၍ အတော်ပျော်ရွှင်နေကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**






ကြေးမုံစာတည်းရှုထောင့် ၁၉-၁-၂၀၁၆၊ အင်္ဂါနေ့

# ပူးပေါင်းဆောင်ရွက်မှုလိုပါသည်

မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ (Team Work) အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ပါသည်။ ပူးပေါင်းဆောင်ရွက်မှု အားနည်းပါက ထိုလုပ်ငန်းမှာ အောင်မြင်မှုအပြည့်အဝ ရရှိနိုင်မည်မဟုတ်ချေ။

မြန်မာနိုင်ငံတွင် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်မှုများ၊ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် အဆိုပါ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် အားလုံးပူးပေါင်းလုပ်ကိုင်ကြရပါသည်။ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်မည်ဆိုပါက အများနှင့်သက်ဆိုင်သော ကိစ္စရပ်များဖြစ်လျှင် ခေတ္တသာအဆင်ပြေနိုင်ပြီး ရေရှည်တည်တံ့ကောင်းမွန်သော အလုပ်ဖြစ်လာမည် မဟုတ်ချေ။

အများပြည်သူနှင့်သက်ဆိုင်သော လုပ်ငန်းများတွင် အဖွဲ့အစည်းများအနေဖြင့် ပိုမိုကောင်းမွန်အောင် နေ့စဉ်ဆောင်ရွက်နေကြသည်ကို တွေ့ရပါသည်။ သို့ရာတွင် မိမိနှင့်သက်ဆိုင်သောလုပ်ငန်းများကိုသာ ဆောင်ရွက်နေသည်ဖြစ်၍ အခြားသူများနှင့် သက်ဆိုင်သည့်ကဏ္ဍများတွင် အတူလက်တွဲဆောင်ရွက်ခြင်းမရှိပါက လစ်ဟာမှုများ ရှိလာပါသည်။

သာဓကအားဖြင့် အများပြည်သူ နိစ္စဓူဝ နေ့စဉ်ဆောင်ရွက်ရသည့် ရန်ကုန်မြို့ရှိ ယာဉ်ကြောကျပ်တည်းမှုပြဿနာများကို ဖြေရှင်းရာတွင် မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တစ်ခုတည်းက နေ့စဉ်ဆောင်ရွက်နေရုံဖြင့် အလုပ်ဖြစ်လိမ့်မည် မဟုတ်ချေ။ လမ်းပြဿနာများ၊ ယာဉ်ပြဿနာများကို ဖြေရှင်းရာ၌ ၎င်းနှင့် ဆက်နွှယ်ရာအပိုင်းများအလိုက်လည်း တစ်ချိန်တည်းပါဝင်ဆောင်ရွက်နိုင်မှ အကောင်းဆုံးဖြစ်ပေလိမ့်မည်။

ယာဉ်ကြောပိတ်ဆို့မှုပြဿနာများကို ဖြေရှင်းရာတွင် သက်ဆိုင်သူများမှာ ခရီးသည်များ၊ မော်တော်ယာဉ်များ၊ လမ်းနှင့်သက်ဆိုင်သော စည်ပင်သာယာအဖွဲ့အစည်းများ၊ မော်တော်ယာဉ်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ အားလုံးပါဝင်ကြရမည်ဖြစ်သည်။ ထိုအစုအဖွဲ့များအနေဖြင့် တစ်စုခြင်းအလိုက် ပြုပြင်ဆောင်ရွက်နေမည်ဆိုလျှင် ထိရောက်ပြည့်စုံအောင်မြင်သော ဖြေရှင်းဆောင်ရွက်ခြင်း ဖြစ်လာလိမ့်မည် မဟုတ်ချေ။

ဥပမာအားဖြင့် အများပြည်သူအသွားအလာများသော ယာဉ်ကြောကျပ်တည်းသည့်အချိန်တွင် လမ်းမများပေါ်တွင် မြေအောက်ရေပိုက်လိုင်းများပြင်ဆင်ခြင်း၊ မြေအောက်ကြိုးများပြုပြင်တပ်ဆင်ခြင်း၊ လမ်းပြင်ခြင်း၊ ကတ္တရာခင်းခြင်း၊ ဈေးသည်များအား နေရာချထားခြင်း စသည့်အချက်များကို ပေါင်းစပ်လုပ်ကိုင်ခြင်းမရှိဘဲ မိမိအလုပ်ကို မိမိသဘောအလျောက် လုပ်သည့်စနစ်ကြောင့် ယာဉ်ကြောကျပ်သည့်ပြဿနာကို ဖြေရှင်းရာ၌ အခက်အခဲများ ရှိနိုင်ပေသည်။

ယာဉ်ကြောကျပ်တည်းမှု၏ အဆိုးရွားဆုံးအချက်မှာ မော်တော်ယာဉ်များ စည်းကမ်းမဲ့မောင်းနှင်ခြင်း၊ စနစ်တကျမရပ်နားခြင်းနှင့်လမ်းဘေးဈေးသည်များ စနစ်တကျ ဈေးမရောင်းခြင်းတို့ဖြစ်ပါသည်။ ယင်းအချက်များကို ပြင်ဆင်နိုင်ရန်အတွက် သက်ဆိုင်သည့်အဖွဲ့အစည်းများမှာ မော်တော်ယာဉ်ပိုင်ရှင်များ၊ မော်တော်ယာဉ်မောင်းနှင်သူများ၊ လမ်းဘေးဈေးသည်များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ကြီးကြပ်ရေးအဖွဲ့အစည်းများအားလုံး သက်ဆိုင်ပါသည်။

ယာဉ်ထိန်းတပ်ဖွဲ့ဝင်များမှာ ယာဉ်ကြောဖြောင့်ဖြူးရေး၊ စည်းကမ်းနှင့်အညီမောင်းနှင်ရေးတို့ကို ဆောင်ရွက်ပေးရသည်ဖြစ်သလို ထိုသို့ဆောင်ရွက်ရာတွင် လမ်းပိတ်ဆို့မှုကိုဖြစ်စေသော ကိစ္စများအားလုံးကို သက်ဆိုင်သူများသာမက တာဝန်ရှိသူများကလည်း အတူတကွပါဝင်ပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ပါမှ လမ်းပိတ်ဆို့မှုများ လျော့နည်းကျဆင်းသွားမည်ဖြစ်သည်။

ဈေးသည်များအနေဖြင့် သတ်မှတ်ထားသောနေရာ၊ သတ်မှတ်ထားသောအချိန်တွင် ရောင်းချကြရန်နှင့် လမ်းများအပေါ်တွင် ပြုပြင်ဆောင်ရွက်ဖွယ်ရာများရှိပါက သက်ဆိုင်သူများအား ကြိုတင်အကြောင်းကြားခြင်း၊ ယာဉ်များသွားလာမှု အများဆုံးအချိန်တွင် မပြုလုပ်ခြင်း၊ ယာဉ်သွားလာမှုနည်းသော ညအချိန်တွင် လုပ်ကိုင်ခြင်း စသဖြင့် ပူးပေါင်းဆောင်ရွက်သွားမှသာ ယာဉ်ကြောကျပ်မှု၊ လမ်းကြောပိတ်မှုပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ။

# တံတားမရှိသေးသော်လည်း ဇက်ရေယာဉ်ဖြင့် အဆင်ပြေ

**ရန်ကုန် ဇန်နဝါရီ ၁၈**

လူဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ ရန်ကုန်မြို့နှင့် ဧရာဝတီတိုင်းဒေသသို့ ခရီးသည်နှင့် ကုန်စည်ကူးသန်းမှုများလည်း တိုးတက်များပြားလာသည်။ ခရီးသည်တင်ယာဉ်ငယ်နှင့်အသေးစား၊အလတ်စား ကုန်တင်ယာဉ်များသည် ဝါးတန်း-ဒလ ကားကူးဇက်ရေယာဉ်ကို အသုံးပြုဖြတ်သန်းရန် ပိုမိုနှစ်သက်လာကြကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုကို ရှောင်ရှားလို၍လည်းကောင်း၊ ယာဉ်နှင့် ကုန်တစ်ပါတည်း တိုက်ရိုက်ဆင်းသက်နိုင်သဖြင့် အချိန်ကုန် သက်သာသောကြောင့်လည်းကောင်း ဇက်ရေယာဉ်နှင့် ဖြတ်သန်းသွားလာရခြင်းကို ပို၍သဘောကျကြကြောင်း ဇက်ရေယာဉ်ဖြတ်သန်းအသုံးပြုသူ ယာဉ်မောင်းများက ပြောသည်။

ဝါးတန်း-ဒလ ကားကူးဇက်ရေယာဉ်ကို တနင်္လာနေ့မှ စနေနေ့အထိ နေ့စဉ် နံနက် ၆ နာရီခွဲမှ ညနေ ၆ နာရီအထိ ကိုးခေါက် ပြေးဆွဲပြီး တနင်္ဂနွေနေ့နှင့် အခြားရုံးပိတ်ရက်များတွင် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ခုနစ်ခေါက် ပြေးဆွဲပေးလျက်ရှိကာ ယာဉ်ငယ်တစ်စီးအတွက် ဇက်ရေယာဉ်ဖြင့် ဖြတ်သန်းခမှာ ငွေကျပ် ၂၀၀၀ ဖြစ်ကြောင်း သိရသည်။

**(ကိုကိုနေ)**






# ကျေးရွာစီမံကိန်းအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပုလဲ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင် စီမံကိန်းဝင် ကျေးရွာများအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်၌ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာစီမံကိန်း ရန်ပုံငွေမှ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ဖလံပင်၊ မိုးကောင်း၊ နွယ်အင်း၊ ကြောင်သန်း၊ ဇီးဖြူကုန်း၊ အင်းကန်၊ ဝမ်းဘဲချိုင့်၊ ရွာနောင်၊ စေတီယျိုကျေးရွာနှင့် သပြေရေ ကျေးရွာများက ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေခြင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံခြင်း၊ အာဟာရပြည့်ဝခြင်း၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးတက်လာခြင်းနှင့် တုံ့ပြန်နိုင်သော၊ စွမ်းအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေခြင်းစသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

# လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံသို့ အာဟာရလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံသို့ Gold Power Group Co.,Ltd. မှ ဝန်ထမ်းများမှ ဇန်နဝါရီ ၁၄ ရက်က ဆေးရုံဝင်းအတွင်းရှိ လူနာသုံးစွန့်ပစ်အမှိုက်များ၊ ဆေးရုံသုံးစွန့်ပစ် အမှိုက်ပုံကြီးအား လူအင်အား၊ စက်အင်အားဖြင့် ရှင်းလင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ဆေးရုံအတွင်းရှိ လူနာများအား နံနက်စာ နို့ဆန်ပြုတ် နေ့လယ်စာ ထမင်း၊ အာဟာရကျွေးမွေးခြင်းနှင့် အမှိုက်ပုံးအလုံး ၃၀ တို့ကို လှူဒါန်းခဲ့ရာ လှိုင်သာယာဆေးရုံအုပ်ကြီး ဒေါက်တာခင်ရူပါမိုးနှင့် ဆေးရုံဝန်ထမ်းများက ပါဝင်ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၃၂၉)**



# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်(ရွှေဈေး) - ၇၅၇၅၀၀ - ၇၅၇၅၀၀၊ မန္တလေး(ရွှေဈေး) ၇၅၇၀၀၀ - ၇၅၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၀၀/၅၈၀ ကျပ်၊ | ၆၂၀/၆၄၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၆၀/၇၁၀ ကျပ်၊ | ၈၂၀/၈၆၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၅၀/၆၁၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၁၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၀၀ ကျပ်

**၁၁-၁-၂၀၁၆ ရက်နေ့မှ ၁၅-၁-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၉၀ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၃၇၃ ကျပ် ဖြစ်ပါသည်။**

*(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၂၀. ၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇. ၂၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၇၅၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅. ၂၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၁၆၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၁၁. ၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၆. ၉၇ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၀. ၅၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၂. ၃၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝင်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသက်ကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှို

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်　ဇန်နဝါရီ　၁၈**

၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီများမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

**●ရှေ့ဖုံးမှ**

ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆွေးနွေးမှုတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏လက်ထက်တွင် ဆောင်ရွက်ခဲ့သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှု၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်မှုနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်မှုများအပေါ် အမေရိကန်ပြည်ထောင်စုက အသိအမှတ်ပြု ချီးကျူးကြောင်း ပြောကြားခဲ့ပြီး အနာဂတ်ကာလတွင်လည်း မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် မစ္စတာ အန်တိုနီ ဘလင်ကန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

## ❐ ချစ်သောနာဂတို့မြေမှ

ဆရာမများကား ဒေသခံများ မဟုတ်ကြ။ မန္တလေးမြို့မှ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြသူများဖြစ်ကြသည်။ ပြောင်းရွှေ့မိန့်ကျစဉ်က သူတို့ငိုကြသည်။ မြစ်ကြီးနားမှတစ်ဆင့် ကုန်းလမ်းခရီးဖြင့်လာကြရပြီး လမ်းခရီး၌ အကြိမ်ကြိမ်ရပ်နားခဲ့ရသလို အကြိမ်ကြိမ်လမ်းလျှောက်ခရီးနှင်ခဲ့ရကြောင်း ဆိုကြပါသည်။

သို့မို့ကြောင့် ဝန်ထမ်းလောကတွင် နန်းယွန်းနှင့်အလားတူ လဟယ်ကလည်း နာမည်ကျော်သည်။ “သွားရော့ လဟယ်”စာချိုးကား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၏ ဝေးလံသီခေါင်မှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတို့ကို ကိုယ်စားပြုသည့် မြန်မာအသုံးအနှုန်းတစ်ရပ် ဖြစ်လာခဲ့သည်။

### လမ်းပန်းဆက်သွယ်ရေး ကြိုးပမ်းဆောင်ရွက်ပေး

သို့သော်ငြား ယခုနောက်ပိုင်းတွင်မူ နိုင်ငံတော်အစိုးရက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လမ်းပန်းဆက်သွယ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ လမ်း၊ တံတားလုပ်ငန်းအတွက် ငွေကျပ် ၁၅၅၇၈ ဒသမ ဝ၉၁ သန်းကို ပံ့ပိုးပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ် ၂၅၂၈ ဒသမ ၅ သန်း၊ ကျေးလက်ဦးစီးဌာနက ငွေကျပ် ၁၆၄၀ ဒသမ ၃ သန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ငွေကျပ် ၆၂၈၀ ဒသမ ၄၅ သန်းကို ထောက်ပံ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရ၍ ဝမ်းမြောက်ပီတိဖြစ်ရသည်။

### ပန်ဆောင်

ပန်ဆောင်မြို့သို့မူ နာရီပိုင်းမျှသာရောက်ဖြစ်ခဲ့သည်။ အပ်ချုပ်စက်များ၊ အနွေးထည်နှင့် အဝတ်အစားများ၊ စားသောက်ဖွယ်ရာများ စသည့် လှူဒါန်းပွဲအခမ်းအနားကျင်းပ၍မှမပြီးမီ နွေခေါင်ခေါင် မတ်လ၏ နွေရက်များအတွင်းမှာပင် မိုးသည်းထန်စွာ ရွာလာသဖြင့် ရဟတ်ယာဉ်မှူးက ရာသီဥတုအပေါ်မူတည်၍ ချက်ချင်းပြန်ထွက်ရန် တာဝန်ရှိသူထံ သတင်းပို့ခဲ့သဖြင့် ချက်ချင်းတက်သုတ်ရိုက်ပြန်လည် ထွက်ခွာခဲ့ရသည်။ သို့သော် ရဟတ်ယာဉ်ကွင်းမှတစ်ဆင့် လမ်းတစ်လျှောက် ကြိုလင့်ပေးကြသည့် သွေးချင်းတို့နှင့် သွေးချင်းတို့ပျော်စံရာ နာဂတို့မြေကိုမူ ယခု ၁၀ နှစ်ကျော်တိုင် မမေ့နိုင်ဖြစ်ရပါသည်။

### ပင်လယ်ရေမျက်နှာပြင်အထက်က နာဂတို့မြေ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ဧရိယာစတုရန်း မိုင်ပေါင်း ၅၁၆၈ ဒသမ ၂၀၆ မိုင် ကျယ်ဝန်းပြီး ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၅၀၀ မှ ၆၄၀၈ ပေကြား တည်ရှိသည်။ လဟယ်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၃၁၃ ပေရှိသည်။ လေရှီးမြို့နယ်က ၄၄၄၃ ပေ၊ နန်းယွန်းမြို့နယ်က ပေ ၁၁၀၀ ၊ ထန်ပါခွေမြို့က ပေ ၅၀၀၊ ဆွမ္မရာမြို့က ၆၄၀၈ ပေ၊ ပန်ဆောင်မြို့က ပေ ၃၃၅၀ နှင့် ဒုံဟီးမြို့က ပေ ၃၂၀၀ အထက်တွင် တည်ရှိသည်။

မြို့နယ် သုံးမြို့နယ်၊ မြို့ပေါင်း ရှစ်မြို့၊ ရပ်ကွက် ၂၁ ခု၊ ကျေးရွာအုပ်စု ၁၁၆ အုပ်စုနှင့် ကျေးရွာပေါင်း ၂၆၆ ရွာဖြင့် ဖွဲ့စည်းထားပြီး စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်အတွင်းပါဝင်ကာ အရှေ့ဘက်တွင် ကချင်ပြည်နယ် ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်၊ မြောက်ဘက်တွင် ကချင်ပြည်နယ်နှင့် အိန္ဒိယသမ္မတနိုင်ငံ၊ တောင်ဘက်တွင် တမူးမြို့နယ်၊ အနောက်ဘက်တွင် အိန္ဒိယသမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။

လူဦးရေ ၁၁၆၈၈၆ ဦးရှိပြီး ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ကို ကိုးကွယ်ယုံကြည်ကြ၍ ဗမာ၊ ချင်း၊ ကချင်နှင့် နာဂ စကားတို့ဆိုကြကာ လက်ဖက်၊ လိမ္မော်၊ ကော်ဖီ၊ ရော်ဘာနှင့် အာလာဂျီသီးနှံတို့ကို အဓိက စိုက်ပျိုးထုတ်လုပ်ကြသည်။

### ဖွံ့ဖြိုးရေးအတွက် ကဏ္ဍစုံ ဆောင်ရွက်ပေးခဲ့

ပစ္စက္ခတွင်မူ နိုင်ငံတော်အစိုးရက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံထောင့်စုံက ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ “ပညာရေးလုပ်ငန်းအတွက် ငွေကျပ်၂၂၅၉ ဒသမ ၁၄၁၆ သန်း၊ ကျန်းမာရေးလုပ်ငန်းအတွက် ငွေကျပ်၂၀၇၇ ဒသမ ၄၃၀၃ သန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းအတွက် ငွေကျပ် ၁၆၉၁ ဒသမ ၈၉၁၅ သန်း၊ မီးလင်းရေးလုပ်ငန်းအတွက် ငွေကျပ် ၂၃၉၈ ဒသမ ၆၇၆ သန်း၊ လယ်ယာလုပ်ငန်းအတွက် ငွေကျပ် ၂၂၄ ဒသမ ၁၂၆ သန်း၊ ပြန်ကြားရေးလုပ်ငန်းအတွက် ငွေကျပ် ၂၃ ဒသမ ၁၈ သန်း၊ သာသနာရေးလုပ်ငန်းအတွက် ငွေကျပ် ၆၇ ဒသမ ၈၈ သန်း၊ အိမ်ရာလုပ်ငန်းအတွက် ငွေကျပ် ၃၅၀ ဒသမ ၅၄ သန်း၊ မွေးမြူရေးလုပ်ငန်းအတွက် ငွေကျပ်သန်း ၈၀ စုစုပေါင်းငွေကျပ် ၂၄၇၅၀ ဒသမ ၉၅၆၄ သန်းကို နိုင်ငံတော်နှင့် တာဝန်ရှိသူများ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာသည်။

### ဘဏ္ဍာနှစ်အလိုက် ပံ့ပိုးတည်ဆောက်

ထို့ပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သောက်သုံးရေရရှိရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ် ၃၁၆ ဒသမ ၈ သန်း၊ ကျေးလက်ဦးစီးဌာနက ငွေကျပ် ၄၁၀ ဒသမ ၅ သန်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်းအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ် ၈၅ ဒသမ ၅၅ သန်း၊ ကျေးလက်ဦးစီးဌာနက ငွေကျပ် ၅၅၆ သန်း၊ ပညာရေးလုပ်ငန်းတွင် ပညာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် လုပ်ငန်း ၁၃ ခုအတွက် ငွေကျပ် သန်း ၂၇၀၊ ကျန်းမာရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာနက လုပ်ငန်းလေးခုအတွက် ငွေကျပ် သန်း ၁၅၀ ၊ ကျေးလက်ဦးစီးဌာနက ငွေကျပ် ၁၆ ဒသမ ၅ သန်းတို့ကို ထောက်ပံ့ဆောင်ရွက်ပေးခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့/ရွာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်း၊ တံတားကဏ္ဍ၊ ကျေးလက်ရေရရှိရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကျေးလက်အိမ်ရာကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းကဏ္ဍ၊ ကျေးလက်လမ်း၊ တံတားကဏ္ဍစသည့်ကဏ္ဍ ခြောက်ခုအတွက် ငွေကျပ် ၂၃၀၀ ဒသမ ၃၁၅ သန်းကို အကုန်အကျခံတည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

### တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးလာ

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အထောက်အကူဖြစ်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ဇေယျာပဒေသာဖောင်ဒေးရှင်းက လယ်ယာကဏ္ဍအတွက် ငွေကျပ် ၄၇၈၆ ဒသမ ၂၅ သိန်း၊ မွေးမြူရေးလုပ်ငန်းများအတွက် ငွေကျပ် ၂၇၉၇ ဒသမ ၄ သိန်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများအတွက် ငွေကျပ် ၁၇၅၁ ဒသမ ၃ သိန်း၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများအတွက် ငွေကျပ် ၁၇၈၇ ဒသမ ၄ သိန်း၊ သမဝါယမလုပ်ငန်းများအတွက် ငွေကျပ် ၃၅၅၄ ဒသမ ၆၅ သိန်း၊ ကျေးလက်လူမှုစီးပွားအတွက် ငွေကျပ် ၁၉၉ ဒသမ ၂၅သိန်း၊ ကျေးလက်စွမ်းအင်အတွက် ငွေကျပ် ၂၄၆၁ ဒသမ ၅ သိန်းတို့ကို မတည်ထောက်ပံ့ပေးထားပြီးဖြစ်ရာ နာဂဒေသသည် တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်လာသည်။

### ကိုယ်ပိုင်ဓလေ့ရိုးရာကိုယ်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးအတိတေကတည်းက ရေမြေတောအထပ်ထပ်က သွေးချင်းညီအစ်ကို မောင်နှမများဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ ပြည်ထောင်စုဖွား တိုင်းရင်းသားတိုင်းတွင်လည်း ကိုယ်ပိုင်ဓလေ့ရိုးရာကိုယ်စီရှိကြသည်။ သို့သော်ငြား တစ်ကြောင်းတည်းသော တူညီသည့်တစ်ခုတည်းသော ဝိသေသကား ရိုးသားဖော်ရွေမှုရှိကြခြင်းပင်။

လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်က ဖလမ်းမြို့နယ်အတွင်းရှိ လုံပီးကျေးရွာသို့ ဒုတိယဝန်ကြီး တစ်ဦးနှင့် Media Cover တာဝန်ဖြင့် ရောက်ခဲ့ဖူးသည်။ ရွာထိပ်မှာပင် ချင်းတိုင်းရင်းသားတို့က တူမီးသေနတ်များကို မိုးပေါ်ထောင်ဖောက်၍ ဂုဏ်ပြုကြိုဆိုခဲ့မှုများ၊ ခေါင်ရည်ချိုမြတစ်ခွက်နှင့် ကြက်ကြော်တစ်ဖဲ့တို့ကား ယနေ့တိုင်မေ့မရ။ သို့တစေ ကျွန်တော်အထူးစိတ်ဝင်စားသော နာဂတို့မြေ လဟယ်မြို့နှင့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တို့နှင့်မူ အကြောင်းကြောင်းကြောင့် တွေ့လွဲလွဲခဲ့ရသဖြင့် မြန်မာ့ရုပ်မြင်သံကြားဖန်သားပြင်ထက်မှပင် မချင့်မရဲရှုစားနေခဲ့ရသည်။

### နာဂရိုးရာနှစ်သစ်ကူးပွဲတော်

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို မိရိုးဖလာ တောင်ယာ၊ လယ်ယာများမှ ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးချိန်၊ လာမည့် နှစ်သစ်တောင်ယာ၊ လယ်ယာလုပ်ငန်းခွင်မဝင်မီ နှစ်စဉ် ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပကြသည်။ ရှေးယခင်က ရွာတိုင်းကျင်းပခဲ့ကြသော်လည်း ၁၉၉၃ ခုနှစ်မှစတင်၍ နာဂတိုင်းရင်းသားများ စည်းလုံးညီညွတ်မှုပိုမိုရှိစေရန်နှင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်ကာ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် မြို့နယ်အလိုက် ကျင်းပပေးခဲ့သည်။

၂၀၁၄ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နန်းယွန်းမြို့၊ ၂၀၁၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို လေရှီးမြို့တို့တွင် ကျင်းပပေးခဲ့သည်။ ယခုနှစ် ၂၀၁၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို လဟယ်မြို့ ရွှေပြည်သာအားကစားကွင်း၌ ဇန်နဝါရီ ၁၅ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ တက်ရောက်အားပေးချီးမြှင့်ခဲ့ကြပြီး နာဂတိုင်းရင်းသားတို့နှင့်အတူတကွ ပါဝင်ဆင်နွှဲခဲ့ကြသည်။

### မြန်မာ့ခရီးသွားလုပ်ငန်း၏ အဓိကသော့ချက်

နာဂတိုင်းရင်းသားတို့၏ တစ်မူထူးခြားလှသည့် ဝတ်စားဆင်ယင်မှုအလှအပ၊ ရိုးရာအကများနှင့်ယဉ်ကျေးမှုတို့ကား ပြည်တွင်းသာမက ပြည်ပသို့ပါ ညို့ငင်ဖမ်းစားလာပေသည်။ ကိုယ်တိုင်ကိုယ်ကျလာရောက်လေ့လာကြသည့် ပြည်ပခရီးသွားများပင်ရှိလာ၍ များမကြာမီကာလအတွင်း နာဂရိုးရာနှစ်သစ်ကူးပွဲတော်နှင့် နာဂတို့မြေသည် မြန်မာ့ခရီးသွားလုပ်ငန်း၏ အဓိကသော့ချက်တစ်ခုဖြစ်လာပေလိမ့်မည်။

ပစ္စက္ခတွင်လည်း နိုင်ငံတော်က လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးတိုးတက်ကောင်းမွန်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးလုပ်ငန်းများအဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

### ပထမ ငါးနှစ်စီမံကိန်း

အလားတူ ပထမ ငါးနှစ်စီမံကိန်းကာလအတွင်း ကျေးလက်ရေရရှိရေးအတွက် ၉၈ ဒသမ ၄၉ ရာခိုင်နှုန်းနှင့် ကျေးလက်မီးလင်းရေးအတွက် ကျေးရွာ ၂၆၆ ရွာတွင် ၇၀ ဒသမ ၆၇ ရာခိုင်နှုန်းအထိ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ၂၄ နာရီ မြို့မီးလင်းရေးအတွက် လဟယ်၊ လေရှီးနှင့် နန်းယွန်းမြို့များတွင် အသေးစားရေအားလျှပ်စစ်စီမံကိန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ လမ်းပန်းဆက်သွယ်ရေးအားဖြင့်မူ ကတ္တရာလမ်းမိုင် ၃၀၊ ကျောက်ခင်းလမ်း ၂၄၆ မိုင်၊ မြေသားလမ်း ၃၆၁ မိုင်နှင့် ဆိုင်ကယ်လမ်း ၆၉၆ မိုင် တိုးတက်လာခဲ့သည်။ သံကူကွန်ကရစ်တံတား ၇၈ စင်း၊ သံမဏိကြိုးတံတား ၆၃ စင်းနှင့် သစ်သားတံတား ၄၇ စင်း တိုးတက်လာသည်။ သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ယာဉ်ကြီး၊ ငယ်နှင့် မော်တော်ဆိုင်ကယ် စုစုပေါင်း ၁၁၉ စီး တိုးပွားလာသည်။

ထို့ပြင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ရှိ ယမ်းကြုံး၊ ပုံညို၊ ဆွမ္မရာနှင့် ပန်ဆောင်မြို့များ၌ နယ်စပ်ဈေးများဖွင့်လှစ်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပန်ဆောင်မြို့တွင် ဟိုတယ်ဇုန်တည်ဆောက်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ဒုတိယ ငါးနှစ်စီမံကိန်း

ဆက်လက်၍ နိုင်ငံတော်က လာမည့် ဒုတိယ ငါးနှစ် စီမံကိန်းတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်ရန်၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေပြီး တစ်ဦးချင်း ဝင်ငွေတိုးတက်စေရန်၊ အခြေခံပညာတတ်မြောက်ရေးနှင့် ကောင်းမွန်သော ကျန်းမာရေးစနစ် ရရှိစေရန်၊ လျှပ်စစ်မီးရရှိမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိမှု လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရန်တို့ကို ဦးစားပေးလုပ်ငန်းများအဖြစ် ရည်မှန်းချက်များ ချမှတ်ထားကြောင်း သိရသည်။

### ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေ

သို့ဖြစ်၍ နာဂ ရိုးရာနှစ်သစ်ကူးပွဲတော်တွင် နာဂတိုင်းရင်းသားတို့သည် လာမည့် နှစ်သစ်တွင် ကောက်ပဲသီးနှံများ ပေါ်များစေရန်၊ အဖျားအနာကင်းဝေးပြီး ချမ်းသာသုခရရှိစေရန်နှင့် လုပ်ငန်းဆောင်တာအဝဝ လွယ်ကူချောမွေ့စွာ လုပ်ဆောင်နိုင်စေရန် ရိုးရာအစဉ်အလာနှင့်အညီ ဆုတောင်းကြသို့နှယ် ကျွန်တော်တို့ကလည်း နာဂတိုင်းရင်းသားတို့၏ နှစ်သစ်မင်္ဂလာအခါသမယတွင် ချစ်သောနာဂတို့မြေ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

❐❐❐

# ဗြိတိန်တွင် ရေရှည်နေထိုင်နိုင်ရေး အစ္စလာမ်ဘာသာဝင်အမျိုးသမီးများကို အင်္ဂလိပ်စကားသင်ကြားပေးမည်ဟု ကင်မရွန်းပြော



**လန်ဒန် ဇန်နဝါရီ ၁၈**

ဗြိတိန်တွင် နေထိုင်သည့် အစ္စလာမ်ဘာသာဝင် အမျိုးသမီး ၁၉၀၀၀၀ သည် အင်္ဂလိပ်စကားပြောဆိုနိုင်ခြင်း မရှိ ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း(ဝဲပုံ)က ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်။ ၎င်းက အစ္စလာမ် ဘာသာဝင်အမျိုးသမီးများ အင်္ဂလိပ်စကားပြောဆိုနိုင်ရေး အတွက် ရန်ပုံငွေ ဒေါ်လာ သန်း ၃၀ မတည်ကာ အကူအညီ ပေးမည် ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ဗြိတိန်တွင် အမြဲနေထိုင်မည့် အစ္စလာမ်ဘာသာဝင် အမျိုးသမီးများသည် ဗြိတိန်နိုင်ငံကူးလက်မှတ်အတွက် အင်္ဂလိပ်စကားကို သွက်သွက်လက်လက်ပြောဆိုနိုင်သူ ဖြစ်ရမည့်အပြင် ခွဲခြားဆက်ဆံခံရမှုများကို အဆုံးသတ်ကာ ခိုင်မာ တောင့်တင်းသည့် ဗြိတိန်လူ့အဖွဲ့အစည်းတည် ဆောက်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ကင်မရွန်းက ပြောကြားသည်။

ကျား၊မ ခွဲခြားမှု၊ ခွဲခြားဆက်ဆံမှုနှင့် အမျိုးသမီး များကို လူ့အဖွဲ့အစည်းမှ ရှောင်ဖယ်ထားမှု ပြဿနာများ သည် အကြမ်းဖက်ဝါဒသို့ ဦးတည်စေနိုင်ကြောင်း ကင်မရွန်းက ပြောကြားသည်။ “အင်္ဂလိပ်စကားနဲ့ အမျိုးသမီးများရဲ့ လုပ်ပိုင်ခွင့်အာဏာလွှဲပြောင်းခြင်းဟာ ကျွန်တော်တို့ရင်ဆိုင်ရမယ့် အရာတစ်ခုပါ။ ခိုင်မာတဲ့ ဗြိန်တိန်လူ့အဖွဲ့အစည်းကို အတူတကွ တည်ဆောက်နိုင် လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်”ဟု ကင်မရွန်းက ပြောကြားသည်။

အင်္ဂလိပ်စကားသင်ကြားရေး အစီအစဉ်သည် အစ္စလာမ်ဘာသာဝင်အမျိုးသမီး ထောင်ပေါင်းများစွာကို သင်ကြား ပေးမည်ဖြစ်ပြီး ခွဲခြားဆက်ဆံခြင်းခံနေရသူ အမျိုးသမီးများကို အဓိကထား သင်ကြားပေးသွားမည်ဖြစ် ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံး၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦး က ပြောကြားသည်။

အစ္စလာမ်ဘာသာဝင်အမျိုးသမီးများ အင်္ဂလိပ် စကား သင်ကြားရေးအစီအစဉ်ကို နေအိမ်များ၊ ကျောင်း များနှင့် လူမှုအဖွဲ့အစည်းများတွင် ပြုလုပ်သွားမည် ဖြစ်သည်။

**ဆင်ဟွာ။**

## ပါကစ္စတန်နိုင်ငံ ကွတ်တာမြို့တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွား၊ လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၈**

ပါကစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ကွတ်တာ မြို့တွင် ဇန်နဝါရီ ၁၈ ရက် မွန်းလွဲပိုင်းက ပါကစ္စတန် နယ်ခြားစောင့်တပ်ဖွဲ့၏ မော်တော်ယာဉ်တစ်စီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦး သေဆုံးပြီး အခြားနှစ်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း အူရဒူဘာသာဖြင့် ထုတ်လွှင့်သည့် အေအေဂျေရုပ်မြင် သံကြားသတင်းဌာနက ပြောကြားသည်။

လုပ်ရိုးလုပ်စဉ်အတိုင်း ကင်းလှည့်ထွက်လာသည့် နယ်ခြားစောင့်ရဲ တပ်ဖွဲ့မှ မော်တော်ယာဉ်သည် ဒေသ စံတော်ချိန် မွန်းလွဲ ၁၂နာရီ ၄၅ မိနစ်တွင် လမ်းဘေး၌ ထောင်ထားသော ဗုံးထိမှန် ပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ဗုံးထိမှန်ရာနေရာမှာ ပါကစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်း ဘလူချီစတန်ပြည်နယ်၏မြို့တော် ကွတ်တာမြို့ မာဂိတ် ဒေသတွင်ဖြစ်ကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြ သည်။

ပေါက်ကွဲမှုဖြစ်ပွားပြီး မကြာမီတွင် ယင်းနေရာသို့ ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိလာကာ ပေါက်ကွဲ မှုကြောင့် သေဆုံးသွားသူများ အားလုံး၏ ရုပ်အလောင်း များနှင့် ထိခိုက်ဒဏ်ရာရသူများအား မြို့တော် ကွတ်တာ ရှိစစ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ဒဏ်ရာရရှိသူများ ၏ အခြေအနေမှာ လတ်တလောတွင် သိရှိရခြင်းမရှိသေး ကြောင်း သတင်းတွင် ဖော်ပြသည်။ ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကပြုလုပ်သည်ကို ထုတ်ဖော် ပြောကြားခြင်း မရှိပေ။

**ဆင်ဟွာ။**

## ကိုရီးယားကျွန်းဆွယ် နျူကလီးယားပြဿနာကို နားလည်မှုရှိရှိ ချဉ်းကပ်ရန် တရုတ်တောင်းဆို

**ပေကျင်း ဇန်နဝါရီ ၁၈**

ကိုရီးယားကျွန်းဆွယ် နျူကလီးယားပြဿနာနှင့် ပတ်သက်၍ ယာယီဖြေရှင်းချက်ရော အမြဲတမ်း ဖြေရှင်းချက်အတွက်ပါ နားလည်မှုရှိရှိဖြင့် ချဉ်းကပ် အဖြေရှာ ပူးပေါင်းဆောင်ရွက်မှုကို တရုတ်နိုင်ငံအနေဖြင့် အမြဲတမ်းထောက်ခံအားပေးလျက်ရှိကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါမှတ်ချက်စကားကို မြောက်ကိုရီးယားနိုင်ငံက စနေ့နေတွင်ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ခုအပေါ် မှတ်ချက်ပေးရန်တောင်းဆိုသည့်အခါ တရုတ်နိုင်ငံခြား ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်မှုသည် မိမိကိုယ်ကို ကာကွယ်ရန်ဖြစ်ကြောင်းနှင့် အမေရိကန်အနေဖြင့် မြောက်ကိုရီးယားကို နျူကလီးယားလက်နက်ပိုင်နိုင်ငံ တစ်နိုင်ငံအဖြစ် အသိအမှတ်ပြုရန် မြောက်ကိုရီးယားနိုင်ငံ က ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါကြေညာချက်တွင် တောင်ကိုရီးယားနှင့် အမေရိကန်တို့ စစ်ရေးလေ့ကျင့်မှုကို ရပ်ဆိုင်းလျှင် အပြန်အလှန်အားဖြင့် နျူကလီးယားစမ်းသပ်မှု ကိုတရားဝင်ရပ်ဆိုင်းမည်ဖြစ်ကြောင်းနှင့် ၁၉၅၃ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့် ယာယီစစ်ပြေငြိမ်းရေးစာချုပ်ကို အပြီးသတ်ငြိမ်းချမ်းရေးစာချုပ်အဖြစ် ပြန်လည်အစားထိုး ရန်အပါအဝင် အမေရိကန်နိုင်ငံသို့ အဆိုပြုထားသည့် အဆိုပြုချက်များသည် တရားဝင်နေဆဲဖြစ်ကြောင်း ဖော်ပြထားသည်။ မြောက်ကိုရီးယားနိုင်ငံသည် စီးပွားရေး




တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီ။

အင်အားကောင်းမွန်ရန် တည်ဆောက်နေခြင်းဖြစ်ပြီး မည်သည့်နိုင်ငံကိုမျှ ရန်စခြင်းမဟုတ်ကြောင်း ဆက်လက် ဖော်ပြထားသည်။

မြောက်ကိုရီးယားနှင့် ပတ်သက်နေသည့်နိုင်ငံများ အနေဖြင့် နားလည်မှုရှိရှိဖြင့် ဆွေးနွေးညှိနှိုင်းမှုများ၊ အပြန် အလှန်ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသတွင်း တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်လိမ့် မည်ဟု တရုတ်နိုင်ငံက ယုံကြည်ကြောင်း ဟောင်လီက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက ဇန်နဝါရီ ၆ ရက်တွင် ၎င်းတို့၏ ပထမဆုံး ဟိုက်ဒရိုဂျင်ဗုံးကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံ၏ ကြေညာချက်နှင့် ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းက ကန့်ကွက်ရှုတ်ချခဲ့ပြီး အချို့ကလည်း မြောက်ကိုရီးယားနိုင်ငံ၏ ဟိုက်ဒရိုဂျင် ဗုံးစမ်းသပ်မှုအပေါ် သံသယရှိကြောင်း ပြောကြားကြ သည်။

**ဆင်ဟွာ။**



## အင်ဒိုနီးရှား အကြမ်းဖက်တိုက်ခိုက်မှုတွင် အသုံးပြုသည့် သေနတ်များ ဖိလစ်ပိုင်မှဖြစ်ဖွယ်ရှိ

**ဂျကာတာ ဇန်နဝါရီ ၁၈**

လွန်ခဲ့သည့်သီတင်းပတ်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ မြို့တော်၌ ဖြစ်ပွားသည့် တိုက်ခိုက်မှုတွင်အသုံးပြုသော သေနတ်များမှာ ဖိလစ်ပိုင်နိုင်ငံမှ ဖြစ်ဖွယ်ရှိကြောင်း အင်ဒိုနီးရှား ရဲတပ်ဖွဲ့က ပြောကြားသည်။ လွန်ခဲ့သည့်သီတင်းပတ်တွင် ဂျကာတာမြို့လယ်၌ လက်နက်ကိုင်လူတစ်စုက ဗုံးဖောက်ခွဲပြီး အရပ်သားများကို သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် လေးဦးသေဆုံးပြီး ၂၆ ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါလက်နက်ကိုင်အဖွဲ့က သူတို့ကိုသူတို့ အိုင်အက်စ် အဖွဲ့၏ အဖွဲ့ခွဲဖြစ်သည်ဟု ပြောကြားပြီး တိုက်ခိုက်မှုပြုလုပ် ကြောင်း ဝန်ခံခဲ့သည်။ ယခုလောလောဆယ်အထိ ယင်းတိုက်ခိုက် မှုနှင့်ပတ်သက်၍ သံသယရှိသူ ၁၂ ဦးဖမ်းမိထားပြီး သေနတ် ၁၁ လက် သိမ်းဆည်းရမိထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံအခြေစိုက် အဘူဆေယက်ဖ် စစ်သွေးကြွ အဖွဲ့သည် အိုင်အက်စ်စစ်သွေးကြွကို ထောက်ခံကြောင်း ပြောကြားထားပြီး ဂျကာတာမြို့တိုက်ခိုက်သူများသည် အဘူ ဆေယက်ဖ်အဖွဲ့နှင့် ဆက်နွှယ်မှုရှိ၊ မရှိ ရဲတပ်ဖွဲ့က စုံစမ်း စစ်ဆေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

## ကင်ညာတပ်ဖွဲ့ဝင်များအား ဖမ်းဆီးထားဟု ဆိုမာလီ အစ္စလာမ္မစ်သူပုန်များ ပြောကြား

**မိုဂါဒစ်ရှူး ဇန်နဝါရီ ၁၈**

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ဆိုမာလီ နိုင်ငံအနောက်ပိုင်း ကင်ညာနိုင်ငံ နယ်စပ်အနီးရှိ စစ်အခြေစိုက်စခန်းတစ်ခုအား စီးနင်းတိုက်ခိုက် ခဲ့ရာ ကင်ညာတပ်ဖွဲ့ဝင်အချို့ကို ၎င်းတို့ ဖမ်းဆီးမိ ကြောင်း ဆိုမာလီယာ အယ်လ်ရှာဘတ် အစ္စလာမ္မစ် စစ်သွေးကြွအုပ်စုက ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

ဇန်နဝါရီ ၁၅ ရက်က ဖြစ်ပွားခဲ့သော ယင်း တိုက်ခိုက်မှုအပြီးတွင် ဖမ်းဆီးရမိသော ကင်ညာ တပ်ဖွဲ့ဝင်အရေအတွက်ကိုမူ အယ်လ်ရှာဘတ် စစ်သွေးကြွအုပ်စုက ပြောကြားခြင်း မရှိသော်လည်း ကင်ညာတပ်ဖွဲ့ဝင် ၁၀၀ ကျော် သေဆုံးခဲ့သည်ဟု အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့၏ ကြေညာ ချက်နှင့် ပတ်သက်၍ ကင်ညာစစ်ဘက် (သို့မဟုတ်) ကင်ညာတပ်ဖွဲ့ဝင်များ ပါဝင်ထမ်းဆောင်နေသည့် အာဖရိက သမဂ္ဂတပ်ဖွဲ့က လတ်တလော မှတ်ချက်ပြု ပြောကြားခြင်း မရှိပေ။

ကင်ညာသမ္မတ ကင်ညက်တာက ကျွန်ုပ်တို့၏ မျိုးချစ်တပ်ဖွဲ့ဝင် အချို့ သေဆုံးခဲ့ကြောင်း ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ထိခိုက်ဒဏ်ရာ ရသော ကင်ညာတပ်ဖွဲ့ဝင်များအား မြို့တော်နိုင်ရိုဘီ သို့ သယ်ယူပို့ဆောင်ပေးပြီး ဆေးရုံသို့ ပို့ဆောင် ကုသမှုများ ပြုလုပ်နေကြောင်း၊ သေဆုံးသူ တပ်ဖွဲ့ဝင် များ၏ ရုပ်အလောင်းများကိုလည်း မိခင်နိုင်ငံသို့ သယ်ယူမည်ဖြစ်ကြောင်း ကင်ညာပြည်ထဲရေးဝန်ကြီး ဂျိုးဇက်နာကိုင်းဆာရီက ဇန်နဝါရီ ၁၆ ရက်တွင် ပြောကြားသော်လည်း အရေအတွက်ကိုမူ ပြောကြား ခြင်းမရှိဟု သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ထုတ်လုပ်မှုစရိတ် ကျခံဆောင်ရွက်ခြင်းမရှိဘဲ ပုဂ္ဂလိကနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင်ကျင်းပရာ **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေးတွင် **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း**၏ မူနှင့် အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များအပေါ် ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ်ကို ရယူသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက နိုင်ငံတော်သည် အခြေခံဥပဒေအရ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေခြင်း၊ ဈေးကွက်စီးပွားရေးနှင့်အညီ ကုန်သွယ်ရေးမူဝါဒများ၊ ဥပဒေစည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများ ရေးဆွဲကျင့်သုံးဆောင်ရွက်လျက်ရှိခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ ကုန်သွယ်မှုဆိုင်ရာ မူဝါဒပေါ်လစီများကို ပြန်လည်သုံးသပ်နေခြင်းနှင့် မကြာမီ ဒေသအတွင်း လိုက်ပါဆောင်ရွက်ရမည့် အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC)အရ ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းခြင်းကို ကန့်သတ်တားဆီးရန် ခက်ခဲကြောင်း၊ နိုင်ငံတော်တည်ဆောက်ဆဲကာလဖြစ်၍ မြန်မာ့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်၏ အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်အထိ သွင်းကုန်ပိုမိုမည်ဟု ဖော်ပြသုံးသပ်ထားပါကြောင်း။

ကုန်သွယ်မှုပမာဏမြင့်မားစေရေးအတွက် အမျိုးသားပို့ကုန်တိုးတက်ရေးမဟာဗျူဟာ ချမှတ်လုပ်ဆောင်နေခြင်း၊ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြေလျှော့ခြင်း၊ ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးတို့ကို ဆောင်ရွက်နေခြင်း၊ နိုင်ငံတကာနှင့် ချိတ်ဆက်၍ ဈေးကွက်ရှာဖွေပေးခြင်း၊ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု ထုတ်ကုန်များသာမက ပြည်ပမှတင်သွင်း၍ ပြည်ပသို့ ပြန်လည်တင်ပို့သည့်စနစ်၊ Transit Trade စနစ်တို့နှင့်ပါ ကုန်သွယ်မှုတိုးမြှင့်ရေးတို့ကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကျင်းပစဉ်။ (သတင်းစဉ်)

**ကျန်းမာရေးဝန်ကြီးဌာန** ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံကြီး သုံးရုံ၊ ခုတင် (၅၀)ဆံ့ တိုင်းရင်းဆေးရုံ ကိုးရုံ၊ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ လေးရုံ၊ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ လေးရုံ၊ ခရိုင်နှင့် မြို့နယ် တိုင်းရင်းဆေးကုဌာန ၂၁၀ တို့ ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ စီမံခန့်ခွဲရေး၊ ကုသရေး၊ ဆေးဝါးထုတ်လုပ်ရေး၊ သင်ကြားရေး၊ သုတေသန စသည့် နယ်ပယ်အသီးသီးတွင် အရည်အချင်းပြည့်မီပြီး စိတ်ဓာတ်ကောင်းမွန်သော ပုဂ္ဂိုလ်များ လုံလောက်သောအရေအတွက်ရှိရန်၊ အဆောက်အအုံ၊ စက်ပစ္စည်း၊ ပရိဘောဂ အစရှိသည့် အခြေခံအဆောက်အအုံများ ပြည့်စုံရန်၊ လက်ရှိအနေအထားများကို မှန်မှန်ကန်ကန် သုံးသပ်ရှုမြင်ပြီး ပိုမိုတိုးတက်အောင် ဖော်ဆောင်နိုင်မည့် နည်းလမ်းများ ပေါ်ထွက်လာရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် လက်ရှိသင်ကြားနည်းစနစ်များ၊ လက်ရှိဆေးရုံများတွင် သုံးစွဲနေသော ဆေးနှင့် ဆေးပစ္စည်းများ၊ ကုထုံးများကို ပြန်လည်သုံးသပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းစနစ်များကို ပြန်လည်သုံးသပ်ခြင်းနှင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ရှာဖွေခြင်း၊ တိုင်းရင်းဆေးရုံ၊ ဆေးခန်းများတွင် သမားစဉ်ကုထုံးနည်းစနစ်နှင့် အစွမ်းထက်ဆေးဝါးများ ဖော်ထုတ်၍ လက်တွေ့အကောင်အထည်ဖော် သုံးစွဲနိုင်အောင် ဆောင်ရွက်ခြင်းတို့ကို ဖော်ဆောင်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**သတ္တုတွင်းဝန်ကြီးဌာန** ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ထုတ်လုပ်မှုစရိတ် ကျခံဆောင်ရွက်ခြင်းမရှိဘဲ ပုဂ္ဂလိကနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပုဂ္ဂလိကထုတ်လုပ်မှုမှ ရရှိသည့် သတ္တုအပေါ် ငွေ သို့မဟုတ် ပစ္စည်းကို အချိုးဖြင့် ရယူဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ကုန်ကျစရိတ်အနေဖြင့် စီမံခန့်ခွဲမှုစရိတ်သာ ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ စရိတ်စိုက်ထုတ်မှု သက်သာခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခြင်း၊ နိုင်ငံတော်အတွက် ဝင်ငွေပိုမိုရရှိခြင်း စသည့်အားသာချက်များ ရရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၁၇ ဒသမ ၃၀၈ ဘီလီယံ၊ ၂၀၁၅ - ၂၀၁၆ ပြုပြင်ပြီး ခန့်မှန်းခြေအရ ငွေကျပ် ၂၅၅ ဒသမ ၄၂၅ ဘီလီယံနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လျာထားချက်မှာ ငွေကျပ် ၂၆၀ ဒသမ ၂၂၉ ဘီလီယံ ဖြစ်ပါကြောင်း၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေအရ အမြတ်ရရှိမှုသည် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်ထက် ငွေကျပ် ၆၁ ဒသမ ၈၈၃ ဘီလီယံ လျော့နည်းသွားပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကမ္ဘာ့သတ္တုဈေးနှုန်းကျဆင်းမှုကြောင့် ဝင်ငွေလျော့နည်းသဖြင့် ဌာနသို့ အချိုးပေးသွင်းမှု လျော့နည်းခြင်း၊ ထုတ်လုပ်မှုစရိတ် မကာမိသဖြင့် ရောင်းချမှုရပ်ဆိုင်းထားရခြင်း၊ အချို့လုပ်ငန်းရှင်များအနေဖြင့် လုပ်ကွက်များ ရပ်ဆိုင်းထားရခြင်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ယခင်က လုပ်ငန်းရှင်ထံမှ အချိုးကို ၄၀ ရာခိုင်နှုန်း ရယူခဲ့ရမှ ၂၅ ရာခိုင်နှုန်းသို့ ဖြေလျှော့ပေးခြင်း၊ ကျောက်မျက်ရတနာပြပွဲများတွင် ဝန်ဆောင်မှုအဖြစ် ပုဂ္ဂလိကကျောက်မျက်လုပ်ငန်းရှင်များ၏ ရောင်းရငွေအပေါ် သုံးရာခိုင်နှုန်း ကောက်ခံခြင်းကို ဖြေလျှော့ပေးခဲ့ခြင်း စသည့် အချက်များကြောင့် ဝန်ကြီးဌာန၏ ဝင်ငွေလျော့ကျသွားပြီး လစာနှင့် ပင်စင်စရိတ်များ တိုးမြှင့်ပေးခြင်းတို့ကြောင့် အသုံးစရိတ်တက်လာခြင်း စသည့်အချက်များကြောင့် အမြတ်ငွေလျော့ကျခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ငွေကို ငွေကျပ် ၂၆၀ ဒသမ ၂၂၉ ဘီလီယံ လျာထားပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ထက် ငွေကျပ် ၄ ဒသမ ၈၀၄ ဘီလီယံ ပိုမိုလျာထားခြင်းဖြစ်ပါကြောင်း၊ အနီးဆုံးနှစ်ဖြစ်သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကို အခြေခံလျာထားရခြင်းဖြစ်သည့်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၏ အမြတ်ငွေကို ပြည့်မီခြင်းမရှိသော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ထက် ကျော်လွန်လျာထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ဇန်နဝါရီ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အစိုးရ၏အုပ်ချုပ်ရေးယန္တရား အရှိန်အဟုန်မပျက် ဆက်လက်လည်ပတ်နိုင်ရန်အတွက် ခေါင်းတွဲအဟောင်းနှင့်အသစ် ချိတ်ဆက်ရာတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးသွားရန် လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၁၈**

နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများရှိ အမြဲတမ်းအတွင်းဝန်များနှင့်တွေ့ဆုံပြီး ဌာနဆိုင်ရာလုပ်ငန်းများ စနစ်တကျလွှဲပြောင်းနိုင်ရေးအတွက် မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ ပြည်ထောင်စုဝန်ကြီးဌာနများ၏ အတွင်းဝန်များသည် အစိုးရ၏ယန္တရားကို အရှိန်အဟုန်မပျက်စေရန် ဆက်လက်မောင်းနှင်သယ်ဆောင်သွားရမည့်သူများဖြစ်ပါကြောင်း၊ မကြာမီတွင်ကျင်းပမည့် ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးမှတစ်ဆင့် အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် မဏ္ဍိုင်ကြီးသုံးရပ်ကို လက်ဆင့်ကမ်းပေးအပ်ရမည် ဖြစ်ပါကြောင်း၊ ယင်းတာဝန်မှာအလွန်အရေးကြီးပါကြောင်း၊ လက်ရှိအစိုးရအနေဖြင့် အစိုးရသစ်ထံ အာဏာလွှဲပြောင်းပေးအပ်သည့်လုပ်ငန်းစဉ်တွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရန်အတွက် အတွင်းဝန်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဌာနဆိုင်ရာလုပ်ငန်းများ စနစ်တကျလွှဲပြောင်းနိုင်ရေးအတွက် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

အစိုးရ၏အုပ်ချုပ်ရေးယန္တရား အရှိန်အဟုန်မပျက် ဆက်လက်လည်ပတ်နိုင်ရန်အတွက် ခေါင်းတွဲအဟောင်းနှင့်အသစ် ချိတ်ဆက်ရာတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း၊ ထိုသို့မဟုတ်ပါက တိုင်းပြည်အတွက် လုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်လာနိုင်ပါကြောင်း၊ အစိုးရသစ်ပေါ်ပေါက်လာချိန်တွင် အမှားအယွင်းမရှိစေရန်အတွက် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ၊ လက်ရှိဥပဒေများအတိုင်း မှန်မှန်ကန်ကန်၊ တိတိကျကျလွှဲပြောင်းနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ခေါ်ယူခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းလွှဲပြောင်းနိုင်ရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

# သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲရေးအတွက် ဇီဝမီးသွေးမှုန့်

**ထင်အောင်ရှိန် (AUAA)**

အများအားဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့တွင် သဘာဝသယံဇာတ(Natural Resources) များ ရှိကြပြီး ၎င်းသယံဇာတပေါ်တည်မှီ၍ ရှင်သန်နေထိုင်ခြင်း၊ စားနပ်ရိက္ခာထုတ်လုပ်ခြင်းစသော လူသားများ အားလုံးအတွက် အထောက်အပံ့ပြုလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ထိုကဲ့သို့ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးအတွက် မရှိမဖြစ်လိုအပ်သော **ဇီဝမီးသွေးမှုန့် (Biochar) ကို ကမ္ဘာကြီး၏ ခြိမ်းခြောက်မှုများ ဖြစ်ကြသည့် ရာသီဥတုပြောင်းလဲမှု၊ ဆင်းရဲမှု၊ စိုက်ပျိုးထုတ်လုပ်မှုများ ကျဆင်းလာမှု၊ ရေရှားပါးလာမှု၊ ဓာတ်မြေဩဇာလိုအပ်နေမှုများနှင့် လူမှုရေးနှင့် နိုင်ငံရေးများအပေါ် လွှမ်းမိုးထားမှုများ**အား ကိုင်တွယ်ဖြေရှင်းနိုင်မည့်ပစ္စည်းတစ်ခုအဖြစ် ကြော်ငြာလိုပါသည်။

**ဇီဝမီးသွေးမှုန့် (Biochar) ဆိုသည်မှာ -**

Biochar ခေါ် ဇီဝမီးသွေးမှုန့်ဆိုတာဘာလဲ ဆိုတဲ့အကြောင်း ရှေးဦးစွာ အဓိပ္ပာယ်ဖွင့်ရပါမည်။ Biochar ဆိုသည်မှာ ကာဗွန်ဓာတ်ပါဝင်မှုမြင့်မားသော ဇီဝဒြပ်ထုတစ်ခုဖြစ်ပြီး သစ်သားများ၊ သဘာဝမြေဩဇာ (သို့)သစ်ရွက်ဆွေးများကို အမြင့်ဆုံးအပူချိန်ပေးကာ လေအနည်းငယ်(သို့မဟုတ်) လုံးဝမပါရှိသောပစ္စည်းတစ်မျိုး ဖြစ်ပါသည်။ နည်းပညာဖွင့်ဆိုချက်အရပြောရလျှင် Biochar ကို အောက်ဆီဂျင်ပံ့ပိုးမှု ကန့်သတ်ထားသော အော်ဂဲနစ်ပစ္စည်းများ ဆွေးမြည့်ပါဝင်မှုဟုခေါ်လျှင် မှားမည်မဟုတ်ပါ။

စာရေးသူအနေဖြင့် နားလည်သဘောပေါက်မှု တစ်ခုကို တင်ပြလိုပါသည်။ ယခင်က စိုက်ပျိုးမြေများတွင် CHO ခေါ် ကာဗွန်၊ ဟိုက်ဒရိုဂျင်၊ အောက်ဆီဂျင် သုံးမျိုးကို သဘာဝကပံ့ပိုးပေးသည်။ စဉ်းစားစရာမလိုဟု ထင်ခဲ့မိပါသည်။ သို့သော် ယခုအခါတွင် လူသားများ အားထားရာ၊ မှီခိုရာ စိုက်ပျိုးမြေများသည် နှစ်ပေါင်းများစွာ စိုက်ပျိုးထုတ်လုပ်လာမှုကြောင့် မြေဆီလွှာအတွင်းတွင် ၎င်းဓာတ်သုံးမျိုးကို မဖြစ်မနေ ထည့်သွင်းပေးရန် လိုအပ်လာပြီဖြစ်ကြောင်း လေ့လာဆန်းစစ်မိပါသည်။

ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းကြီး ထာဝရအောင်မြင်ရေးအတွက် ဤဇီဝမီးသွေးမှုန့် (Biochar) လိုအပ်လာကြောင်းကို လက်ရှိကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်များ၊ ရာသီဥတု ဖောက်ပြန်မှုများ၊ စိုက်ပျိုးသီးနှံများ၏ တစ်ဇကအထွက်နှုန်းလျော့ကျလာမှုများက နိမိတ်ပြလျက်ရှိပါသည်။ ထို့ကြောင့် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးတို့၏ စားနပ်ရိက္ခာဖူလုံပြည့်စုံရေးအတွက် ဇီဝမီးသွေးမှုန့် (Biochar) ပြုလုပ်သုံးစွဲနည်းများကို လေ့လာသိရှိနိုင်ရန် တင်ပြလိုက်ပါသည်။

**Biochar အသုံးဝင်ပုံ-**

ဇီဝမီးသွေးမှုန့် (Biochar) သည် ယနေ့ခေတ်ကာလတွင် လွန်စွာအသုံးဝင်သော တစ်နည်းအားဖြင့် ဤကမ္ဘာမြေကြီးပေါ်တွင် အမှီပြုနေထိုင်နေကြသူ အားလုံးတို့အတွက် ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးနေသည်ကို သိရှိသူနည်းပါးနေသေးသောကြောင့် (Biochar) အသုံးဝင်ပုံကို ဖော်ပြလိုက်ပါသည်။ အထူးသဖြင့် (Biochar) သည် မြေဆီလွှာအတွင်း မရှိမဖြစ်လိုအပ်သော ရုပ်ဂုဏ်သတ္တိနှင့် ဇီဝဂုဏ်သတ္တိများကို အထောက်အပံ့ပြုသော ပစ္စည်းတစ်မျိုးဖြစ်ပြီး **စိုက်ပျိုးရေးသမားတစ်ဦးအမြင်ကို** တင်ပြရပါလျှင် **"ကမ္ဘာကြီး၏ စားနပ်ရိက္ခာလုံခြုံရေးနှင့် ဖူလုံရေးအတွက် များစွာအကျိုးပြုပေးသောပစ္စည်း"**ဟု လေ့လာသိရှိထားပါသည်။

ထို့ကြောင့် ဤကမ္ဘာပေါ်ရှိ စိုက်ပျိုးထုတ်လုပ်ရာ ဒေသအသီးသီးတို့တွင် တွေ့ကြုံရသော သဘာဝဘေးအန္တရာယ်များထဲမှ ရာသီဥတုပြောင်းလဲမှု (Climate Change) အရ စိုက်ပျိုးမြေများတွင် မိုးခေါင်မှုဒဏ်၊ သက်ရှိအဏုဇီဝများ၏ လုပ်ဆောင်ပေးမှု၊ ဓာတ်သတ္တုများ ချို့ယွင်းအားနည်းလျှင် ပိုးမွှားနှင့်ရောဂါများ ကျရောက်ဖျက်ဆီးမှုများကို ကာကွယ်စောင့်ရှောက်ပေးမည့် ဤဇီဝမီးသွေးမှုန့် (Biochar) ကို ပြုလုပ်ထည့်သွင်းသင့်ကြောင်း သတင်းကောင်းပါးရခြင်းဖြစ်ပါသည်။

> **ဇီဝမီးသွေးမှုန့် (Biochar) ကို ကမ္ဘာကြီး၏ ခြိမ်းခြောက်မှုများ ဖြစ်ကြသည့် ရာသီဥတုပြောင်းလဲမှု၊ ဆင်းရဲမှု၊ စိုက်ပျိုးထုတ်လုပ်မှုများ ကျဆင်းလာမှု၊ ရေရှားပါးလာမှု၊ ဓာတ်မြေဩဇာလိုအပ်နေမှုများနှင့် လူမှုရေးနှင့် နိုင်ငံရေး များအပေါ် လွှမ်းမိုးထားမှုများအား ကိုင်တွယ်ဖြေရှင်းနိုင်မည့်ပစ္စည်းတစ်ခု**

**Biochar ပြုလုပ်သုံးစွဲနည်း-**

ရာဇဝင်သမိုင်းကြောင်းနှင့်ပြောရလျှင် Biochar သည် မီးသွေးဖုတ်သော နည်းတစ်နည်းဖြစ်သည်ဟု ဆိုရပေမည်။ သို့ရာတွင် Biochar ၏ ထူးခြားမှုသည် Charcol (မီးသွေး)ကဲ့သို့ လောင်စာ (Fuel) အဆင့်ထုတ်လုပ်ခြင်း မဟုတ်ဘဲ ဇီဝဝတ္ထု (Biomass) များမှ အပူပေး၍ ကာဗွန်၊ အောက်ဆီဂျင်ဓာတ်များနှင့် အခြားသော ဓာတ်များ၊ အာဟာရဓာတ်များ၊ ရေထိန်းထားနိုင်မှု၊ အဏုဇီဝများ ပေါက်ပွားကြီးထွားမှု ပါဝင်အောင်ပြုလုပ်ထားသော ပစ္စည်းတစ်မျိုးဖြစ်ပါသည်။

ထို့ကြောင့် ဤကမ္ဘာမြေပေါ်ရှိ စိုက်ပျိုးရေး (Agriculture) အတွက် အထူးပံ့ပိုးပေးသော ဇီဝပစ္စည်းတစ်မျိုးကို စိုက်ပျိုးမြေ၏ (Soil and Crops Production) အတွက် ခြွင်းချက်မရှိ အပြည့်အဝ ပြုလုပ် သုံးစွဲသင့်ကြောင်း လေ့လာတွေ့ရှိတင်ပြလိုက်ပါသည်။

Biochar ပြုလုပ်သုံးစွဲနည်း အမျိုးမျိုးရှိသော်လည်း စိုက်ပျိုးရေးကဏ္ဍအတွက် ကောက်ရိုး၊ နှမ်းရိုး၊ မြေပဲရိုး၊ နေကြာရိုးစသော သီးနှံပင်များ၏အရိုး (Straw) များနှင့် သစ်ရွက်ခြောက်များ (Dry Leaves) ကို ဇီဝမီးသွေးမှုန့် (Biochar) ပြုလုပ်လျှင်ရရှိနိုင်ပါသည်။ သုံးစွဲနည်းအားဖြင့် သီးနှံစိုက်ခင်းများတွင် သီးနှံမစိုက်မီ မြေပြုပြင်ရာတွင် ထည့်သွင်းခြင်းကိုသော်လည်းကောင်း၊ နှစ်ရှည်သီးနှံပင်စိုက်ခင်းများတွင် ကွင်း (Ring) ပြုလုပ်၍ ၎င်းကွင်းနေရာတွင် ထည့်သွင်းခြင်းကိုလည်းကောင်း၊ မြေစိုက်ကျင်း (Pit) အတွင်းထည့်သွင်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

**Biochar ၏ လက္ခဏာများ-**

အသုံးပြုသော ပစ္စည်းများပေါ်မူတည်၍ Biochar တွင်ပါဝင်သော ဓာတ်နှင့် ပမာဏအနည်းအများ ကွာခြားကြောင်းကို ဖော်ပြပါ စာရင်းဇယားကို ကြည့်ရှုခြင်းဖြင့် လေ့လာသိရှိနိုင်ပါသည်။

ဖော်ပြပါ Feed Stock များတွင် ဓာတ်ခွဲစမ်းသပ်တွေ့ရှိချက်များသည် မြေဆီလွှာအတွင်း ထည့်သွင်းအသုံးပြုမည်ဆိုပါက ၎င်းမြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနှင့် ဇီဝဂုဏ်သတ္တိများကိုရရှိစေကာ စိုက်ပျိုးသောသီးနှံများ အောင်မြင်ဖြစ်ထွန်းကြပြီး မျှော်မှန်းသော အထွက်နှုန်းရရှိစေကာ ရေရှည်တည်တံ့သော မြေဆီလွှာနှင့် စိုက်ပျိုးရေးတို့ကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။

ထို့အပြင် လူသားများအတွက် လိုအပ်နေသော အာဟာရဓာတ်များလည်း ဖြည့်ဆည်းပေးရာ ရောက်သောကြောင့် ဤ **"Biochar (ဇီဝမီးသွေးမှုန့်) ပြုလုပ်သုံးစွဲနည်း"**ကို မြန်မာနိုင်ငံတွင်နေရာဒေသမရွေး ပြုလုပ်သုံးစွဲသင့်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**ယူနစ် (မီလီဂရမ်။ကီလိုဂရမ်)**
**Unit (mg/kg)**

| Feed Stock | ပြာဓာတ် (wt %) | Al | Ca | Fe | Mg | Na | K | P | Si |
|---|---|---|---|---|---|---|---|---|---|
| အုန်းဆံခွံ | ၀. ၈ | ၁၅၀ | ၄၈၀ | ၁၉၀ | ၅၃၀ | ၁၈၀၀ | ၂၄၀၀ | ၅၀ | ၃၀၀၀ |
| အုန်းဆံဖက် | ၀. ၇ | ၇၀ | ၁၅၀၀ | ၁၂၀ | ၃၉၀ | ၁၂၀၀ | ၂၀၀၀ | ၉၀ | ၂၆၀ |
| ပြောင်းရွက် | ၂. ၈ | - | ၁၈၀ | ၂၀ | ၁၇၀၀ | ၁၄၀ | ၉၄၀၀ | ၄၅၀ | ၉၉၀၀ |
| ပြောင်းရိုး | ၆. ၈ | ၁၉၀၀ | ၄၇၀၀ | ၅၂၀ | ၅၉၀၀ | ၆၅၀၀ | ၃၀ | ၂၁၀၀ | ၁၃၀၀၀ |
| မြေပဲခွံ | ၅. ၉ | ၃၆၀၀ | ၁၃၀၀၀ | ၁၁၀၀ | ၃၅၀၀ | ၄၇၀ | ၁၈၀၀၀ | ၂၈၀ | ၁၁၀၀၀ |
| ကောက်ရိုး | ၁၉. ၈ | - | ၄၈၀၀ | ၂၀၀ | ၆၃၀၀ | ၅၁၀၀ | ၅၄၀၀ | ၇၅၀ | ၁၇၀၀၀၀ |
| စပါးခွံ | ၂၃. ၅ | - | ၁၈၀၀ | ၅၃၀ | ၁၆၀၀ | ၁၃၀ | ၉၁၀၀ | ၃၄၀ | ၂၂၀၀၀၀ |
| ဂျုံရိုး | ၁၁. ၂ | ၂၅၀၀ | ၇၇၀၀ | ၁၃၀ | ၄၃၀၀ | ၇၉၀၀ | ၂၉၀၀၀ | ၂၁၀ | ၄၄၀၀၀ |
| လွှစာမှုန့် | ၀. ၄၄ | ၉၈၀၀ | ၁၇၀၀၀၀ | ၂၉၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | - | - | - |
| ကောက်ရိုးများ | ၁၇. ၇ | ၅၈၀၀ | ၈၆၀၀ | ၃၄၀၀ | ၃၇၀၀ | ၃၅၀၀ | ၂၂၀၀၀ | ၆၀၀ | - |

# မန်းရွှေစက်တော်ဗုဒ္ဓပူဇနီယဘုရားပွဲတော်တွင် ဘုရားဖူးများ အဆင်ပြေရေး မျှော်လင့်



**မင်းဘူး ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံအတွင်း ရက်အရှည်ကြာဆုံးပွဲတော်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် မန်းရွှေစက်တော်ဘုရားပွဲအား တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ တည်းခိုဆောင်၊ တည်းကျောင်းများနှင့် ဈေးဆိုင်ခန်းများအတွက် လုပ်ကိုင်ခွင့်လျှောက်လွှာများ လက်ခံနေပြီဖြစ်ကြောင်း သိရပြီး နှစ်စဉ်နှစ်တိုင်း ဘုရားဖူးပြည်သူများ ကြုံတွေ့နေရသော အစားအသောက်နှင့် တည်းခိုစရိတ် ကြီးမားမှု ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင် လိမ့်မည်ဟု ဒေသခံအများစုက မျှော်လင့်နေ ကြောင်း သိရသည်။

တည်းကျောင်း လျှောက်လွှာများကို ဇန်နဝါရီ ၈ ရက်မှ ၁၈ ရက်အတွင်း၊ ဈေးဆိုင်ခန်းလျှောက်လွှာများကို ဇန်နဝါရီ ၁၄ ရက်မှ ၃၀ ရက်အတွင်း ဆောင်ရွက်နေပြီး ယနေ့အထိ တည်းကျောင်းလျှောက်လွှာ ၃၀၀ ကျော်လာရောက် လျှောက်ထားမှုရှိကြောင်း၊ နှစ်စဉ်အမည်ပေါက် ဈေးဆိုင်ခန်းသမားများလည်း လျှောက်လွှာတင်၊ငွေသွင်းမှုများ ဆောင်ရွက်နေကြပြီး ယင်းတို့၏အစီအစဉ်ဖြင့် ဈေးဆိုင်ခန်းများ ဆောက်လုပ်ရန်ပြင်ဆင်နေပြီဖြစ်ကြောင်း ရွှေစက်တော်ဘုရား ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

နွေဦးပွဲတော်ဟု တင်စားကြသည့် မန်းရွှေစက်တော်ဘုရားပွဲတွင် နှစ်စဉ်တည်းကျောင်းခဈေးကြီးမှု၊ အစားအသောက်ဈေးမြင့်မားမှုများ ရှိခဲ့သည့်အနက် ယမန်နှစ်မှစ၍ ဘူဖေးစားသောက်ဆိုင်များ ရှိလာခြင်းကြောင့် မှန်ကန်သော သတ်မှတ်ဈေးနှုန်းများဖြစ်ပေါ်လာပြီး တည်းကျောင်းခနှုန်းထားများမှာမူ ယမန်နှစ်ကသာမန်ပွဲတော်ရက်များမှအပ အစိုးရရုံးပိတ်ရက်များ၊ မြန်မာနှစ်သစ်ကူးကာလများတွင် အမြင့်ဆုံးနှုန်းထားတစ်ခုသို့ ရောက်ရှိကာ ဘုရားဖူးများအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ်ရှိနေခဲ့သည်ဟု ဒေသခံများက ဆိုသည်။

ယခုနှစ်ပွဲတော်သည် ဝါနှစ်ခါထပ်၍ ယမန်နှစ်များကဲ့သို့ သုံးလခန့် ကျင်းပနိုင်မည်မဟုတ်ဘဲ ရက် ၂၀ ကျော်သာကျင်းပနိုင်မည်ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံမှု တွက်ခြေကိုက်စေရန် တည်းကျောင်းငှားရမ်းခများ ပိုများလာနိုင်ကြောင်း ဒေသခံအချို့က ထင်မြင်ယူဆနေကြသည်။

ပုဂ္ဂလိကတည်းခိုဆောင်(တည်းကျောင်း) လုပ်ကိုင်ခွင့်လျှောက်ထားပြီး လုပ်ကိုင်ခွင့်ရရှိသူများအတွက် လိုက်နာရမည့် စည်းကမ်းချက် ၁၈ ချက်ကို လျှောက်လွှာများ စတင်လျှောက်ထားစဉ်ကပင် လျှောက်ထားသူက ဝန်ခံကတိပြု လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သော်လည်း စည်းကမ်းများအပေါ် လိုက်နာမှု အားနည်းကြကြောင်း ဒေသခံများက ဝေဖန်ပြောဆိုသည်။

"စည်းကမ်းတွေထဲမှာ တည်းကျောင်းရတဲ့သူ (အဖွဲ့အစည်း၊ ဌာနဆိုင်ရာ၊ ပုဂ္ဂလိက) အနေနဲ့ တစ်ဆင့်လွှဲပြောင်း ရောင်းချလို့မရဘူး။ တည်းကျောင်းခနှုန်းထားတွေကိုလည်း ဘုရားဖူးပြည်သူတွေမြင်အောင် ကပ်ထားရမယ်။ သတ်မှတ်ပြေစာနဲ့ကောက်ရမယ်လို့ပါတယ်။ ဒါပေမယ့် လိုက်နာမှုမရှိကြဘူး။ တစ်ဆင့်ပြန်ရောင်းတဲ့သူတွေများတယ်။ လျှောက်လွှာစခေါ်ကတည်းက နှစ်စဉ်ရနေကြအဖွဲ့အစည်းတွေဆီကို အမြတ်ပေးဝယ်ယူဖို့ ကမ်းလှမ်းတာတွေရှိနေပြီလို့လည်း ကြားရတယ်။ ဂေါပက သွင်းဈေးကမများပေမယ့် တစ်ဆင့်ကနေတစ်ဆင့် လက်ဆင့်ကမ်းရောင်းကြတော့ တကယ်လုပ်မယ့်သူလက်ထဲလည်းရောက်ရော တည်းကျောင်းတန်ဖိုးက အရမ်းများနေပြီ။ လူစည်တဲ့ရက်တွေမှာ သတ်မှတ်ဈေးနဲ့ ဦးရာလူစနစ်ငှားရမှာကို ဈေးပိုပေးပြီး အခန်းလုကြတဲ့ ဘုရားဖူးတွေဘက်ကလည်း အကျင့်ပျက်အောင် မလုပ်ဖို့တော့လိုပါတယ်။ ဝမ်းရေးထက်ပိုပြီး ဘုရားကိုအမှီပြု အမြတ်ထုတ်နေသူတွေကို တာဝန်ရှိသူတွေက ဝိုင်းဝန်းတားဆီးပေးစေချင်ပါတယ်"ဟု မင်းဘူးမြို့ ဒေသခံတစ်ဦးက သူ၏ထင်မြင်ချက်အား ပြောသည်။

"ဒီနှစ် ဘုရားပွဲတော်မှာ တည်းခိုဆောင်လုပ်ငန်းလုပ်ကိုင်ခွင့်ချထားရေးကိစ္စ၊လုပ်ငန်းတင်ဒါကိစ္စနဲ့ စည်းကမ်းလိုက်နာမှုအပိုင်းတွေမှာ ပြုပြင်ပြောင်းလဲဖို့၊ ကြပ်မတ်ဖို့အစီအစဉ်တွေရှိပါတယ်။ အသေးစိတ် ဆွေးနွေးခြင်း မပြုရသေးတဲ့အတွက် ဘယ်လိုကိစ္စတွေမှာ ဘယ်လောက်အထိပြုပြင်ပြောင်းလဲမယ်ဆိုတာကိုတော့ ပြောလို့မရသေးပါဘူး" ဟု ရွှေစက်တော်ဘုရားဂေါပကမှ စီမံအထွေထွေတာဝန်ခံ ဦးစိုးတင့်က ဆိုသည်။

မျက်မှောက်ကာလတွင် အဖွဲ့အစည်းအသီးသီး၌ ပြည်သူ့ဆန္ဒ၊ အများဆန္ဒကိုအခြေခံသော လုပ်ဆောင်ချက်များ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာမှုနှင့်အတူ ပြည်တွင်းဘုရားဖူးခရီးသွားပြည်သူများ၏ ကောင်းမွန်သော ကုသိုလ်တရားများကို ကူညီဖြည့်ဆည်းပြီး မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်လိမ့်မည်ဟု ဒေသခံအများစုက မျှော်လင့်နေကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မော်တော်ယာဉ် တင်သွင်းခွင့်ပြုရာတွင် ရောက်ရှိခုနှစ်နှင့် တစ်နှစ်နိမ့်မော်ဒယ်ကားသစ် တင်သွင်းခြင်းအတွက် ဘယ်မောင်းသာခွင့်ပြု

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း ၆ ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတင်ပြအတည်ပြုချက်ရယူခြင်း၊ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက ယာဉ်ကြောမပိတ်ဆို့ရေးနှင့် ယာဉ်ရပ်နားရန်နေရာများ အမြန်ဆုံးစီစဉ်ပေးရန်အတွက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ပေးပါရန်၊ ၁၈ နှစ်ပြည့်ပြီးသောသူများ တစ်ဦးချင်းကားတစ်စီးတင်သွင်းခွင့် လျှောက်ထားနိုင်သည်ကို အမြန်ဆုံးရပ်တန့်ရန်နှင့် ကားသစ်များသာ တင်သွင်းရောင်းချသည့် Showroom ကြီးများမှ ဝယ်ယူသူများမှာ ကား Parking ရှိကြောင်း ထောက်ခံစာအဆင့်ဆင့် **“ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းမှတစ်ဆင့် ပြည်ထောင်စုအဆင့်ထိ”** ရယူနေရခြင်းကြောင့် အဂတိလိုက်စားမှုများ ဖြစ်ပေါ်စေခြင်းနှင့် နိုင်ငံတွင်း လမ်းစည်းကမ်းနှင့် ကိုက်ညီသော ဘယ်မောင်းကားများသာ ပြောင်းလဲသုံးစွဲမှုကို အမြန်ပြောင်းလဲဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးအတွက် လမ်းဆုံနေရာများတွင် ခုံးကျော်တံတားများ တည်ဆောက်ပေးခြင်း၊ အသစ်ထပ်မံဆောက်လုပ်မည့် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကားရပ်နားရန် နေရာပါရှိသော အဆောက်အအုံများကိုသာ ဆောက်လုပ်စေခြင်း၊ မော်တော်ယာဉ်များ ညအိပ်ရပ်နားထားရှိနိုင်ရန်အတွက် ကားပါကင်သီးသန့် အဆောက်အအုံများ ဆောက်လုပ်ပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်ကြောကျပ်တည်းမှု မဖြစ်ပေါ်စေရန် ဟိုတယ်များနှင့် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခြင်းကို ကားပါကင်ပါရှိခြင်း ရှိ၊ မရှိ စိစစ်ပြီးမှသာ ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့ ပါဝင်သော မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီကို ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါကော်မတီအနေဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ ပိုမိုပြည့်စုံစွာ စီစဉ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ မော်တော်ယာဉ်နှင့် သက်ဆိုင်သော အဖွဲ့အစည်းများ၊ ပညာရှင်ပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။


ဒုတိယဝန်ကြီး
ဒေါက်တာပွင့်ဆန်း


ရေဖြူမဲဆန္ဒနယ်မှ
ဦးဝင်းဦး

ကားပါကင်ခွင့်ပြုမိန့်လျှောက်ထားခြင်းအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အခကြေးငွေကောက်ခံခြင်း၊ လျှောက်လွှာပုံစံ ရောင်းချခြင်းများ လုံးဝမရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကားပါကင်ခွင့်ပြုမိန့် ထုတ်ပေးခြင်းဆိုင်ရာ ခရိုင်၊ မြို့နယ်စိစစ်ရေးအဖွဲ့များသို့ တင်းကျပ်စွာ ထိန်းကွပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကားပါကင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ အခကြေးငွေတောင်းခံမှုများရှိပါကလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုင်ကြားပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါကြောင်းနှင့် မော်တော်ယာဉ်ဝယ်ယူအသုံးပြုသူတစ်ဦးအနေဖြင့် မိမိပိုင်ဆိုင်သည့် ဧရိယာအတွင်း မော်တော်ယာဉ်ထားရှိရန်နေရာရှိမှသာ ဝယ်ယူသင့်သဖြင့် ကားပါကင်ခွင့်ပြုမိန့်အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစပြီး မော်တော်ယာဉ် တင်သွင်းခွင့်ပြုရာတွင် ရောက်ရှိခုနှစ်နှင့် တစ်နှစ်နိမ့်မော်ဒယ်ကားသစ်တင်သွင်းခြင်းအတွက် ဘယ်မောင်းသာ ခွင့်ပြုလျက်ရှိပါကြောင်း၊ ထို့ပြင် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၅ အရ မော်တော်ယာဉ်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေတွင် **ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ရည်ရွယ်၍ လက်ယာကပ်မောင်းစနစ်နှင့် ကိုက်ညီသည့် ဘယ်မောင်းယာဉ်များသာ အသုံးပြုရန်**ဟု ဖော်ပြထားသည့်အတွက် သက်ဆိုင်ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ နည်းဥပဒေရေးဆွဲထုတ်ပြန်ရာတွင် ကျယ်ပြန့်စွာ ပါဝင်စေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နိုင်က ကိုးကန့်ဒေသ လူ့အရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုမှ ကာကွယ်ရန်နှင့် ပညာပေးပြန်လည်ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် ဆေးကုသစခန်းနှင့် ပြန်လည်ထူထောင်ရေးစခန်း(ခွဲ) ဖွင့်လှစ်ပေးမည့် အစီအစဉ်ကို သိရှိလိုသည့် မေးခွန်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မူးယစ်ဆေးဝါးသုံးစွဲသူများအား ဆေးဝါးကုသပေးခြင်းကို လောက်ကိုင်ခရိုင်ဆေးရုံကြီးတွင် ဖွင့်လှစ်ထားရှိသည့် မူးယစ်ဆေးစွဲရောဂါကုဌာနငယ်တွင် ကုသပေးနိုင်မည်ဖြစ်ပြီး လိုအပ်သော ကုသမှုပြီးစီးပါက ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် လားရှိုးပြန်လည် ထူထောင်ရေးစခန်းတွင် ရက်သတ္တပတ် ဆယ်ပတ်ကြာ သင်တန်းဖွင့်လှစ် လေ့ကျင့်ပေးနိုင်သည့်အပြင် သင်တန်းဆင်းပြီးသည့် သင်တန်းသားများအား စောင့်ကြည့်ကြပ်မတ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်မည့် ရပ်ရွာအခြေပြုစေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းကို စိတ်ပါဝင်စားသူ ဒေသခံများအား လောက်ကိုင်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ တစ်လကြာ ပို့ချလေ့ကျင့်ပေးနိုင်ပြီဖြစ်သည့်အတွက် ရန်လုံကျိုင်းပြုပြင်ထိန်းသိမ်းရေး စခန်းဟောင်းအား ဆေးကုသရေးစခန်းနှင့် ပြန်လည်ထူထောင်ရေးစခန်းခွဲ(လားရှိုး)အဖြစ် ဖွင့်လှစ်ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် တင်သွင်းသည့် အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင်က လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော **“ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”**နှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် လွှတ်တော်နှစ်ရပ်လုံးက သဘောတူညီခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့ပြီးဖြစ်ကြောင်းကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့ အသိပေးတင်ပြသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း”**ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဒေသဖွံ့ဖြိုးရေးအတွက် ပိုမိုကောင်းမွန်သော အစီအစဉ်၊ စီမံကိန်း တစ်စုံတစ်ရာရှိမည်ဆိုပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းနှစ်ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပါအဝင် လွှတ်တော်ကော်မတီများ၏ အစီရင်ခံစာ ၅ ခုကို ဖတ်ကြားအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးနု၏ **ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပုလဲ (၃)ရပ်ကွက်ရှိ ဖွံ့ဖြိုးရေးမြေကွက်ကြီးများအား ဒေသခံပြည်သူတို့၏ တင်ပြတောင်းခံချက်နှင့်အညီ အတည်ပြုချမှတ်ပေးနိုင်ပါရန် တင်ပြချက်များအပေါ် ဆောင်ရွက်မှုအခြေအနေကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြေစီမံခန့်ခွဲမှုများကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်


ဒုတိယဝန်ကြီး
ဦးကျော်ကျော်ဝင်း

မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ၁၉၉၂ ခုနှစ်တွင် မြို့ကွက်ဖော်ထုတ်ချထားပေးပြီးဖြစ်သည့် ပါမစ်စာရင်း၊ မြို့ကွက်မြေပုံစာရင်း၊ မြို့မြေစာရင်းတို့ကို လွှဲပြောင်းပေးခဲ့ပါကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ လွှဲပြောင်းပေးပြီးသော စာရင်းများအရ ပြည်သူများ လျှောက်ထားလာသည့် မြေစီမံခန့်ခွဲမှုကိစ္စများကို ဆောင်ရွက်နေပါကြောင်း။

မြို့ကွက်ချမြေပုံ ဖော်ဆောင်ရာတွင် ရန်ကုန်မြို့ပြစီမံကိန်းနှင့် ခြုံငုံပြီး မြို့နယ်တစ်ခုချင်းအလိုက် ဈေး၊ ဆေးရုံ၊ ကျောင်း၊ မီးသတ်၊ အားကစားကွင်း စသည်တို့ကို လိုအပ်သလို ရေးဆွဲ၍ လျာထားမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်ဦးတစ်ယောက်၏ တင်ပြတောင်းဆိုမှုကိုခွင့်ပြုပါက အလားတူ တောင်းဆိုမှုများရှိလာနိုင်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ စီမံခန့်ခွဲမှုများ ဆုံးရှုံးမည်ဖြစ်ပါကြောင်း၊ မြို့ပြရပ်ကွက်တစ်ခုလုံး၏ လိုအပ်သော စီမံခန့်ခွဲမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် ပိုမိုကောင်းမွန်သော အစီအစဉ်၊ စီမံကိန်း တစ်စုံတစ်ရာ ရှိမည်ဆိုပါက သက်ဆိုင်ရာစီမံကိန်းဆောင်ရွက်မည့် ဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ **ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်းရှိ**


ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁၁)မှ ဦးနု

**ကျေးရွာများတွင် တယ်လီဖုန်း တာဝါတိုင်စိုက်ထူပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ချင်းပြည်နယ် ဖလမ်းမိုက္ကရိုစခန်းတွင် ဂျီအက်စ်အမ်စနစ်ကို ဖွင့်လှစ်ထားရှိပါကြောင်း၊ ဖလမ်းမြို့နယ်အတွင်း အသဲကွဲတောင်စခန်း၊ ရိဒ်-ဖလမ်းစခန်း၊ ဖလမ်းအော်တိုစခန်းနှင့် ဗားလုံမိုက္ကရိုဝေ့ဗ်စခန်းတို့တွင် မိုဘိုင်းရေဒီယို GSM/ UMTS စခန်း ၄ ခုကို ၂၀၁၆ ခုနှစ် ဇွန်လကုန်တွင် ဖွင့်လှစ်နိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KSGM Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အစီအစဉ် အဆင့် (၃)တွင် လျာထားပြီးဖြစ်ပါကြောင်း၊ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလိုင်စင်ရယူထားသည့် ပြည်ပအော်ပရေတာများဖြစ်သည့် တယ်လီနောမြန်မာနှင့် အော်ရီဒူးမြန်မာတို့မှ ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တာဝါတိုင်စိုက်ထူပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် **ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမား အကျိုးစီးပွားမြှင့်တင်ရေးကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ**တို့၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို လွှတ်တော်က အတည်ပြုကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများအနက် **သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ**၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေက လည်းကောင်း၊ **ဥပဒေကြမ်းကော်မတီ**၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီနှင့် ကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးတို့က လည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁ / ၂၀၁၆ )**
**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )**

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးဖြစ်၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၁ အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (၁) | ကြည်း ၁၇၉၄၃ | ဗိုလ်ချုပ် | တောက်ထွန်း |
| (၂) | ကြည်း ၁၉၆၄၂ | ဗိုလ်ချုပ် | သန်းထွတ်သိန်း |
| (၃) | ကြည်း ၁၈၀၈၆ | ဗိုလ်မှူးချုပ် | တင်စိုး |
| (၄) | ကြည်း ၁၈၈၅၆ | ဗိုလ်မှူးချုပ် | တင်စန်းနိုင် |
| (၅) | ကြည်း ၁၉၅၈၆ | ဗိုလ်မှူးချုပ် | မောင်မောင် |
| (၆) | ကြည်း ၁၅၁၃၇ | ဗိုလ်မှူးချုပ် | စိုးမြင့် |
| (၇) | ကြည်း ၁၇၄၈၀ | ဗိုလ်မှူးချုပ် | ဝင်းဆွေ |
| (၈) | လေ ၁၇၈၁ | ဗိုလ်မှူးချုပ် | သန်းလွင် |
| (၉) | ကြည်း ၁၇၃၁၉ | ဗိုလ်မှူးကြီး | အောင်သီဟ |
| (၁၀) | ကြည်း ၁၈၀၂၉ | ဗိုလ်မှူးကြီး | အောင်မြင့် |
| (၁၁) | ကြည်း ၁၈၇၀၁ | ဗိုလ်မှူးကြီး | မြင့်ဟန် |
| (၁၂) | ကြည်း ၁၉၃၀၇ | ဗိုလ်မှူးကြီး | ခင်မောင်ထွန်း |
| (၁၃) | ကြည်း ၂၀၁၀၃ | ဗိုလ်မှူးကြီး | ထွန်းသန်းအုန်း |
| (၁၄) | ကြည်း ၂၁၈၈၁ | ဗိုလ်မှူးကြီး | ထွန်းမြတ်ရွှေ |
| (၁၅) | ကြည်း ၂၃၁၅၈ | ဗိုလ်မှူးကြီး | မင်းသန်း |
| (၁၆) | ကြည်း ၂၆၂၃၉ | ဒုတိယဗိုလ်မှူးကြီး | မြဦး |
| (၁၇) | လေ ၂၁၂၇ | ဒုတိယဗိုလ်မှူးကြီး | မောင်မောင်ဦး |
| (၁၈) | ကြည်း ၁၉၅၃၆ | ဒုတိယဗိုလ်မှူးကြီး | စိုးမြင့်အောင် |
| (၁၉) | ကြည်း ၂၀၁၉၃ | ဒုတိယဗိုလ်မှူးကြီး | ညီညီလွင် |
| (၂၀) | ကြည်း ၂၁၈၈၀ | ဒုတိယဗိုလ်မှူးကြီး | သိမ်းထွဋ် |
| (၂၁) | ကြည်း ၂၂၄၆၂ | ဒုတိယဗိုလ်မှူးကြီး | ထွန်းလင်းဦး |
| (၂၂) | ကြည်း ၂၂၆၃၅ | ဒုတိယဗိုလ်မှူးကြီး | ခင်မောင်ဆွေ |
| (၂၃) | ကြည်း ၂၂၆၄၈ | ဒုတိယဗိုလ်မှူးကြီး | မိုးကျော် |
| (၂၄) | ကြည်း ၂၃၉၈၀ | ဒုတိယဗိုလ်မှူးကြီး | ကျော်လင်းဦး |
| (၂၅) | ကြည်း ၂၄၂၃၀ | ဒုတိယဗိုလ်မှူးကြီး | လှနိုင် |
| (၂၆) | ကြည်း ၂၄၃၂၀ | ဒုတိယဗိုလ်မှူးကြီး | ခင်မောင်ကြည် |
| (၂၇) | ကြည်း ၂၄၈၅၇ | ဒုတိယဗိုလ်မှူးကြီး | ထိန်ဦး |
| (၂၈) | ကြည်း ၂၄၉၀၂ | ဒုတိယဗိုလ်မှူးကြီး | မိုးကျော်ဦး |
| (၂၉) | ကြည်း ၂၄၉၂၀ | ဒုတိယဗိုလ်မှူးကြီး | ကျော်ဇေယျ |
| (၃၀) | ကြည်း ၂၅၀၆၄ | ဒုတိယဗိုလ်မှူးကြီး | ကျော်မိုးအောင် |
| (၃၁) | ကြည်း ၂၅၁၆၁ | ဒုတိယဗိုလ်မှူးကြီး | နိုင်ဇော်မင်း |
| (၃၂) | ကြည်း ၂၅၂၅၇ | ဒုတိယဗိုလ်မှူးကြီး | မျိုးထက်ဝင်း |
| (၃၃) | ကြည်း ၂၅၅၀၄ | ဒုတိယဗိုလ်မှူးကြီး | ဒေါ်စိုးစိုးမြင့် |
| (၃၄) | ကြည်း ၂၅၈၀၄ | ဒုတိယဗိုလ်မှူးကြီး | မျိုးခိုင် |
| (၃၅) | ကြည်း ၂၆၀၇၀ | ဒုတိယဗိုလ်မှူးကြီး | ဒေါ်စန်းသီတာခင် |
| (၃၆) | ကြည်း ၂၆၂၇၇ | ဒုတိယဗိုလ်မှူးကြီး | မောင်ဘို |
| (၃၇) | ကြည်း ၂၆၇၂၃ | ဒုတိယဗိုလ်မှူးကြီး | မောင်မောင်အေး |
| (၃၈) | ကြည်း ၂၆၈၁၁ | ဒုတိယဗိုလ်မှူးကြီး | ဇော်မျိုးထက် |
| (၃၉) | ကြည်း ၂၆၈၃၉ | ဒုတိယဗိုလ်မှူးကြီး | ကျော်သီဟ |
| (၄၀) | ကြည်း ၂၇၀၅၉ | ဒုတိယဗိုလ်မှူးကြီး | ကျော်ဇင်ဝင်း |
| (၄၁) | ကြည်း ၂၇၁၀၅ | ဒုတိယဗိုလ်မှူးကြီး | သိန်းထွန်းတင် |
| (၄၂) | ကြည်း ၂၇၄၃၉ | ဒုတိယဗိုလ်မှူးကြီး | သန့်ဇင် |
| (၄၃) | ကြည်း ၂၇၄၈၅ | ဒုတိယဗိုလ်မှူးကြီး | မြင့်ဇော် |
| (၄၄) | ကြည်း ၂၇၉၇၂ | ဒုတိယဗိုလ်မှူးကြီး | မြတ်မင်းမိုး |
| (၄၅) | ကြည်း ၂၇၉၇၈ | ဒုတိယဗိုလ်မှူးကြီး | သန်းလှိုင်ဝင်း |
| (၄၆) | ကြည်း ၂၈၁၆၁ | ဒုတိယဗိုလ်မှူးကြီး | ဇော်ထွန်းဦး |
| (၄၇) | ကြည်း ၂၈၂၆၃ | ဒုတိယဗိုလ်မှူးကြီး | တိုးလွင် |
| (၄၈) | ကြည်း ၂၈၂၇၃ | ဒုတိယဗိုလ်မှူးကြီး | ဝင်းကို |
| (၄၉) | ကြည်း ၂၈၃၁၉ | ဒုတိယဗိုလ်မှူးကြီး | ဇော်နိုင်ဦး |
| (၅၀) | ကြည်း ၂၈၃၈၈ | ဒုတိယဗိုလ်မှူးကြီး | အောင်ကျော်မိုး |
| (၅၁) | ကြည်း ၂၉၁၄၉ | ဒုတိယဗိုလ်မှူးကြီး | ရန်နိုင်ကျော် |
| (၅၂) | ကြည်း ၂၉၄၇၇ | ဒုတိယဗိုလ်မှူးကြီး | မင်းသော်အေး |
| (၅၃) | ကြည်း ၂၉၅၃၀ | ဒုတိယဗိုလ်မှူးကြီး | မျိုးခိုင်အောင် |
| (၅၄) | ရေ ၃၆၃၀ | ဒုတိယဗိုလ်မှူးကြီး | ကျော်ထွန်း |
| (၅၅) | ကြည်း ၂၉၀၄၀ | ဗိုလ်မှူး | စိုင်းအိုက်လှ |
| (၅၆) | ကြည်း ၃၀၇၇၁ | ဗိုလ်မှူး | ရဲထွန်းနိုင် |
| (၅၇) | ကြည်း ၃၁၂၂၅ | ဗိုလ်မှူး | အောင်ဇင်မင်း |
| (၅၈) | ကြည်း ၂၄၀၇၉ | ဗိုလ်မှူး | နေဝင်း |
| (၅၉) | ကြည်း ၂၄၁၀၇ | ဗိုလ်မှူး | သူရိန်ဇော် |
| (၆၀) | ကြည်း ၂၄၂၁၈ | ဗိုလ်မှူး | စိန်ထွန်း |
| (၆၁) | ကြည်း ၂၅၂၅၁ | ဗိုလ်မှူး | သိန်းထွန်း |
| (၆၂) | ကြည်း ၂၅၂၉၅ | ဗိုလ်မှူး | ဇော်ဇော်မိုး |
| (၆၃) | ကြည်း ၂၆၂၅၇ | ဗိုလ်မှူး | ဇော်ဝင်းနိုင် |
| (၆၄) | ကြည်း ၂၇၂၄၆ | ဗိုလ်မှူး | ဇင်လင်း |
| (၆၅) | ကြည်း ၂၇၄၀၂ | ဗိုလ်မှူး | မြင့်မောင် |
| (၆၆) | ကြည်း ၂၉၀၉၅ | ဗိုလ်မှူး | မြတ်ကို |
| (၆၇) | ကြည်း ၂၉၁၈၂ | ဗိုလ်မှူး | ရဲနိုင်လွင် |
| (၆၈) | ကြည်း ၂၉၃၃၈ | ဗိုလ်မှူး | ရဲစိုး |
| (၆၉) | ကြည်း ၂၉၇၀၉ | ဗိုလ်မှူး | ထင်အောင်ကျော် |
| (၇၀) | ကြည်း ၂၉၇၇၂ | ဗိုလ်မှူး | တင်အောင်ဝင်း |
| (၇၁) | ကြည်း ၂၉၇၇၇ | ဗိုလ်မှူး | စိုးသူ |
| (၇၂) | ကြည်း ၃၀၁၀၅ | ဗိုလ်မှူး | ဇင်မျိုးလတ် |
| (၇၃) | ကြည်း ၃၀၄၈၉ | ဗိုလ်မှူး | ကျော်ဇင်မိုး |
| (၇၄) | ကြည်း ၃၀၅၃၉ | ဗိုလ်မှူး | မြတ်သိန်း |
| (၇၅) | ကြည်း ၃၁၃၇၆ | ဗိုလ်မှူး | ထိန်လင်း |
| (၇၆) | ကြည်း ၃၁၉၁၉ | ဗိုလ်မှူး | ကျော်ဇင်လတ် |
| (၇၇) | ကြည်း ၃၂၄၁၃ | ဗိုလ်မှူး | ကျော်ကျော်ထက် |
| (၇၈) | ကြည်း ၃၃၁၇၀ | ဗိုလ်မှူး | သက်မိုးအောင် |
| (၇၉) | ကြည်း ၃၃၂၆၁ | ဗိုလ်မှူး | ဟန်စိုးထွဋ် |
| (၈၀) | ကြည်း ၃၃၅၃၉ | ဗိုလ်မှူး | နှင်းစိုး |
| (၈၁) | ကြည်း ၃၄၅၈၉ | ဗိုလ်မှူး | ရဲဝံ့ထက် |
| (၈၂) | ကြည်း ၃၄၇၅၂ | ဗိုလ်မှူး | စောကျော်အောင် |
| (၈၃) | ကြည်း ၃၄၈၉၂ | ဗိုလ်မှူး | မိုးမြင့်အောင် |
| (၈၄) | ကြည်း ၃၄၈၉၄ | ဗိုလ်မှူး | ထင်လင်းဦး |
| (၈၅) | ကြည်း ၃၅၀၇၉ | ဗိုလ်မှူး | မင်းမင်း |
| (၈၆) | ကြည်း ၃၅၃၈၃ | ဗိုလ်မှူး | သောင်းထိုက်စိုး |
| (၈၇) | ကြည်း ၃၅၉၄၅ | ဗိုလ်မှူး | နိုင်လင်း |
| (၈၈) | ကြည်း ၃၇၄၆၃ | ဗိုလ်မှူး | လွင်မောင်စိုး |
| (၈၉) | ကြည်း ၃၇၈၈၅ | ဗိုလ်မှူး | မြတ်သူရ |
| (၉၀) | ကြည်း ၃၇၉၆၄ | ဗိုလ်မှူး | ကျော်ကျော် |
| (၉၁) | ကြည်း ၃၈၂၁၉ | ဗိုလ်မှူး | မင်းဇာနည်ထွေး |
| (၉၂) | ရေ ၃၆၄၆ | ဗိုလ်မှူး | စိုးနိုင် |
| (၉၃) | ရေ ၃၆၈၁ | ဗိုလ်မှူး | မျိုးကိုကို |
| (၉၄) | ရေ ၃၆၈၉ | ဗိုလ်မှူး | အောင်ကျော်နှင်း |
| (၉၅) | ရေ ၃၇၉၇ | ဗိုလ်မှူး | တင့်လွင်စိုး |
| (၉၆) | ရေ ၄၀၃၈ | ဗိုလ်မှူး | အေးမင်းစိုး |
| (၉၇) | ရေ ၄၁၀၈ | ဗိုလ်မှူး | သီဟဇော် |
| (၉၈) | ရေ ၄၁၁၁ | ဗိုလ်မှူး | ကျော်သူရ |
| (၉၉) | လေ ၂၄၆၄ | ဗိုလ်မှူး | ရဲမြင့်လွင် |
| (၁၀၀) | လေ ၂၅၅၂ | ဗိုလ်မှူး | နေလင်းအောင် |
| (၁၀၁) | လေ ၂၅၉၉ | ဗိုလ်မှူး | စိုးမင်းအေး |
| (၁၀၂) | လေ ၂၆၀၉ | ဗိုလ်မှူး | ကျော်လင်း |
| (၁၀၃) | လေ ၂၆၄၈ | ဗိုလ်မှူး | အောင်သွင်စိုး |
| (၁၀၄) | လေ ၂၇၃၇ | ဗိုလ်မှူး | ဟိန်းမင်းထက် |
| (၁၀၅) | လေ ၂၇၄၁ | ဗိုလ်မှူး | မိုးဦးကျော် |
| (၁၀၆) | လေ ၂၈၇၉ | ဗိုလ်မှူး | ရဲသီဟထွန်း |
| (၁၀၇) | လေ ၂၈၉၆ | ဗိုလ်မှူး | မျိုးမင်းမောင် |
| (၁၀၈) | ကြည်း ၂၉၇၁၃ | ဗိုလ်မှူး/ဗိုလ်ကြီး | ကျော်မင်းဟန် |
| (၁၀၉) | ကြည်း ၂၉၇၉၁ | ဗိုလ်မှူး/ဗိုလ်ကြီး | တင်လင်း |
| (၁၁၀) | ကြည်း ၃၉၇၄၀ | ဗိုလ်မှူး/ဗိုလ်ကြီး | ထွန်းထွန်းအောင် |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂ / ၂၀၁၆)**
**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )**

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ အခန်း (၈)ပါပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ပြီးဖြစ်၍ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၁ အရ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (၁) | ကြည်း ၁၆၇၃၅ | ဗိုလ်ချုပ် | သန်းစိုး |
| (၂) | ကြည်း ၁၅၁၀၁ | ဗိုလ်မှူးချုပ် | ကိုကိုဝင်း |
| (၃) | ကြည်း ၁၇၉၇၄ | ဗိုလ်မှူးချုပ် | အောင်စန်းချစ် |
| (၄) | ကြည်း ၁၈၀၃၅ | ဗိုလ်မှူးချုပ် | ကျော်ကျော်စိုး |
| (၅) | ကြည်း ၁၉၅၂၅ | ဗိုလ်မှူးချုပ် | ခင်မောင်အေး |
| (၆) | ကြည်း ၂၀၃၃၁ | ဗိုလ်မှူးချုပ် | သက်ထွန်းအောင် |
| (၇) | ကြည်း ၁၈၀၂၀ | ဗိုလ်မှူးကြီး | အောင်ခင်ဇော် |
| (၈) | ကြည်း ၁၉၇၂၇ | ဗိုလ်မှူးကြီး | လှဝင်းအောင် |
| (၉) | ကြည်း ၁၉၇၅၃ | ဗိုလ်မှူးကြီး | သန်းထိုက် |
| (၁၀) | ကြည်း ၂၀၅၈၆ | ဗိုလ်မှူးကြီး | မြင့်ဆွေ |
| (၁၁) | ကြည်း ၂၁၅၀၃ | ဒုတိယဗိုလ်မှူးကြီး | ဇော်မိုး |
| (၁၂) | ကြည်း ၂၂၇၈၄ | ဒုတိယဗိုလ်မှူးကြီး | ထွန်းမြင့် |
| (၁၃) | ကြည်း ၂၄၉၂၇ | ဒုတိယဗိုလ်မှူးကြီး | ရဲနိုင်ဦး |
| (၁၄) | ကြည်း ၂၆၁၄၈ | ဒုတိယဗိုလ်မှူးကြီး | ကျော်စံဦး |
| (၁၅) | ကြည်း ၂၆၇၇၁ | ဒုတိယဗိုလ်မှူးကြီး | စိုးရွှေ |
| (၁၆) | ကြည်း ၂၈၂၇၄ | ဒုတိယဗိုလ်မှူးကြီး | သိန်းလွင် |
| (၁၇) | ကြည်း ၂၉၃၇၂ | ဒုတိယဗိုလ်မှူးကြီး | ဝင်းမြင့်ထွန်း |
| (၁၈) | ကြည်း ၂၉၄၈၆ | ဒုတိယဗိုလ်မှူးကြီး | ဇာနည်အောင် |
| (၁၉) | ကြည်း ၂၉၆၁၅ | ဒုတိယဗိုလ်မှူးကြီး | အောင်ကျော်ဇော |
| (၂၀) | ကြည်း ၂၉၆၄၃ | ဒုတိယဗိုလ်မှူးကြီး | တင်လင်းဦး |
| (၂၁) | ကြည်း ၂၃၀၄၈ | ဗိုလ်မှူး | ဇဝန |
| (၂၂) | ကြည်း ၂၆၂၀၉ | ဗိုလ်မှူး | အောင်နိုင်ဦး |
| (၂၃) | ကြည်း ၂၇၃၅၆ | ဗိုလ်မှူး | ဝင်းသိန်း |
| (၂၄) | ကြည်း ၂၈၆၉၃ | ဗိုလ်မှူး | တင်အောင်မိုး |
| (၂၅) | ကြည်း ၂၉၂၀၉ | ဗိုလ်မှူး | ကျော်နိုင်ဌေး |
| (၂၆) | ကြည်း ၃၀၅၆၆ | ဗိုလ်မှူး | နေမျိုးကျော် |
| (၂၇) | ကြည်း ၃၀၅၇၇ | ဗိုလ်မှူး | တင်မောင်ဝင်း |
| (၂၈) | ကြည်း ၃၁၂၇၄ | ဗိုလ်မှူး | မောင်မောင်ငြိမ်း |
| (၂၉) | ကြည်း ၃၁၃၁၄ | ဗိုလ်မှူး | မျိုးထွန်းအောင် |
| (၃၀) | ကြည်း ၃၁၄၀၁ | ဗိုလ်မှူး | သန်းထွန်းမြင့် |
| (၃၁) | ကြည်း ၃၁၉၃၃ | ဗိုလ်မှူး | နေအောင်ဦး |
| (၃၂) | ကြည်း ၃၂၄၇၅ | ဗိုလ်မှူး | ဇော်လင်းအောင် |
| (၃၃) | ကြည်း ၃၃၁၅၂ | ဗိုလ်မှူး | သိန်းဘိုဘိုထွေး |
| (၃၄) | ကြည်း ၃၃၄၄၅ | ဗိုလ်မှူး | ဝင်းနိုင် |
| (၃၅) | ကြည်း ၃၃၅၀၉ | ဗိုလ်မှူး | ရဲဝင့်စိုး |
| (၃၆) | ကြည်း ၃၃၅၁၀ | ဗိုလ်မှူး | ရဲမင်းထွေး |
| (၃၇) | ကြည်း ၃၃၅၁၈ | ဗိုလ်မှူး | မျိုးမောင်သိန်း |
| (၃၈) | ကြည်း ၃၃၅၆၅ | ဗိုလ်မှူး | မျိုးမင်းသန့် |
| (၃၉) | ကြည်း ၃၄၀၄၂ | ဗိုလ်မှူး | အောင်ကိုမင်း |
| (၄၀) | ကြည်း ၃၄၇၁၁ | ဗိုလ်မှူး | တင့်လွင်အေး |
| (၄၁) | ကြည်း ၃၄၈၇၇ | ဗိုလ်မှူး | ဇော်ထွန်း |
| (၄၂) | ကြည်း ၃၅၁၈၈ | ဗိုလ်မှူး | နိုင်ဝင်းလတ် |
| (၄၃) | ကြည်း ၃၅၃၅၄ | ဗိုလ်မှူး | သိန်းလွင်ဌေး |
| (၄၄) | ကြည်း ၃၅၃၅၇ | ဗိုလ်မှူး | သက်ဝင်း |
| (၄၅) | ကြည်း ၃၅၄၅၃ | ဗိုလ်မှူး | ကိုကိုနိုင် |
| (၄၆) | ကြည်း ၃၅၆၀၀ | ဗိုလ်မှူး | သန်းဇော်ထွန်း |
| (၄၇) | ကြည်း ၃၆၂၅၃ | ဗိုလ်မှူး | ဖြိုးဝေတင့် |
| (၄၈) | ကြည်း ၃၈၃၉၂ | ဗိုလ်မှူး | ဟိန်းမင်းစိုး |
| (၄၉) | ကြည်း ၃၈၄၈၀ | ဗိုလ်မှူး | ဝင်းနိုင်ဦး |
| (၅၀) | ကြည်း ၃၈၅၉၆ | ဗိုလ်မှူး | မင်းခန့် |
| (၅၁) | ကြည်း ၃၉၆၉၄ | ဗိုလ်မှူး | ထက်ကိုကိုအောင် |
| (၅၂) | ကြည်း ၄၆၉၇၇ | ဗိုလ်ကြီး | ကျော်မြတ်စိုး |
| (၅၃) | ရေ ၄၁၄၆ | ဗိုလ်မှူး | အောင်ဖြိုးကျော် |
| (၅၄) | ရေ ၄၁၅၄ | ဗိုလ်မှူး | ကိုကို |
| (၅၅) | လေ ၁၇၉၁ | ဗိုလ်မှူးချုပ် | ကျော်ဆွေဦး |
| (၅၆) | လေ ၃၀၀၅ | ဗိုလ်မှူး | မိုးဟန် |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည်စာရင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၃ / ၂၀၁၆ )**
**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)**

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည်စာရင်း ကြေညာခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးဖြစ်၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၁ အရ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| **ကချင်ပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၂၀၀၈၁ | ဗိုလ်မှူးကြီး | သူရမျိုးတင် |
| (၂) | ကြည်း ၂၄၃၂၉ | ဗိုလ်မှူး | အောင်ဆန်းဝင်း |
| (၃) | ကြည်း ၂၇၉၄၄ | ဗိုလ်မှူး | တေဇာလင်း |
| (၄) | ကြည်း ၂၈၃၉၈ | ဗိုလ်မှူး | စိုးနိုင် |
| (၅) | ကြည်း ၃၁၂၉၇ | ဗိုလ်မှူး | သောင်းအေး |
| (၆) | ကြည်း ၃၂၃၆၄ | ဗိုလ်မှူး | မျိုးသူအောင် |
| (၇) | ကြည်း ၃၄၉၅၆ | ဗိုလ်မှူး | ဇော်လင်းအောင် |
| (၈) | ကြည်း ၃၅၄၆၈ | ဗိုလ်မှူး | လှိုင်ဖြိုးဝေ |
| (၉) | ကြည်း ၃၆၉၁၄ | ဗိုလ်မှူး | ဝင်းမျိုးအောင် |
| (၁၀) | ကြည်း ၃၈၁၇၀ | ဗိုလ်မှူး | ဆန်းကျော်သူ |
| (၁၁) | ကြည်း ၂၈၄၇၇ | ဗိုလ်မှူး/ဗိုလ်ကြီး | သက်ထွန်းဦး |
| (၁၂) | ကြည်း ၄၃၂၀၃ | ဗိုလ်ကြီး | ဖြိုးဝေမြင့် |
| (၁၃) | ကြည်း ၄၇၇၄၂ | ဗိုလ်ကြီး | ကောင်းမြတ်သူ |
| **ကယားပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၂၂၅၈၂ | ဗိုလ်မှူးကြီး | ဇော်မျိုးတင် |
| (၂) | ကြည်း ၂၂၆၀၃ | ဗိုလ်မှူး | နေထွန်း |
| (၃) | ကြည်း ၂၆၇၂၄ | ဗိုလ်မှူး | မင်းသူ |
| (၄) | ကြည်း ၃၅၈၁၂ | ဗိုလ်မှူး | အောင်ခိုင်စိုး |
| (၅) | ကြည်း ၃၀၆၄၀ | ဗိုလ်ကြီး | မျိုးမြင့် |
| **ကရင်ပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၁၈၆၃၇ | ဗိုလ်မှူးကြီး | အောင်လွင် |
| (၂) | ကြည်း ၂၈၂၈၈ | ဒုတိယဗိုလ်မှူးကြီး | မင်းရဲထွေး |
| (၃) | ကြည်း ၃၂၃၇၇ | ဗိုလ်မှူး | ထင်လင်းကျော် |
| (၄) | ကြည်း ၃၂၄၁၄ | ဗိုလ်မှူး | ဟိန်းမောင်မြင့် |
| (၅) | ကြည်း ၃၆၂၁၇ | ဗိုလ်မှူး | တေဇာအောင် |
| (၆) | ကြည်း ၃၀၇၄၅ | ဗိုလ်ကြီး | ဦးကျော်အေး |
| **ချင်းပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၂၁၀၂၃ | ဗိုလ်မှူးကြီး | ကျော်ကျော် |
| (၂) | ကြည်း ၃၄၇၂၄ | ဗိုလ်မှူး | တင်အောင်မိုး |
| (၃) | ကြည်း ၃၅၄၁၉ | ဗိုလ်မှူး | အာကာကျော်မိုး |
| (၄) | ကြည်း ၄၂၅၇၇ | ဗိုလ်ကြီး | ဉာဏ်ထွဋ်ဆွေ |
| (၅) | ကြည်း ၄၃၃၆၇ | ဗိုလ်ကြီး | ဖြိုးဖြိုး |
| (၆) | ကြည်း ၅၂၅၅၈ | ဗိုလ်ကြီး | ပြည့်ဟိန်း |
| **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၁၆၆၆၇ | ဗိုလ်မှူးကြီး | ကျော်သန့်နိုင် |
| (၂) | ကြည်း ၂၁၀၅၇ | ဗိုလ်မှူး | ဖုန်းမြင့်နိုင် |
| (၃) | ကြည်း ၃၀၄၁၉ | ဗိုလ်မှူး | သက်နိုင်ဦး |
| (၄) | ကြည်း ၃၀၅၈၇ | ဗိုလ်မှူး | သန်းထိုက်အောင် |
| (၅) | ကြည်း ၃၁၃၆၆ | ဗိုလ်မှူး | သိန်းထူး |
| (၆) | ကြည်း ၃၃၄၀၄ | ဗိုလ်မှူး | အောင်သူရ |
| (၇) | ကြည်း ၃၄၇၆၅ | ဗိုလ်မှူး | သက်စိုးအောင် |
| (၈) | ကြည်း ၃၅၇၈၂ | ဗိုလ်မှူး | ကျော်သူရဝင်း |
| (၉) | ကြည်း ၃၇၂၀၇ | ဗိုလ်မှူး | နိုင်ဇင်သက် |
| (၁၀) | ကြည်း ၃၇၈၁၀ | ဗိုလ်မှူး | ကျော်သက်နိုင် |
| (၁၁) | ကြည်း ၂၇၆၀၁ | ဗိုလ်မှူး/ဗိုလ်ကြီး | သက်နိုင်အေး |
| (၁၂) | ကြည်း ၂၈၄၇၀ | ဗိုလ်မှူး/ဗိုလ်ကြီး | သက်နိုင်ဦး |
| (၁၃) | ကြည်း ၃၉၀၀၀ | ဗိုလ်မှူး/ဗိုလ်ကြီး | ဉာဏ်မင်းမောင် |
| (၁၄) | ကြည်း ၂၈၅၆၆ | ဗိုလ်ကြီး | ကျော်မင်း |
| (၁၅) | ကြည်း ၃၁၂၆၁ | ဗိုလ်ကြီး | ဘရီ |
| (၁၆) | ကြည်း ၃၂၆၇၀ | ဗိုလ်ကြီး | နိုင်ဝင်း |
| (၁၇) | ကြည်း ၃၂၇၁၇ | ဗိုလ်ကြီး | မောင်မောင်မြင့် |
| (၁၈) | ကြည်း ၃၅၀၇၅ | ဗိုလ်ကြီး | ကျော်ဝင်းလှိုင် |
| (၁၉) | ကြည်း ၃၆၀၀၁ | ဗိုလ်ကြီး | ဝင်းမင်းအောင် |
| (၂၀) | ကြည်း ၃၆၀၁၀ | ဗိုလ်ကြီး | ခန့်ဟိန်း |
| (၂၁) | ကြည်း ၃၆၃၁၂ | ဗိုလ်ကြီး | လွှမ်းမိုးအောင် |
| (၂၂) | ကြည်း ၄၂၆၄၀ | ဗိုလ်ကြီး | အောင်ထွန်း |
| (၂၃) | ကြည်း ၄၅၃၀၃ | ဗိုလ်ကြီး | လင်းအောင်သက် |
| (၂၄) | ကြည်း ၄၈၂၄၆ | ဗိုလ်ကြီး | ပြည့်ဖြိုးကျော် |
| (၂၅) | ကြည်း ၄၈၇၆၆ | ဗိုလ်ကြီး | ရာဇာထက် |
| **တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၁၈၉၃၇ | ဗိုလ်မှူးကြီး | ဇော်လွင် |
| (၂) | ကြည်း ၂၆၁၁၃ | ဗိုလ်မှူး | ထွန်းထွန်းဦး |
| (၃) | ကြည်း ၂၇၅၁၉ | ဗိုလ်မှူး | ဆွေလွင်အောင် |
| (၄) | ကြည်း ၃၀၆၆၈ | ဗိုလ်မှူး | လှထွန်း |
| (၅) | ကြည်း ၃၅၁၄၃ | ဗိုလ်မှူး | ငွေစိုး |
| (၆) | ကြည်း ၃၆၂၄၁ | ဗိုလ်မှူး | ကျော်ရဲမြင့် |
| (၇) | ကြည်း ၄၃၂၅၉ | ဗိုလ်ကြီး | သက်နိုင်စိုး |
| **ပဲခူးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၁၆၄၃၈ | ဗိုလ်မှူးကြီး | ခင်မောင်ဌေး |
| (၂) | ကြည်း ၂၉၆၈၂ | ဗိုလ်မှူး | မြတ်လှိုင် |
| (၃) | ကြည်း ၂၉၆၉၉ | ဗိုလ်မှူး | တင်မျိုးနောင် |
| (၄) | ကြည်း ၂၃၉၅၈ | ဗိုလ်မှူး | ကိုကိုလတ် |
| (၅) | ကြည်း ၂၃၉၇၄ | ဗိုလ်မှူး | သိန်းလွင်ဦး |
| (၆) | ကြည်း ၂၄၁၈၇ | ဗိုလ်မှူး | အောင်ကျော်မိုး |
| (၇) | ကြည်း ၂၆၁၆၆ | ဗိုလ်မှူး | ဇော်လွင် |
| (၈) | ကြည်း ၂၈၃၆၁ | ဗိုလ်မှူး | သိန်းခိုင်မြင့် |
| (၉) | ကြည်း ၂၉၁၄၈ | ဗိုလ်မှူး | ဖြိုးမင်းသန့် |
| (၁၀) | ကြည်း ၃၀၀၈၃ | ဗိုလ်မှူး | ရဲမောင် |
| (၁၁) | ကြည်း ၃၃၅၃၁ | ဗိုလ်မှူး | နိုင်ဝင်းဌေး |
| (၁၂) | ကြည်း ၃၄၉၀၇ | ဗိုလ်မှူး | ဖြိုးဟိန်းကျော် |
| (၁၃) | ကြည်း ၃၅၆၀၆ | ဗိုလ်မှူး | ဇေယျာဦး |
| (၁၄) | ကြည်း ၃၆၀၂၃ | ဗိုလ်မှူး | ကျော်ဝင်းထွန်း |
| (၁၅) | ကြည်း ၃၇၁၆၄ | ဗိုလ်မှူး | ပြည့်ဖြိုးဇော် |
| (၁၆) | လေ ၃၀၈၈ | ဗိုလ်မှူး/ဗိုလ်ကြီး | ရန်နိုင်စန်း |
| (၁၇) | ကြည်း ၃၃၇၇၂ | ဗိုလ်ကြီး | ကျော်မင်း |
| (၁၈) | ကြည်း ၃၅၁၃၂ | ဗိုလ်ကြီး | ခင်မောင်ဝင်း |
| (၁၉) | ကြည်း ၄၇၆၄၇ | ဗိုလ်ကြီး | နိုင်အောင်ခင် |
| **မကွေးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၂၀၅၉၅ | ဗိုလ်မှူးကြီး | နိုင်ဦး |
| (၂) | ကြည်း ၂၅၂၉၇ | ဗိုလ်မှူး | ကျော်စိုးလင်း |
| (၃) | ကြည်း ၂၇၁၈၅ | ဗိုလ်မှူး | မြင့်သီဟ |
| (၄) | ကြည်း ၂၉၅၆၄ | ဗိုလ်မှူး | ရဲမြင့် |
| (၅) | ကြည်း ၃၃၆၉၄ | ဗိုလ်မှူး | သစ်လွင် |
| (၆) | ကြည်း ၃၆၀၄၈ | ဗိုလ်မှူး | သန်းစိုးဦး |
| (၇) | ကြည်း ၃၆၁၀၆ | ဗိုလ်မှူး | မျိုးမင်းမင်း |
| (၈) | ကြည်း ၃၆၃၅၃ | ဗိုလ်မှူး | ကိုကို |
| (၉) | ကြည်း ၃၆၅၀၂ | ဗိုလ်မှူး | ဇော်ဦးလတ် |
| (၁၀) | ကြည်း ၃၆၅၄၄ | ဗိုလ်မှူး | မြတ်သူ |
| (၁၁) | ကြည်း ၂၉၉၈၉ | ဗိုလ်ကြီး | တင်ဌေး |
| (၁၂) | ကြည်း ၄၅၀၂၀ | ဗိုလ်ကြီး | ဖြူဝင်း |
| (၁၃) | ကြည်း ၄၆၈၀၄ | ဗိုလ်ကြီး | စိုးသူ |
| (၁၄) | ကြည်း ၄၇၁၇၉ | ဗိုလ်ကြီး | ဝေဖြိုးအောင် |
| (၁၅) | ကြည်း ၄၇၂၈၇ | ဗိုလ်ကြီး | ပိုင်မျိုးထက် |
| (၁၆) | ကြည်း ၄၇၄၅၆ | ဗိုလ်ကြီး | ကျော်ကိုဦး |
| (၁၇) | လေ ၃၄၀၉ | ဗိုလ်ကြီး | ဟန်ဝင်းအောင် |
| **မန္တလေးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၂၁၆၅၈ | ဗိုလ်မှူးကြီး | မျိုးမင်းအောင် |
| (၂) | ကြည်း ၂၆၀၉၇ | ဒုတိယဗိုလ်မှူးကြီး | ကျော်နိုင်စိုး |
| (၃) | ကြည်း ၂၉၅၉၅ | ဒုတိယဗိုလ်မှူးကြီး | ကျော်နိုင် |
| (၄) | ကြည်း ၂၉၅၁၈ | ဗိုလ်မှူး | ကျော်ကျော်အောင် |
| (၅) | ကြည်း ၃၁၁၆၆ | ဗိုလ်မှူး | အောင်စည်မျိုး |
| (၆) | ကြည်း ၂၁၈၆၉ | ဗိုလ်မှူး | ခင်မောင်မြင့် |
| (၇) | ကြည်း ၂၃၂၇၀ | ဗိုလ်မှူး | ဇော်မြင့် |
| (၈) | ကြည်း ၂၃၂၇၇ | ဗိုလ်မှူး | သိန်းဟန် |
| (၉) | ကြည်း ၂၄၂၃၁ | ဗိုလ်မှူး | ကျော်သူလွင် |
| (၁၀) | ကြည်း ၂၄၈၈၂ | ဗိုလ်မှူး | တင်လှိုင် |
| (၁၁) | ကြည်း ၂၅၀၉၇ | ဗိုလ်မှူး | အောင်သီဟ |
| (၁၂) | ကြည်း ၂၈၃၂၅ | ဗိုလ်မှူး | သိန်းဌေးမောင် |
| (၁၃) | ကြည်း ၃၀၅၁၉ | ဗိုလ်မှူး | ဟန်ဝင်းဇော် |
| (၁၄) | ကြည်း ၃၄၃၃၄ | ဗိုလ်မှူး | ဇော်ဇော်ရည်မွန် |
| (၁၅) | ကြည်း ၃၅၆၃၁ | ဗိုလ်မှူး | ဉာဏ်ဖြိုးခိုင် |
| (၁၆) | ကြည်း ၂၅၂၀၅ | ဗိုလ်မှူး/ဗိုလ်ကြီး | အောင်မင်းထွေး |
| (၁၇) | ကြည်း ၂၉၅၀၆ | ဗိုလ်မှူး/ဗိုလ်ကြီး | စိုးထွေးအောင် |
| (၁၈) | ကြည်း ၃၉၀၅၁ | ဗိုလ်မှူး/ဗိုလ်ကြီး | ကျော်ဇင်လတ် |
| (၁၉) | ကြည်း ၃၃၇၀၁ | ဗိုလ်ကြီး | ကျော်စွာဝင်း |
| **မွန်ပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၁၉၃၁၉ | ဗိုလ်မှူးကြီး | ဝင်းနိုင်ဦး |
| (၂) | ကြည်း ၂၀၅၇၃ | ဗိုလ်မှူး | စိုးမြင့်ဦး |
| (၃) | ကြည်း ၂၄၀၅၀ | ဗိုလ်မှူး | လှမိုးသိန်း |
| (၄) | ကြည်း ၂၈၀၃၄ | ဗိုလ်မှူး | ဇော်လင်းအောင် |
| (၅) | ရေ ၃၇၀၀ | ဗိုလ်မှူး | သိန်းဇော် |
| (၆) | ရေ ၃၈၄၅ | ဗိုလ်မှူး | အောင်မြတ်မိုး |
| (၇) | ကြည်း ၂၇၅၅၀ | ဗိုလ်မှူး/ဗိုလ်ကြီး | ကျော်စွာဦး |
| (၈) | ကြည်း ၅၁၃၂၂ | ဗိုလ်ကြီး | ဝဏ္ဏနိုင် |
| **ရခိုင်ပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၁၇၅၁၇ | ဗိုလ်မှူးကြီး | ထိန်လင်း |
| (၂) | ကြည်း ၂၄၃၂၇ | ဒုတိယဗိုလ်မှူးကြီး | ချိုဦး |
| (၃) | ကြည်း ၂၈၀၆၄ | ဒုတိယဗိုလ်မှူးကြီး | နိုင်ဝင်းအေး |
| (၄) | ကြည်း ၃၀၈၆၀ | ဗိုလ်မှူး | မင်းဦး |
| (၅) | ကြည်း ၂၂၀၀၅ | ဗိုလ်မှူး | သိန်းထွန်း |
| (၆) | ကြည်း ၂၈၃၇၅ | ဗိုလ်မှူး | အောင်ဇင်သန်း |
| (၇) | ကြည်း ၃၂၅၇၀ | ဗိုလ်မှူး | မြင့်နိုင် |
| (၈) | ကြည်း ၃၅၃၆၄ | ဗိုလ်မှူး | ဟိန်းဇေမြင့် |
| (၉) | ရေ ၃၉၀၀ | ဗိုလ်မှူး | စိုးပိုင် |
| (၁၀) | ရေ ၄၀၆၂ | ဗိုလ်မှူး | ကောင်းမြတ်စိုး |
| (၁၁) | ကြည်း ၄၂၅၉၅ | ဗိုလ်ကြီး | သက်နိုင်မြင့် |
| (၁၂) | ကြည်း ၄၈၃၅၂ | ဗိုလ်ကြီး | ကျော်သူ |
| **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | လေ ၁၇၉၃ | ဗိုလ်မှူးချုပ် | သိန်းနိုင် |
| (၂) | ကြည်း ၂၀၆၈၂ | ဗိုလ်မှူးကြီး | တင်အောင်ထွန်း |
| (၃) | ကြည်း ၃၀၀၆၄ | ဒုတိယဗိုလ်မှူးကြီး | ဇော်မျိုးထွန်း |
| (၄) | ကြည်း ၃၀၅၆၃ | ဒုတိယဗိုလ်မှူးကြီး | အေးရွှေ |
| (၅) | ရေ ၃၉၃၇ | ဒုတိယဗိုလ်မှူးကြီး | ကိုကိုမောင် |
| (၆) | ရေ ၄၀၁၂ | ဗိုလ်မှူး | သန်းနိုင် |
| (၇) | ကြည်း ၂၀၃၀၄ | ဗိုလ်မှူး | တင်ထွန်း |
| (၈) | ကြည်း ၂၄၀၃၅ | ဗိုလ်မှူး | ဝင်းနိုင်အောင် |
| (၉) | ကြည်း ၂၄၃၃၆ | ဗိုလ်မှူး | ဇော်လွင်ထွန်း |
| (၁၀) | ကြည်း ၂၅၂၄၅ | ဗိုလ်မှူး | ကျော်ဇင်ဦး |
| (၁၁) | ကြည်း ၂၇၄၀၃ | ဗိုလ်မှူး | မျိုးခိုင် |
| (၁၂) | ကြည်း ၂၇၇၆၈ | ဗိုလ်မှူး | အောင်သန်းဝင်း |
| (၁၃) | ကြည်း ၃၀၂၄၇ | ဗိုလ်မှူး | မင်းမင်းထွန်း |
| (၁၄) | ကြည်း ၃၀၅၇၅ | ဗိုလ်မှူး | သန့်ဇင်လှိုင် |
| (၁၅) | ကြည်း ၃၃၆၂၆ | ဗိုလ်မှူး | မင်းအောင်ဇော် |
| (၁၆) | ကြည်း ၃၄၆၅၁ | ဗိုလ်မှူး | နေလင်းအောင် |
| (၁၇) | ကြည်း ၃၅၉၀၆ | ဗိုလ်မှူး | ကောင်းသန့်ကျော် |
| (၁၈) | ကြည်း ၃၆၂၅၈ | ဗိုလ်မှူး | စံသာနေအောင် |
| (၁၉) | ကြည်း ၃၈၀၈၃ | ဗိုလ်မှူး | သူရိန် |
| (၂၀) | ရေ ၃၆၄၁ | ဗိုလ်မှူး | အောင်ကျော်လွင် |
| (၂၁) | ရေ ၃၉၇၈ | ဗိုလ်မှူး | ကျော်ကို |
| (၂၂) | လေ ၂၅၅၄ | ဗိုလ်မှူး | ဖုန်းဇော်အောင် |
| (၂၃) | လေ ၂၈၂၂ | ဗိုလ်မှူး | အောင်ကိုမြင့် |
| (၂၄) | လေ ၂၈၅၄ | ဗိုလ်မှူး | မျိုးမင်းထွန်း |
| (၂၅) | အင်န်- ၅၆၄ | ဗိုလ်မှူး | ဒေါ်နှင်းယုကျော် |
| (၂၆) | ကြည်း ၃၉၀၂၈ | ဗိုလ်မှူး/ဗိုလ်ကြီး | ငြိမ်းချမ်းအောင် |
| (၂၇) | ကြည်း ၃၉၀၆၇ | ဗိုလ်မှူး/ဗိုလ်ကြီး | ဟိန်းဇော် |
| (၂၈) | ကြည်း ၂၇၇၆၉ | ဗိုလ်ကြီး | ခင်မောင်ဝင်း |
| (၂၉) | ကြည်း ၃၀၆၈၂ | ဗိုလ်ကြီး | ထင်အောင်ကျော် |
| (၃၀) | ကြည်း ၃၂၄၆၉ | ဗိုလ်ကြီး | သန်းမြင့် |
| (၃၁) | ကြည်း ၄၂၉၆၃ | ဗိုလ်ကြီး | ခိုင်ဟိန်း |

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆

☆ စာမျက်နှာ ၉ မှ

**ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၉၇၂၉ | ဗိုလ်မှူးကြီး | စိုးမိုးအောင် |
| (၂) | ကြည်း ၂၉၆၉၀ | ဒုတိယဗိုလ်မှူးကြီး | သန်းလွင် |
| (၃) | ကြည်း ၃၀၅၄၅ | ဗိုလ်မှူး | ညီညီတင် |
| (၄) | ကြည်း ၂၁၃၈၄ | ဗိုလ်မှူး | စိုးသူရ |
| (၅) | ကြည်း ၂၄၁၆၆ | ဗိုလ်မှူး | သန်းထွန်းဦး |
| (၆) | ကြည်း ၂၄၉၅၆ | ဗိုလ်မှူး | ဇော်ထွန်း |
| (၇) | ကြည်း ၂၅၁၇၄ | ဗိုလ်မှူး | စောစိန်ကျော် |
| (၈) | ကြည်း ၂၅၃၀၃ | ဗိုလ်မှူး | ဝင်းဟန် |
| (၉) | ကြည်း ၂၆၁၉၀ | ဗိုလ်မှူး | အောင်မျိုးကြည် |
| (၁၀) | ကြည်း ၂၇၄၃၀ | ဗိုလ်မှူး | သိန်းဇော်ဦး |
| (၁၁) | ကြည်း ၂၇၄၈၈ | ဗိုလ်မှူး | ဇော်မိုးလွင် |
| (၁၂) | ကြည်း ၂၈၂၄၂ | ဗိုလ်မှူး | နေမျိုးဦး |
| (၁၃) | ကြည်း ၂၈၄၇၄ | ဗိုလ်မှူး | အောင်သူခိုင် |
| (၁၄) | ကြည်း ၃၀၀၈၉ | ဗိုလ်မှူး | ဇော်လင်းထွေး |
| (၁၅) | ကြည်း ၃၀၅၈၉ | ဗိုလ်မှူး | စိုးသူထွန်း |
| (၁၆) | ကြည်း ၃၁၂၅၈ | ဗိုလ်မှူး | အောင်နိုင်ထွန်း |
| (၁၇) | ကြည်း ၃၃၀၈၀ | ဗိုလ်မှူး | ကျော်ဇေယျ |
| (၁၈) | ကြည်း ၃၃၅၂၂ | ဗိုလ်မှူး | အောင်ဇော်မျိုး |
| (၁၉) | ကြည်း ၃၅၆၅၂ | ဗိုလ်မှူး | ကျော်ကျော်ဝေ |
| (၂၀) | ကြည်း ၃၅၉၃၆ | ဗိုလ်မှူး | ရီမွန် |
| (၂၁) | ကြည်း ၃၆၁၃၃ | ဗိုလ်မှူး | ဖြိုးဝေဇော် |
| (၂၂) | ကြည်း ၃၆၂၀၁ | ဗိုလ်မှူး | မျိုးမင်းသူ |
| (၂၃) | ကြည်း ၃၆၃၂၀ | ဗိုလ်မှူး | ရဲမြတ်ထွန်း |
| (၂၄) | ကြည်း ၂၉၇၅၂ | ဗိုလ်မှူး/ဗိုလ်ကြီး | ညီညီမင်း |
| (၂၅) | ကြည်း ၃၁၆၅၆ | ဗိုလ်ကြီး | မြင့်ထွန်းနိုင် |
| (၂၆) | ကြည်း ၃၃၇၃၁ | ဗိုလ်ကြီး | တေဇာအောင် |
| (၂၇) | ကြည်း ၃၃၈၀၄ | ဗိုလ်ကြီး | ပေါ်လာ |
| (၂၈) | ကြည်း ၃၄၉၀၈ | ဗိုလ်ကြီး | စိုးခိုင် |
| (၂၉) | ကြည်း ၃၅၁၉၇ | ဗိုလ်ကြီး | ဆန်းလင်း |
| (၃၀) | ကြည်း ၃၅၆၉၉ | ဗိုလ်ကြီး | အောင်ကျော်မြင့်ဝင်း |
| (၃၁) | ကြည်း ၄၃၂၀၀ | ဗိုလ်ကြီး | ကျော်ခန့် |
| (၃၂) | ကြည်း ၄၆၃၁၇ | ဗိုလ်ကြီး | မျိုးကိုကိုဝင်း |
| (၃၃) | ကြည်း ၅၁၄၇၇ | ဗိုလ်ကြီး | မြတ်မင်းအောင် |
| (၃၄) | ကြည်း ၆၀၂၃၃ | ဗိုလ်ကြီး | ကျော်ဇင်အောင် |

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၅၁၃၀ | ဗိုလ်မှူးကြီး | ကျော်စွာလှိုင် |
| (၂) | ကြည်း ၂၈၅၂၁ | ဗိုလ်မှူး | မော်သူရိန် |
| (၃) | ကြည်း ၃၆၄၄၃ | ဗိုလ်မှူး | မျိုးသန့် |
| (၄) | ရေ ၄၁၅၉ | ဗိုလ်မှူး | အောင်ပြည့်စုံ |
| (၅) | ရေ ၄၂၄၇ | ဗိုလ်မှူး | ဖြိုးသူထွန်း |
| (၆) | လေ ၂၈၈၀ | ဗိုလ်မှူး | ဝဏ္ဏစိုး |
| (၇) | လေ ၃၀၇၄ | ဗိုလ်မှူး | အောင်ကျော်မိုး |
| (၈) | ကြည်း ၂၉၇၇၀ | ဗိုလ်ကြီး | အောင်ကြည်စိုး |
| (၉) | ကြည်း ၃၁၂၈၃ | ဗိုလ်ကြီး | လင်းသက်အောင် |
| (၁၀) | ကြည်း ၃၂၅၇၂ | ဗိုလ်ကြီး | ငြိမ်းချမ်းဝင်း |
| (၁၁) | ကြည်း ၃၃၉၀၀ | ဗိုလ်ကြီး | တင်ဝင်းနိုင် |
| (၁၂) | ကြည်း ၃၄၉၆၀ | ဗိုလ်ကြီး | ကျော်ထွန်း |
| (၁၃) | ကြည်း ၃၅၀၀၀ | ဗိုလ်ကြီး | နောင်ကိုလတ် |
| (၁၄) | ကြည်း ၄၅၃၂၃ | ဗိုလ်ကြီး | ဟန်ဇော်ထွန်း |
| (၁၅) | ကြည်း ၄၈၂၀၀ | ဗိုလ်ကြီး | သိန်းတန် |
| (၁၆) | ကြည်း ၄၈၃၇၃ | ဗိုလ်ကြီး | ဇင်လင်း |
| (၁၇) | ကြည်း ၅၃၆၈၀ | ဗိုလ်ကြီး | ဇာနည်အောင် |
| (၁၈) | ကြည်း ၅၃၈၆၅ | ဗိုလ်ကြီး | ညဏ်ထွန်း |

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပိုလီယိုရောဂါပိုး အပြီးတိုင်ပပျောက်စေရန် အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဒေသအလိုက်ကာကွယ်ဆေးတိုက်နေ့များကို ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ သတ်မှတ်တိုက်ကျွေးသွားမည်ဖြစ်သည်။ ဒေသအလိုက် ကာကွယ်ဆေးတိုက်နေ့များဆိုသည်မှာ မြို့နယ်အလိုက် ပိုလီယိုရောဂါ အရိုင်းပိုး ကူးစက်ဝင်ရောက်လာနိုင်သော အန္တရာယ်ကို ဖော်ထုတ်၍ အဆိုပါမြို့နယ်များကို ရွေးချယ်ကာ အသက်အုပ်စု ကျယ်ပြန့်စွာ အစုလိုက် ပိုလီယိုကာကွယ်ဆေး (OPV) တိုက်ကျွေးခြင်းဖြစ်သည်။



မြန်မာတစ်နိုင်ငံလုံးတွင် ပိုလီယိုရောဂါပိုး ကူးစက်ပျံ့နှံ့နိုင်သည့် အန္တရာယ်ရှိသော မြို့နယ်များကို ဆန်းစစ်သုံးသပ်ရွေးချယ်ခဲ့ရာတွင် တိုင်းဒေသကြီး/ပြည်နယ် ၁၆ ခုအတွင်း မြို့နယ်ပေါင်း ၁၇၁ မြို့နယ်သည် ပိုလီယိုရောဂါဖြစ်ပွားကူးစက်နိုင်မှုအန္တရာယ်ရှိကြောင်း ဖော်ထုတ်သတ်မှတ်နိုင်ခဲ့ပြီး ပိုလီယိုကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေးခြင်းလုပ်ငန်း ဆောင်ရွက်ရန် လျာထားသတ်မှတ်ခဲ့သည်။

အမျိုးသားကာကွယ်ဆေးတိုက်နေ့ကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ် ၁၇ ခုရှိ မြို့နယ် ၃၃၀ တွင် မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးများအားလုံးကို တိုက်ကျွေးမည်ဖြစ်သည်။

အမျိုးသားကာကွယ်ဆေးတိုက်နေ့များဆိုသည်မှာ ပိုလီယိုပိုး သုံးမျိုးလုံးပါဝင်သော ကာကွယ်ဆေး (trivalent OPV-tOPV) မှ ပိုလီယိုပိုးအမျိုးအစား (၂)ကို ဖယ်ရှား၍ ပိုလီယိုပိုးနှစ်မျိုးတည်းသာပါဝင်သော ကာကွယ်ဆေး (bivalent OPV-bOPV) သို့ တစ်ကမ္ဘာလုံးတွင် ပြောင်းလဲသုံးစွဲခြင်းမပြုမီ ပိုလီယိုပိုးသုံးမျိုးလုံးပါဝင်သော ကာကွယ်ဆေးဖြင့် ရောဂါခုခံမှုစွမ်းအားကို အမြင့်ဆုံးရောက်ရှိမြင့်တင်ရန် တစ်နိုင်ငံလုံးတွင်ရှိသော ကလေးများအား အသက်အုပ်စုကျယ်ပြန့်စွာ အစုလိုက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းဖြစ်သည်။

အဆိုပါဒေသအလိုက် ကာကွယ်ဆေးတိုက်နေ့များနှင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများပါဝင်လျက် ကျန်းမာရေးဝန်ထမ်းများအဆင့်ဆင့် ပါဝင်စေရန်လမ်းညွှန်မှုပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး အစိုးရအဖွဲ့များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဆက်စပ်သော ဌာနဆိုင်ရာအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ပြည်သူလူထုမှ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ပိုလီယိုရောဂါပိုးကို မြန်မာနိုင်ငံအတွင်းမှ အပြီးတိုင်ပပျောက်စေရန် အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဒေသအလိုက် ပိုလီယိုကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေးမည့် မြို့နယ်များ**

| တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် ဦးရေ | မြို့နယ်အမည် |
|---|---|---|
| မကွေးတိုင်းဒေသကြီး | ၂၅ | အားလုံး |
| ဧရာဝတီတိုင်းဒေသကြီး | ၂၆ | အားလုံး |
| ပဲခူးတိုင်းဒေသကြီး | ၂၈ | အားလုံး |
| ကရင်ပြည်နယ် | ၇ | အားလုံး |
| ချင်းပြည်နယ် | ၉ | အားလုံး |
| ရခိုင်ပြည်နယ် | ၁၇ | အားလုံး |
| ရှမ်းပြည်နယ် (ကျိုင်းတုံ) | ၁၀ | အားလုံး |
| ကချင်ပြည်နယ် | ၁၁ | ချီဖွေ၊ အင်ဂျန်းယန်၊ ခေါင်လန်ဖူး၊ မချမ်းဘော၊ မန်ဆီ၊ မိုးကောင်း၊ မိုးမောက်၊ နောင်မွန်း၊ ဆွမ်ပရာဘွမ်၊ ဆော့လော်၊ ဝိုင်းမော် |
| ကယားပြည်နယ် | ၂ | ဖရူဆို၊ မယ်စဲ့ |
| ရှမ်းပြည်နယ် (မ) | ၁၆ | သီပေါ၊ ကုန်းကြမ်း၊ ကွတ်ခိုင်၊ လောက်ကိုင်၊ မန်တုံ၊ မိုင်းမော၊ မူဆယ်၊ နမ့်ပန်၊ နမ့်ဆန်၊ နမ့်ခမ်း၊ ပန်ယန်း၊ ပန်ဝိုင်း၊ တန့်ယန်း၊ ဟိုပန်၊ ကွမ်းလုံ၊ မန်ဖန့် |
| ရှမ်းပြည်နယ် (တ) | ၇ | ကျေးသီး၊ မိုင်းရှူး၊ မိုးနဲ၊ မိုင်းကိုင်၊ လွိုင်လင်၊ ကွန်ဟိန်း၊ နမ့်စန် |
| မွန်ပြည်နယ် | ၂ | ချောင်းဆုံ၊ ရေး |
| မန္တလေး | ၂ | ပြင်ဦးလွင်၊ ရမည်းသင်း |
| စစ်ကိုင်း | ၄ | လေရှီး၊ လဟယ်၊ နန်းယွန်း၊ တမူး |
| တနင်္သာရီ | ၄ | ထားဝယ်၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ကော့သောင်း |
| ရန်ကုန် | ၁ | ခရမ်း |
| စုစုပေါင်း | ၁၇၁ | |

**(သတင်းစဉ်)**

## ❒ ရန်ကုန်-မန္တလေးမှ

ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် ပြေးဆွဲနေသော အမှတ်(၅) အဆန်၊ အမှတ်(၆)အစုန်ရထားတွင် အစားထိုးအသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ စက်ခေါင်းများနှင့် တွဲများအား စစ်ဆေးစမ်းသပ်မောင်းနှင်မှုများ ပြုလုပ်ပြီးဖြစ်၍ ယနေ့မှ စတင်ကာ ရန်ကုန်-မန္တလေး အမှတ် (၅) အဆန် လူစီးအမြန်ရထားနှင့် မန္တလေး-ရန်ကုန် အမှတ်(၆)အစုန် လူစီးအမြန်ရထားတွင် စတင်အသုံးပြုပြေးဆွဲခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ခေတ်မီ စက်ခေါင်းသစ်များ၊ တွဲအသစ်များဖြင့် ခရီးသည်ဝန်ဆောင်မှုအရည်အသွေးကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ရည်မှန်းထားကြောင်းဖြင့် ပြောကြားသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ နိုင်ငံပိုင် နိုင်ငံခြားယူရို ၁၁၃၄၃၈၀၀ ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (China National Machinery Import & Export Corporation) ထံမှ Sifang စက်ရုံထုတ် မြင်းကောင်ရေ ၂၀၀၀ အားရှိ ဒီဇယ်လျှပ်စစ်စက်ခေါင်းအသစ် ၁၁ ခေါင်းနှင့် စက်ခေါင်းအရန်ပစ္စည်းများကို ၂၀၁၅ ခုနှစ်တွင် တင်ဒါခေါ်ယူခဲ့ရာ စက်ခေါင်း ၁၁ ခေါင်းအနက် ပထမအသုတ် စက်ခေါင်း သုံးခေါင်းသည် မြန်မာနိုင်ငံသို့ ၂၀၁၅ ခုနှစ် နိုဝင်ဘာတွင် ရောက်ရှိခဲ့ပြီး ၎င်းစက်ခေါင်းများအား စစ်ဆေးစမ်းသပ်မောင်းနှင်မှုများ ပြုလုပ်ပြီးဖြစ်၍ ယခုပြေးဆွဲသည့် ရန်ကုန်-မန္တလေး အမှတ်(၅) အဆန် လူစီးအမြန်ရထားနှင့် မန္တလေး-ရန်ကုန် အမှတ်(၆) အစုန် လူစီးအမြန်ရထားတွင် စတင်အသုံးပြုခြင်းဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် ယနေ့စတင်ပြေးဆွဲသည့် အမှတ်(၅) အဆန်၊ အမှတ်(၆)အစုန် လူစီးအမြန်ရထားမှာ ရိုးရိုးတန်း ၉တွဲ၊ အထက်တန်း ၃ တွဲနှင့် ဘရိတ်တွဲ တစ်တွဲပါဝင်မည်ဖြစ်ကာ လက်မှတ်ခနှုန်းထားများမှာ ရိုးရိုးတန်းထိုင်ခုံ ၄၆၅၀ ကျပ်နှင့် အထက်တန်းထိုင်ခုံ ၉၃၀၀ ကျပ်ဖြစ်ပြီး ခရီးသည် ၇၀၀ ကျော်စီးနင်းလိုက်ပါနိုင်မည်ဖြစ်သည်။

ယနေ့စတင်ပြေးဆွဲသည့် ရထားတွင် အသုံးပြုထားသည့် စက်ခေါင်းသည် Caterpillar အင်ဂျင်တပ်ဆင်ထားပြီး ကွန်ပျူတာနှင့် ထိန်းချုပ်စနစ်တပ်ဆင်ထားသည့် ခေတ်မီစက်ခေါင်းဖြစ်သည့်အပြင် လူစီးတွဲများသည်လည်း ခေတ်မီလေအိတ်စနစ် တပ်ဆင်ထားသော (Air-Cushing)တွဲများဖြစ်ကြောင်း သိရသည်။

ထို့ပြင် လိုအပ်ပါက တွဲများထပ်မံတိုးချဲ့ ချိတ်ဆက်နိုင်ရန်လည်း စီစဉ်ထားသည့်အပြင် တွဲဆိုင်းများတစ်တွဲနှင့် တစ်တွဲချိတ်ဆက်ရာတွင်လည်း ငြင်သာသော တွဲချိတ်ဆက်စနစ် တပ်ဆင်ထားသည့်အတွက် လမ်းခရီးတစ်လျှောက် ခရီးသည်များ ရထားခုန်ဆောင့်ခြင်း၊ လူးခါခြင်းဒဏ်များမခံရဘဲ သက်သောင့်သက်သာဖြင့် စီးနင်းလိုက်ပါနိုင်မည်ဖြစ်ကာ ခရီးသည်များလုံခြုံရေးအတွက် အထက်တန်းတွဲများတွင် CCTV ကင်မရာများ တပ်ဆင်ထားကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Hong Liang နှင့် သံရုံးတာဝန်ခံများ၊ CMC ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ❍ ကျောဖုံးမှ

**မကွေး - သုံးဂိုး**
**ဧရာဝတီ - နှစ်ဂိုး**

ပွဲအစ ၁၅ မိနစ်အတွင်း သုံးဂိုးသွင်းယူနိုင်ခဲ့သောကြောင့် မကွေးအသင်း နိုင်ပွဲရခဲ့ခြင်းဖြစ်ပြီး ဧရာဝတီအသင်းမှာ ဂိုးများ ဆက်တိုက်ပေးခဲ့ရသောကြောင့် ရှုံးပွဲဆက်ခဲ့ရခြင်းဖြစ်သည်။ မကွေးအသင်းမှာ ရာသီအစ ပွဲစဉ်များတွင် ရလဒ်ကောင်းများ ရယူထားနိုင်ပြီး ရန်ကုန်နှင့် ဧရာဝတီအသင်းတို့ကို နှစ်ပွဲဆက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မကွေးအသင်းမှာ နှစ်ပွဲဆက်အနိုင်ရလဒ်ကြောင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီဖြစ်သည်။

လက်ရှိချန်ပီယံ ရန်ကုန်အသင်းကို အနိုင်ကစားထားသည့် မကွေးအသင်းမှာ ယခုပွဲတွင်လည်း ပုံစံကောင်းပြသနိုင်ခဲ့သလို ဂိုးများ စောစီးစွာရခဲ့သောကြောင့် ပွဲကိုဦးဆောင်နိုင်ခဲ့သည်။ ပွဲအစ သုံးမိနစ်တွင် မကွေးအသင်းဂိုးစရခဲ့ပြီး ဆယ်လာက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ ဧရာဝတီအသင်းမှာ ဂိုးစောစီးစွာပေးလိုက်ရ၍ ကစားကွက်တည်မရ ဖြစ်သွားပြီး ဂိုးများ ဆက်တိုက်ပေးခဲ့ရသည်။ မကွေးအတွက် ဂိုးများကို ၁၄ မိနစ်တွင် ဆက်ဖြိုးဝေ၊ ၁၅ မိနစ်တွင် ဆယ်လာတို့က ထပ်မံသွင်းယူပေးခဲ့သည်။ ဧရာဝတီအသင်းမှာ အောင်ရဲထွန်း၏အစား အောင်ကျော်နိုင်၊ ကျော်ဇေယျာဝင်းအစား မင်းမင်းသူတို့ကို လူစားထည့်သွင်းကစားမှ ကစားပုံပြန်ငြိမ်လာပြီး ၃၁ မိနစ်တွင် တိုက်စစ်မှူး ခရစ္စတိုဖာက ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် မကွေးအသင်းမှာ ပွဲအစပိုင်းသာ ဖိကစားနိုင်ခဲ့ပြီး နောက်ပိုင်းတွင် ဧရာဝတီအသင်းက ဆက်တိုက်ဖိကစားနိုင်ခဲ့သည်။ ဧရာဝတီအသင်းမှာ ချေပဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ပွဲပြီးခါနီးမှ ဒုတိယချေပဂိုး ပြန်ရခဲ့သည်။ ယင်းဂိုးကို ခရစ္စတိုဖာက ပြစ်ဒဏ်ဘောမှတစ်ဆင့် တိုက်ရိုက်ကန်သွင်းယူခဲ့ခြင်း ဖြစ်သည်။

ပွဲစဉ် (၂) အပြီးတွင် မကွေးအသင်းက ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်၊ ရခိုင်၊ ဇေယျာရွှေမြေ၊ ဟံသာဝတီနှင့် ရတနာပုံအသင်းတို့က လေးမှတ်စီ၊ ဇွဲကပင်နှင့် Horizon အသင်းတို့က သုံးမှတ်စီ၊ ချင်းယူနိုက်တက်အသင်းက တစ်မှတ်၊ ဧရာဝတီ၊ ရန်ကုန်နှင့် Southern အသင်းတို့က အမှတ်မရသေးပေ။

ပြည်တွင်းရေးရာ

# ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာရှိစေရန် လာမည့်အစိုးရသစ်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေ ဆွေးနွေး


**နေပြည်တော် ဇန်နဝါရီ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန်အား လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် ပြည်သူကရွေးချယ်သည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာရှိစေရန် လက်ရှိအစိုးရ၏ ငါးနှစ်သက်တမ်းကာလတွင် တပ်မတော်မှ အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှု၊ လာမည့်အစိုးရသစ်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၊ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ မူဝါဒအဖြစ် သတ်မှတ်၍ အားသွန်ခွန်စိုက် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(မြဝတီ)**



## မန္တလေး-မူဆယ်လမ်းပိုင်းပိတ်ဆို့၍ ယာဉ်စီးခဈေးတက်

**မူဆယ် ဇန်နဝါရီ ၁၈**

မန္တလေး-မူဆယ်လမ်းပိုင်း ရှုခင်းသာတောင်ကြားလမ်းတွင် လမ်းပိတ်ဆို့မှုဖြစ်ပေါ်နေသည့်အတွက် လားရှိုး-မူဆယ်သွားခရီးသည်တင်ယာဉ်ငယ်လေးများ၏ ယာဉ်စီးခနှစ်ဆတက်သွားကြောင်း ခရီးသွားများထံမှ စုံစမ်းသိရှိရသည်။

ယခင်က လားရှိုး-မူဆယ်ခရီးအတွက် ယာဉ်ငယ်ကားခမှာ တစ်ဦးလျှင် ငွေကျပ် ၈၀၀၀ မှ ငွေကျပ် ၁၀၀၀၀ သာရှိခဲ့ပြီး ဇန်နဝါရီ ၁၁ ရက် လမ်းပိတ်ဆို့မှုဖြစ်ပေါ်ချိန်မှစတင်၍ တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ မှ ငွေကျပ် ၂၀၀၀၀ အထိပေးစီးနေရကြောင်း လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"လမ်းပိတ်တော့ ခါတိုင်းနေ့ချင်းပြန်သွားတဲ့ကားတွေက လမ်းပိတ်တဲ့နေရာမှာ ညအိပ်ရတယ်။ ပြီးတော့ ရပ်လိုက်သွားလိုက်နဲ့ ခါတိုင်းထက်ဆီပိုကုန်လို့ ကားခတွေတက်ကုန်တာပါ"ဟု ယာဉ်ငယ်မောင်းသူတစ်ဦးက ပြောပြသည်။

၎င်းအပြင် ယာဉ်ကြောပိတ်သည့် တောင်ပေါ်မှ မူဆယ် သို့မဟုတ် ကွတ်ခိုင်သို့ သွားရောက်လိုသူများအတွက် ဆိုင်ကယ်ကယ်ရီခလူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ အထိ ပေး၍ သွားလာရသည်ဟု သိရသည်။

မန္တလေး-မူဆယ်သို့ ပြေးဆွဲသည့် မှန်လုံယာဉ်များမှာ အတက်အဆင်းကားများ လမ်းပိတ်ဆို့မှုကြားတွင် ရောက်ရှိနေ၍ အချိန်မှန်ထွက်နိုင်ခြင်းမရှိသေးဘဲ ခရီးသွားများအနေဖြင့် ယာဉ်ငယ်များကို ဈေးပိုပေးပြီး သွားလာနေရကြောင်း မူဆယ်မြို့ခံတစ်ဦးထံမှ သိရသည်။ **ကိုနေ(သီပေါ)**

## ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇၊ ၈၊ ၉၊ ၁၀ နှင့် ၁၁ တို့ကို ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၈**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သည့် ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ (ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ)၊ ဥပဒေအမှတ် ၈ (အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ)၊ ဥပဒေအမှတ် ၉ (တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ)၊ ဥပဒေအမှတ် ၁၀ (ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ)နှင့် ဥပဒေအမှတ် ၁၁ (အထူးကုန်စည်ခွန်ဥပဒေ)တို့ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါဥပဒေများကို ဇန်နဝါရီ ၂၀ ရက်မှစတင်၍ နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

## နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန်အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အာဆီယံ-အမေရိကန်ဆက်ဆံရေးနှင့် အခြားအကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းနှင့် နိုင်ငံရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဒေသအလိုက်ကာကွယ်ဆေးတိုက်နေ့များ (ဇန်နဝါရီလ၊ ၂၀၁၆)
အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (ဖေဖော်ဝါရီလ၊ ၂၀၁၆)

ကလေးငယ်များ မသန်စွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန် မွေးကင်းစမှ အသက် (၅)နှစ်အရွယ် ကလေးငယ်တိုင်းကို ပိုလီယိုကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေးပါ။

World Health Organization unicef

နည်းပညာသတင်း

# အနာဂတ်တွင်ထွက်ပေါ်လာမည့် လစ်သီယမ်အိုင်းယွန်းဘက်ထရီများ အပူလွန်ကဲတော့မည်မဟုတ်

စတင်းဖို့ဒ် တက္ကသိုလ်ရှိ သုတေသီများသည် အပူစတင်လွန်ကဲလာပါက အလိုအလျောက်ပိတ်ပေးသည့် လစ်သီယမ်အိုင်းယွန်းအမျိုးအစား ဘက်ထရီတစ်မျိုးကို စမ်းသပ်တီထွင်ခဲ့သည်။ အထူးဆိုရမည်ဆိုပါက အပူလွန်ကဲပြီး ရုတ်တရက် မီးလောင်ကျွမ်းသည့် လက်တော့(ပ်)များ၊ ဟိုဗာဘုတ်များ၊ လေကြောင်းလိုင်းများ၏ဖြစ်စဉ်တို့သည် အတိတ်တွင်ကျန်ရစ်ခဲ့တော့မည်ဖြစ်သည်။

လစ်သီယမ်အိုင်းယွန်းအမျိုးအစား ဘက်ထရီများကို အီလက်ထရွန်နစ်ပစ္စည်းလေးများ အားလုံးနီးပါးတွင် အသုံးပြုကြသည်။ ပေ့ါပါးသည်။ စွမ်းအင်



စတင်းဖို့ဒ်တက္ကသိုလ်၏ ဓာတုအင်ဂျင်နီယာ ပရော်ဖက်ဆာ ဇန်နန်ဘောင်(Zhenan Bao)ပိုလီသိုင် လီနီဖလင်ပြားကို ဓာတ်ခွဲခန်းအတွင်း စစ်ဆေးနေစဉ်။


အမြောက်အများ သိုလှောင်နိုင်ပြီး အားသွင်းရလွယ်ကူသည်။ သို့သော် ထိခိုက်ပျက်စီးမှုရှိပါက အပူလွန်ကဲမှုဖြစ်နိုင်ခြေများသည်။ ဘက်ထရီအတွင်းဖြစ်ပေါ်သည့် ရှော့ခ်ပတ်လမ်းသည် မီးလောင်ကျွမ်းခြင်းကို ဖြစ်စေနိုင်သည်။

စတင်းဖို့ဒ်၏ ဘက်ထရီအသစ်တွင် သုတေသီများက Polyethylene ဖလင်ပြားနှင့် နစ်ကယ်မှုန်များကို အလွန်သေးငယ်သည့် ဆူးချွန်လေးများအဖြစ် တွဲဆက်ထားသည်။ ထိုဆူးချွန်လေးများကို Graphene ဖြင့် သုတ်လိမ်းထားသောကြောင့် လျှပ်စစ်သည် မျက်နှာပြင်ပေါ်မှ စီးသွားနိုင်မည်ဖြစ်သည်။ သို့သော် အပူချိန်လွန်ကဲလာပြီး ၇၀ ဒီဂရီဆဲလ်စီးယပ်(သို့မဟုတ်) ၁၆၀ ဒီဂရီဖာရင်ဟိုက်အထိ ရောက်ရှိလာပါက ဖလင်ပြားသည် ပြန့်ကားလာပြီး ထိဆက်ထားသည့် ဆူးချွန်လေးများ တစ်ခုနှင့်တစ်ခု ထိဆက်ထားခြင်းရှိတော့မည်မဟုတ်ပေ။ ထိုအခါ ပတ်လမ်းလည်း ပြတ်တောက်သွားပြီး ဘက်ထရီသည် ပိတ်သွားမည်ဖြစ်သည်။

ဘက်ထရီပိတ်သွားပါက ဓာတ်ပြုအပူကို ရှောင်ရှားလိုက်ပြီဖြစ်သောကြောင့် ပြန်အေးသွားမည်ဖြစ်သည်။ ထိုသို့အေးလာပြီး နောက်ဆုံးတွင် နစ်ကယ်ဆူးချွန်လေးများ ပြန်ထိတွေ့သွားပြီး လျှပ်စစ်ပြန်လည်စီးဆင်းစေမည်ဖြစ်သည်။

"ကျွန်တော်တို့ဓာတ်ခဲထဲ အမှုန်လေးတွေ ဘယ်လောက်ထည့်သွင်းမယ်၊ ဘယ်လိုပိုလီမာသတ္တုထည့်သွင်းတည်ဆောက်မယ် ဆိုတဲ့အပေါ်မူတည်ပြီး အမြင့်ဆုံးအပူချိန်နဲ့ အနိမ့်ဆုံးအပူချိန်တွေကို ချိန်ညှိပေးလို့တောင်ရပါပြီ"ဟု ယင်းတက္ကသိုလ်၏ ဓာတုဗေဒအင်ဂျင်နီယာ ပရော်ဖက်ဆာလည်းဖြစ်၊ သုတေသနအသင်းဝင်တစ်ဦးလည်းဖြစ်သည့် Zhenan Bao က ပြောသည်။

၎င်းသုတေသနကို စတင်းဖို့ဒ်အင်ဂျင်နီယာတစ်ဦးဖြစ်သည့် Yi Cui နှင့် စကောလား ဒေါက်တာလောင်း Zheng Chen တို့ကလည်း ပြုလုပ်ခဲ့ကြသည်။




ပိုလီသိုင်လီနီ ဖလင်ပြားကို အပူပေးပြီး တုံ့ပြန်မှုကို စတင်းဖို့ဒ် ဓာတ်ခွဲခန်းအတွင်း စစ်ဆေးနေစဉ်။

အသေးစိတ်ကို Nature Energy ဂျာနယ်တွင် ပြီးခဲ့သည့် တနင်္လာနေ့က ထုတ်ပြန်ခဲ့သည်။

"အရင်ကပြုလုပ်ခဲ့ကြတဲ့ စမ်းသပ်မှုတွေထက်စာရင် ကျွန်တော်တို့ဒီဇိုင်းက ပိုပြီးစိတ်ချရတယ်။ မြန်တယ်။ ပြန်ဖွင့်ပေးတဲ့စနစ်ကိုသွားတဲ့ နည်းဗျူဟာဖြစ်လို့ စွမ်းဆောင်ရည်မြင့်မားမှုအပိုင်းရော ပိုမိုစိတ်ချရမှုအပိုင်းပါ သာသွားပါတယ်"ဟု Cui ကဖော်ပြချက်တစ်ခုတွင် ပြောခဲ့သည်။

ယခုကဲ့သို့ Polyethylene သတ္တုနှင့် နစ်ကယ်အတွဲစပ် ဘက်ထရီသည် Bao ၏ ဒုတိယမြောက်လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ စတင်းဖို့ဒ် ပရော်ဖက်ဆာ Bao သည် ယင်းသတ္တုကိုပဲ အသုံးပြုကာ ဝတ်ဆင်နိုင်ပြီး လူ့ခန္ဓာကိုယ်အပူချိန်အာရုံခံနိုင်သည့် ကိရိယာတစ်ခုကို တီထွင်ခဲ့ဖူးသည်။

**မိုးထွန်းဝေ**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၉ - ၁ -၂၀၁၆ (အင်္ဂါနေ့)]

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၄၀ "မြတ်ဗုဒ္ဓသင်ပေးသော ပညာဖြင့် စိတ်ဖိစီးမှုကို လျှော့ချခြင်း" (ဒုတိယပိုင်း)
တရားတော် [အရှင်ဝိလာသဂ္ဂ (သစ္စာရွှေပြည်ဆရာတော်)]
၈း၀၀ "မင်္ဂလာပါ" The Morning Show
၁၀း၂၀ သွားမယ် စားမယ် (Arji Marr)
၁၀း၄၀ Forever Music Tribute Jazz (ဒုတိယပိုင်း)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစ်အိမ်" (ဇာတ်သိမ်းပိုင်း)
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၇၆)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၇၇)
၇း၁၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၁)
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၁၀၀)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၄၀)
၉း၅၅ Noble-Myanmar စာပေပွဲတော် ၂၀၁၆ (ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေး) (အပိုင်း-၂)
၁၁း၁၅ MRTV-4 Stage
၁း၁၀ World of Knowledge (The Number Game When Will You Die)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၅ မှတ်တမ်း
၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၄ အမျိုးသားရေးတေးကဗျာ
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ခရီးလည်းသွားစကားလည်းဆို
၈း၄၅ မြဝတီနေ့စဉ်သတင်း
၉း၀၀ တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
၄း၀၈ တစ်ပတ်အတွင်း စိုက်ပျိုးရေးသတင်း
၄း၁၅ အမျိုးသားရေးတေးကဗျာ
၄း၂၀ မျိုးချစ်တပ်မတော်
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၄း၄၅ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ဓဝင်မြောက်အမုန်း အပိုင်း(၉၁)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၁၀ Let's Go
၆း၃၅ Dream Team
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်သက်တံများ အပိုင်း(၂၀)
မြဝတီရုပ်မြင်သံကြားသတင်း
အမျိုးသားရေးတေးကဗျာ
ဒို့တာဝန်အရေး(၃)ပါး
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
VOA အင်္ဂလိပ်စာသင်ခန်းစာ
ဟာသရုပ်စုံ
ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဟိုတယ်ဘုရင် အပိုင်း(၂)

### mitv

07:25 Atuladhipati Mahamunisacca Koe Htat Kyee Pagoda
07:41 A bike ride in pursuit of Mural Art (Episode-1)
08:26 Reflected Glory
08:49 Farming: Duck Breeder
09:26 Life In Night ……..Art In Life (Ep-2) (Part-2)
09:52 Graffiti: Portraiture
10:26 Travelogue: A Tour in Korea (Ep-2)
10:40 Kindhearted Pet Lovers
10:49 Today Myanmar: Auto Market Amid The Policy Changes
07:26 A Day Out With Sarah (EP-5)
07:52 Myanmar Puppet
08:26 A Glance At A Naga Family Life
08:45 Diary of a Fisherman

# "Critics' Choice Award" ဆုပေးပွဲကြီးရဲ့ အကောင်းဆုံးကလေးသရုပ်ဆောင်ဆုရှင် ဂျက်ကော့ပ်ထရမ်းဘလေး



ဇန်နဝါရီ ၁၇ ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာမိုနီကာမှာ ကျင်းပခဲ့တဲ့ (၂၁)ကြိမ်မြောက် "Critics' Choice Award"ဆုပေးပွဲကြီးမှာ ကနေဒါလူမျိုး အသက်(၉)နှစ်အရွယ် ဂျက်ကော့ပ်ထရမ်းဘလေးက အကောင်းဆုံးကလေးသရုပ်ဆောင်ဆုကို ဆွတ်ခူးသွားခဲ့ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဂျက်ကော့ပ်ဟာ ၂၀၁၅ ခုနှစ်မှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင် "Room"မှာ အသက်ငါးနှစ်အရွယ်ကောင်လေး ဂျက်ခ်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ယင်းရုပ်ရှင်ဖြင့် အကောင်းဆုံးကလေးသရုပ်ဆောင်ဆုကို ချီးမြှင့်ခံခဲ့ရတာဖြစ်ပါတယ်။

အဆိုပါရုပ်ရှင် "Room"ဟာ အခန်းတစ်ခုအတွင်း ပိတ်လှောင်ခံထားရတဲ့ မိခင်တစ်ဦးနဲ့ သူ့ရဲ့သားလေးတို့ အခန်းအတွင်းမှ လွတ်မြောက်ရန် ကြိုးပမ်းခဲ့ပုံကို ရိုက်ကူးထားတဲ့ရုပ်ရှင်ဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ ဂျက်ကော့ပ်ရဲ့မိခင်အဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသမီး ဘာရီလာဆန်ဟာလည်း ယခုနှစ်ရဲ့ "Critics' Choice Award" ဆုပေးပွဲကြီးမှာ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ရရှိခဲ့ပါတယ်။

ယင်းဆုပေးပွဲညမှာ ဂျက်ပ်ကော့ပ်ဟာ အကောင်းဆုံးကလေးသရုပ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့အပြင် ဟောလိဝုဒ်ပရိသတ်တွေရဲ့ ချစ်ခြင်းမေတ္တာတွေကိုလည်း သိမ်းပိုက်နိုင်ခဲ့ပါတယ်။ ဆုလက်ခံရယူအပြီး အမှတ်တရစကားပြောကြားတဲ့အခါ ဂျက်ကော့ပ်ရဲ့အရပ်ဟာ မိုက်ခရိုဖုန်းကိုတောင် မမီခဲ့ပါဘူး။ ဒီလိုငယ်ရွယ်လွန်းတဲ့ ကလေးတစ်ယောက်ဟာ သူ့ရဲ့အောင်မြင်မှုအတွက် ကျေးဇူးတင်စကားပြောကြားတဲ့အခါမှာတော့ သူ့အနေနဲ့ ကျေးဇူးတင်ထိုက်သူတွေကို တစ်ယောက်မကျန် ပြည့်ပြည့်စုံစုံ ပြောသွားနိုင်ခဲ့ပါတယ်။

ဂျက်ကော့ပ်ကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၅ ရက်က မွေးဖွားခဲ့တာဖြစ်ပြီး သူ့ရဲ့ဖခင်က ရဲစုံထောက်တစ်ဦးပါ။ မိခင်ကတော့ အိမ်ရှင်မတစ်ဦးဖြစ်ပြီး မွေးချင်းအနေနဲ့ အစ်မတစ်ယောက်နဲ့ ညီမလေးတစ်ယောက် ရှိပါတယ်။ သူတို့မောင်နှမသုံးဦးစလုံး ကလေးသရုပ်ဆောင်တွေ ဖြစ်ကြပါတယ်။ ဂျက်ကော့ပ်ဟာ ၂၀၁၃ ခုနှစ်ကစတင်ပြီး ရုပ်ရှင်သရုပ်ဆောင်တစ်ဦး ဖြစ်လာခဲ့တာပါ။ ယနေ့အချိန်အထိ ရုပ်ရှင်(၁၀)ကား ရိုက်ကူးခဲ့ပြီး ဖြစ်ကာ ကလေးကြိုက် ကာတွန်းရုပ်ရှင်တစ်ခုဖြစ်တဲ့ "The Smurfs 2" ရုပ်ရှင်ဟာ သူရိုက်ကူးခဲ့သမျှသော ရုပ်ရှင်တွေအနက် ကျော်ကြားတဲ့ ရုပ်ရှင်တစ်ခုဖြစ်ပါတယ်။

# ဩစတြေးလျမှာ စံချိန်တင်သွားတဲ့ ဒေးဗစ်ဘော်ဝီရဲ့ "Blackstar"



ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက ကွယ်လွန်သွားခဲ့တဲ့ ဗြိတိန်ပေ့ါပ်အဆိုတော် ဒေးဗစ်ဘော်ဝီရဲ့ မကွယ်လွန်မီ နှစ်ရက်အလိုက စတင်ဖြန့်ချိခဲ့တဲ့ နောက်ဆုံးတေးအယ်လ်ဘမ်သစ် "Blackstar"ဟာ ဩစတြေးလျရဲ့ တေးဂီတဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ ARIAရဲ့ ရောင်းအားအကောင်းဆုံးသောတေးအယ်လ်ဘမ်စာရင်း နံပါတ်တစ်နေရာမှာ ရပ်တည်နေကြောင်း နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါတေးအယ်လ်ဘမ်ဟာ တေးအယ်လ်ဘမ်စုစုပေါင်း ၂၃၆၈၁ ခန့်ရောင်းချခဲ့ရပြီး ဩစတြေးလျ ထိပ်တန်းတေးအယ်လ်ဘမ်(၅၀)စာရင်းမှာ ထိပ်ဆုံးကနေ ရပ်တည်နေတာပဲ ဖြစ်ပါတယ်။ တေးအယ်လ်ဘမ်ပေါင်း ၁၀၀၄၄ ရောင်းချခဲ့ရပြီး ဒုတိယနေရာမှာ ရပ်တည်နေတဲ့ တေးအယ်လ်ဘမ်ကတော့ ဗြိတိန်ပေ့ါပ်အဆိုတော် အဒဲလ်ရဲ့ "Hello"ပါ။ အဒဲလ်ရဲ့တေးအယ်လ်ဘမ်ဟာ အချိန်အကြာကြီး နံပါတ်တစ်နေရာကို သိမ်းပိုက်ထားခဲ့ပြီး ဒေးဗစ်ဘော်ဝီကွယ်လွန်ချိန်မှ သူ့ရဲ့တေးအယ်လ်ဘမ်ရောင်းအားတက်လာတာကြောင့် အဒဲလ်ရဲ့စံချိန်ကို ကျော်ဖြတ်သွားနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

ဒ့ါအပြင် ဒေးဗစ်ဘော်ဝီရဲ့အခြားသောတေးအယ်လ်ဘမ် ၁၇ခုဟာလည်း ဩစတြေးလျရဲ့ ထိပ်တန်းတေးအယ်လ်ဘမ်(၁၀၀)စာရင်းမှာ ပါဝင်နေပါတယ်။ ဒါဟာ တေးသံရှင်တစ်ဦးရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်တွေထဲက ထိပ်တန်းစာရင်းမှာ တေးအယ်လ်ဘမ်အများဆုံးပါဝင်ခဲ့တာပါ။ ဒါကြောင့် ယခင်က ပေ့ါပ်ဘုရင်မိုက်ကယ်လ်ဂျက်ဆင်ရဲ့ ထိပ်တန်းတေးသီချင်း(၁၀၀)စာရင်းမှာ သူ့ရဲ့တေးအယ်လ်ဘမ် ၁၃ ခုပါဝင်ခဲ့တဲ့စံချိန်ကို ချိုးဖျက်နိုင်ခဲ့ပါတယ်။

ဇန်နဝါရီ ၁၈ရက်က အေ့စ်ရှိုးဘေ့စ်ဒေ့ါကွန်းမှာ ဖော်ပြခဲ့တာတော့ ဒေးဗစ်ဘော်ဝီရဲ့ "Blackstar" တေးအယ်လ်ဘမ်ဟာ ဘေဘုတ်ပေါ်မှာရှိတဲ့ အကောင်းဆုံးတေးအယ်လ်ဘမ်(၂၀၀)အနက်က ထိပ်တန်းတေးအယ်လ်ဘမ် (၁၀)စာရင်းမှာလည်း နံပါတ်တစ်နေရာမှာ ရပ်တည်နေကြောင်း သိရပါတယ်။ ဘေဘုတ်ပေါ်မှာ ယခင်ကနံပါတ်တစ်နေရာ ရယူထားခဲ့တဲ့ အဒဲလ်ရဲ့ "Hello"ကတော့ ယခုနံပါတ်နှစ်နေရာကို ရောက်ရှိသွားခဲ့ပါပြီ။ နံပါတ်သုံးနေရာမှာတော့ ဂျက်စတင်ဘီဘာရဲ့ "Purpose"က နေရာရနေပြီး ဒေးဗစ်ဘော်ဝီရဲ့ အခြားသောတေးအယ်လ်ဘမ်တစ်ခုဖြစ်တဲ့ "Best of Bowie"က နံပါတ်လေးနေရာကို သိမ်းပိုက်ထားပါတယ်။ ဒ့ါကြောင့် ဘေဘုတ်ရဲ့ထိပ်တန်းတေးအယ်လ်ဘမ်(၁၀)စာရင်းမှာ ဘော်ဝီရဲ့တေးအယ်လ်ဘမ်နှစ်ခု ပါဝင်နေပါတယ်။

# ဂျန်ဝူးနှင့် ကင်မ်ယူမီတို့၏ မင်္ဂလာဓာတ်ပုံ ထုတ်ဖော်ပြသ

တောင်ကိုရီးယားရဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသားဂျန်ဝူးနဲ့ မင်းသမီးကင်မ်ယူမီတို့ဟာ ဇန်နဝါရီ ၁၆ ရက်က ဆိုးလ်မှာရှိတဲ့ ဘုရားကျောင်းတစ်ခုမှာ လက်ထပ်ခဲ့ကြပါတယ်။ သူတို့ နှစ်ဦးရဲ့လက်ထပ်ပွဲကို အကြီးအကျယ်မလုပ်ဘဲ ရင်းနှီးတဲ့မိတ်ဆွေတွေနဲ့ ဆွေမျိုးတွေကိုသာ ဖိတ်ကြားကျင်းပခဲ့ပါတယ်။

အဲဒီလိုမင်္ဂလာပွဲကို အကျဉ်းချုံးကျင်းပခဲ့ရခြင်းဟာ နှစ်ဖက်မိဘတွေရဲ့ ဆန္ဒအရ ဖြစ်တယ်လို့မောင်နှံနှစ်ဦးက ပြောကြားခဲ့ပါတယ်။ မင်္ဂလာပွဲအပြီးမှာတော့ သူတို့နှစ်ဦးရဲ့ မင်္ဂလာဓာတ်ပုံကို အမ်ဝေ့ဖ်ဒေ့ါကွန်းက ထုတ်ဖော်ပြသခဲ့ပါတယ်။

အဆိုပါမင်္ဂလာပွဲမှာ သတို့သားဖြစ်သူ ဂျန်ဝူးက သတို့သမီးအတွက် "I Will Give You Everything"သီချင်းနဲ့ အမှတ်တရ သီဆိုဖျော်ဖြေပေးခဲ့ပြီး မင်္ဂလာမောင်နှံအတွက် မင်္ဂလာသီချင်းကိုတော့ အဆိုတော် ဆိုးဟန်ဆန်းက သီဆိုဖျော်ဖြေပေးခဲ့ပါတယ်။

ဂျန်ဝူးနဲ့ ကင်မ်ယူမီတို့နှစ်ဦးဟာ ၂၀၁၂ ခုနှစ်က ရိုက်ကူးခဲ့တဲ့ "Red Family" ရုပ်ရှင်မှာ စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး ယင်းရုပ်ရှင်အပြီးမှာ ချစ်သူတွေဖြစ်ခဲ့ကြပါတယ်။ ချစ်သူသက်တမ်းသုံးနှစ်ခန့်မှာ လက်ထပ်ခဲ့ကြတာဖြစ်ပြီး လက်ထပ်ချိန်မှာ မင်းသားဂျန်ဝူးရဲ့အသက်က (၃၄)နှစ်ရှိပြီဖြစ်ကာ ကင်မ်ယူမီကတော့ (၃၆)နှစ်ပါ။ လက်ထပ်ပြီးသွားပါက နှစ်ဦးစလုံး အနုပညာလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တဲ့အတွက် သူတို့နှစ်ဦးကို ဆက်လက်အားပေးဖို့လည်း ပရိသတ်ကိုတောင်းဆိုခဲ့ပါတယ်။



အေးပြည့် - စုစည်းသည်

# တောင်သူများ အချိန်မကုန် လူသက်သာသော သီးနှံခြွေလှေ့ခြင်းကို တွင်ကျယ်စွာအသုံးပြု

**မကွေး ဇန်နဝါရီ ၁၈**

စိုက်ပျိုးရေးလုပ်ငန်းများကိုသာ အဓိကလုပ်ကိုင်သော မကွေးမြို့နယ် ကျစ်စုတ်မွေးကျေးရွာ၌ မိမိတို့စိုက်ပျိုးယာမြေများမှထွက်ရှိသော နှမ်း၊ နွားစာပြောင်းများကို ယခင်ကလို နွားများကိုအသုံးပြုပြီး ခြွေလှေ့ခြင်းမလုပ်တော့ဘဲ ကားလမ်းမပေါ်တွင်တင်၍ အပြန်အသွားကားများ ကျိတ်နင်းခံပြီး ထွက်ရှိလာသောအစေ့များကို လွယ်ကူစွာ ဆန်ကာဖြင့် လှေ့ယူခြင်းကို တွင်ကျယ်စွာလုပ်ကိုင်လာခဲ့ကြောင်း သိရသည်။

သီးနှံခြွေလှေ့ခြင်းလုပ်ငန်းများကို တောင်သူအများစု ကျွဲ၊ နွား၊ လူအများအသုံးပြုကာ လုပ်ကိုင်လေ့ရှိကြသော်လည်း ပြောင်းလဲလာသောခေတ်နှင့်အညီ တောင်သူများလည်း နားမျက်စိများပွင့်၍ အချိန်ကုန် လူသက်သာပြီး လုပ်အားခသက်သာသော နည်းလမ်းများကို အသုံးချတတ်လာခြင်းဖြစ်သည်။

ကျစ်စုတ်မွေးကျေးရွာမှ တောင်သူများလည်း စိုက်ပျိုးယာမြေများမှ ထွက်ရှိသော နှမ်း၊ နွားစာမျိုးပြောင်းပင်ကို ရွာအနီးတွင်ရှိသော အဝေးပြေးလမ်းမကြီးပေါ်၌ ညီညီညာညာဖြင့် ပေ ၅၀ နီးပါး စုခင်းကား ဖြတ်သန်းသွားသော ကားများ၏ ကျိတ်နင်းခြင်းကို အသုံးပြုကာ ထွက်ရှိ၍လာသောအစေ့များကို လွယ်လင့်တကူ ဆန်ခါများဖြင့် လှေ့ယူပြီး အိတ်ထဲသို့ အချိန်မကုန် လူသက်သာနည်းဖြင့် လုပ်ကိုင်ဆောင်ရွက်လာကြကြောင်းသိရသည်။

"ဒီနည်းက အချိန်မကုန် လူသက်သာပေမယ့် ကားလမ်းပေါ်မှာ လုပ်ကိုင်ရတာဆိုတော့ အန္တရာယ်နည်းနည်းတော့ရှိပါတယ်။ ဒါကြောင့် အမြဲလို စောင့်ကြည့်နေရတယ်။ ရိတ်သိမ်းပြီးသီးနှံပင်တွေကို ခင်းထားတာဆိုတော့ အမြန်မောင်းလာတဲ့ ဆိုင်ကယ်သမားတွေ ဘီးလျှော်တာတွေ ဖြစ်တတ်တယ်လေ။

" ဒါကြောင့် ကားဘီးနှစ်ဘီးစာ အလယ်မှာအညီခင်းထားပြီး ဘေးတစ်ဖက်ဆီက ဆိုင်ကယ်လမ်းသွားလို့ရအောင် ပြုလုပ်ပေးထားရတာပါ။ တွင်ကျယ်မှုက အရမ်းကွာတော့ ဒီနည်းကို အသုံးပြုတာများလာကြတာလေ။ အရင်က ၂၅ တင်းလောက်ကို နွားနှင့်လူ နှစ်ရက်လောက် လှေ့နယ်ရတယ်။ အခု နှစ်နာရီလောက်အတွင်း ကားအစီး၁၀၀ လောက် အသွားအပြန်ဖြတ် မောင်းပြီးသွားရင်လွယ်လင့်တကူ လှေ့ယူလို့ရပြီ။အလုပ်သမားလည်း အများ အပြား အသုံးပြုစရာမလိုဘူး။နေ့စားတစ်နေ့ကျပ် ၄၀၀၀ ပေးငှားပြီး နှစ်ယောက် လောက်နဲ့တင် အဆင်ပြေတော့ ဒီနည်းကို တွင်ကျယ်စွာလုပ်ကိုင်လာတာပါ" ဟု တောင်သူဦးအောင်မျိုးဝင်းက ပြောပြသည်။

အဆိုပါ ကျစ်စုတ်မွေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် နှမ်းနှင့် နွားစာမျိုး နှံပြောင်းများကို ဝါခေါင်လတွင် စတင်စိုက်ပျိုးလေ့ရှိကြပြီး နတ်တော်၊ ပြာသိုလများထဲ၌ ရိတ်သိမ်းခြွေလှေ့ခြင်းများကို တွင်ကျယ်စွာလုပ်ကိုင်ဆောင်ရွက်ကြကြောင်း သိရသည်။

**ပိုင်ဇေ(မကွေး)**



# မင်းကင်းမြို့တွင် မျက်မမြင်များ စာရင်း စစ်တမ်းကောက်ယူ

**မင်းကင်း ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့ မင်းရာဇာခန်းမ၌ မျက်မမြင်များဘဝရှင်သန်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြို့ပေါ်နှင့် ကျေးလက်ဒေသအတွင်းရှိ မျက်မမြင်များစာရင်း စစ်တမ်းကောက်ယူခြင်းနှင့် မျက်မမြင်များဘဝရှင်သန်ရေးအတွက် ရှင်းလင်းပြသခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမျက်မမြင်များအသင်း(မုံရွာ)မှ အကျိုးဆောင်ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်(ခ)ဆရာချိုက မျက်မမြင်များနှင့်ပတ်သက်သည့် သိသင့်သိထိုက်သောအချက်အလက်များ၊ စာရွက်စာတမ်းများ၊ ဓာတ်ပုံများနှင့်တကွ အသေးစိတ်ပြသရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာ ၆၄ အုပ်စုမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး အဆိုပါအသင်းသည် ကျေးရွာ ၁၀ ရွာတို့တွင်လည်း ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# တရားမဝင်ငါးဖမ်းသူများကြောင့် ငါးမွေးသူများ အခက်အခဲကြုံတွေ့နေ

**ကျွန်းလှ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်တွင် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပိုက်ကာစနစ်ဖြင့် ငါးမွေးမြူကြရာ တရားမဝင် ငါးများဝင်ရောက်ဖမ်းဆီးခြင်းကြောင့် ငါးမွေးသူများ အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါသဖန်းဆိပ်ဆည်အတွင်း ငါးဖမ်းသူများ၊ ပိုက်ကာစနစ်ဖြင့် ငါးမွေးမြူသူများကို ရေချိုငါးလုပ်ငန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင်လိုင်စင်ချထားပေးရေး၊ လိုင်စင်ကောက်ခံရရှိရေးအအတွက် လိုင်စင်စည်းကမ်းများ၊ တရားမဝင်ငါးဖမ်းနည်းများ အသုံးမပြုရေး ပညာပေးလုပ်ငန်းများအပြင် ပိုက်ကာစနစ်အတွင်း ငါးမဖမ်းရန်နှင့် အခြားနေရာတွင်သာဖမ်းကြရန် ငါးလုပ်ငန်းဦးစီးဌာနက လမ်းညွှန်ထားကြောင်း သိရသည်။

"ကျွန်တော်ပိုက်ကာစနစ်နဲ့ ငါးမွေးလာသည်မှာ ခုနစ်နှစ်ရှိပြီဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေနဲ့ ဆည်အတွင်း ငါးမျိုးတစ်သိန်းစိုက်ထည့်နိုင်ခဲ့ပါတယ်။ အခုပိုက်ကာစနစ်နဲ့ ငါးမျိုးနှစ်သိန်းစိုက်ထည့်မွေးမြူလာခဲ့ရာ တစ်ကောင်၂၅ ကျပ်သားမှ၅၀ ကျပ်သားအထိ ရှိနေပါတယ်။ နေ့စဉ်လိုလို ပိုက်ကာအတွင်းတရားမဝင်ဝင် ရောက်ငါးဖမ်းဆီးနေလို့ ကျပ်သိန်း ၃၀ မှ၄၀ ဖိုးလောက်အထိ ဆုံးရှုံးနေပါတယ်" ဟု ငါးမွေးမြူသူဦးဝင်းမြင့်ကပြောသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

TRAVEL VILLAGE အဆင့်မြင့် ခရီးသွားလုပ်ငန်း
No.345, 3rd Floor, Kyike Kasan Road, Tamwe Tsp., Ygn.
"နှစ်သစ်ကူးကာလ အထူးခရီးစဉ်များ"
Jan 23 / Jan 30
Jan 23 / Jan 30
Jan 23 / Jan 30
Jan 29
ကုမ္ပဏီများ၊ အသင်းအဖွဲ့များအတွက် သီးသန့်ခရီးစဉ်များကို စိတ်တိုင်းကျစီစဉ်ပေးပါသည်။

ချောင်းသာ
OASIS
ကား+စား+တည်း(ငြိမ်း)
"အိမ်အရောက်လက်မှတ်ဖြတ်ပေးသည်"
Ph:09 5038616, 09 254197844, 09 73242469

ရွှေပဒုမ္မာမြေ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
• (၈) ရက်–သံဝေဇနီယလေးဌာန၊အဝိဇဟိတသုံးဌာန
•(၁၅)ရက်–(သံဝေဇနီယ+အဝိဇဟိတ)လေးဌာန၊နယူးဒေလီ၊တပ်ချ်မဟာ
(၁၀)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအား(၄၀%)၊(၁၆)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦး၊
အပိုကုသိုလ်ယူပို့ဆောင်ပေးပါမည်။ခရီးစဉ်တိုင်းဦးဆောင်ဆရာတော်တစ်ပါးပါရှိပါမည်။
ခရီးစဉ်ထွက်ခွါမည့်ရက် (Feb 6,28),(Mar 6,27),(Apr 3,10)

## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ဖြင့် သီရိသုဓမ္မသိင်္ဂီ ဒေါ်ဆွေသဇင် (ဒု-ဥက္ကဋ္ဌ အောင်ကောင်းကျော်ကုမ္ပဏီများအုပ်စု)အား "အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ"ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

အောင်ကောင်းကျော် ကုမ္ပဏီများအုပ်စု
ဆောင်းသဇင်ဟိုတယ်များအုပ်စု
**AKK Shopping Centre** အုပ်စု
ဝန်ထမ်းနှင့် မိသားစုများ

ကျန်းမာရေးဆောင်းပါး

# ဆောင်းရာသီတွင်စားသင့်သောအစားအစာ

**à** ပေါက်ပေါက်



ဥတုရာသီစက်ဝန်း၏အလိုတော်အရ တစ်ဆောင်းသစ်ခဲ့ပြန်ပါပြီ။ နှစ်စဉ်နှစ်တိုင်းလိုလိုပင် ဇန်နဝါရီလတွင် မြန်မာနိုင်ငံအနှံ့အပြား အအေးဒဏ်ပို၍ ခံစားကြရပြီး အအေးဒဏ်ကြောင့် သွေးလည်ပတ်စီးဆင်းမှု ပုံစံမမှန်တော့ဘဲ နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းနှင့် လေငန်းဖမ်းခြင်း စသည့်ရောဂါတွေ ပိုမိုဖြစ်ပွားလာနိုင်ပါတယ်။ အထူးသဖြင့် ကိုယ်ခံအားနည်းသော ကလေးများနှင့် သက်ကြီးရွယ်အိုများမှာ နွေးနွေးထွေးထွေးနေသင့်ပြီး ရေနွေးနှင့်စပ်၍ ရေချိုးသင့်ပါတယ်။ နံနက်စောစော လမ်းလျှောက်ခြင်းကို ရှောင်သင့်ပြီး နေထွက်လာပြီးနောက် နံနက် ၇ နာရီနဲ့ ၈ နာရီကြားမှာသာ လမ်းထွက်လျှောက်သင့်ပါတယ်။

ဒါ့ပြင် ချမ်းအေးတဲ့ရာသီဥတုမှာ နေထိုင်စားသောက်သည့်ပုံစံမှန်ကန်ဖို့ အထူးအရေးကြီးပါတယ်။ ရေချိုးပြီးတဲ့အခါမှာလည်း မော်တော်ကားပြတင်းပေါက်တံခါးကို ပိတ်၍စီးပေးပါ။ အစားအစာကို ပူနွေးနွေးစားသင့်ပြီး ဆေးလိပ်နဲ့ အရက်တို့ကို တတ်နိုင်သမျှ ရှောင်ကျဉ်သင့်ပါတယ်။ ဆောင်းရာသီမှာ ကျား၊ မ အရွယ်သုံးပါးမရွေး အအေးမိ၊ နှာစေး၊ ချောင်းဆိုးခြင်း ဝေဒနာတွေကို ကြုံရတတ်ပါတယ်။ သို့သော် ကိုယ်ခံအားကောင်းနေမယ်ဆိုရင် အဲဒီလိုဝေဒနာတွေကို မခံစားရတော့ပါဘူး။ ဒါကြောင့် ကိုယ်ခံအားတောင့်တင်းကြံ့ခိုင်စေဖို့အတွက် အောက်ဖော်ပြပါ အစားအစာ ၁၀ မျိုးကို ဆောင်းရာသီမှာ စားပေးသင့်ပါကြောင်း အကြံပြုလိုပါတယ်။

**(၁) ကြက်သွန်ဖြူ**

ကြက်သွန်ဖြူစားပြီးတဲ့အခါ ပါးစပ်မှာ အနံ့စွဲကျန်ရစ်ခဲ့တာကြောင့် လူတော်တော်များများက ကြက်သွန်ဖြူဆိုရှောင်ကြပါတယ်။ ကျန်းမာရေးရှုထောင့်မှကြည့်ရင် ကြက်သွန်ဖြူထဲမှာ antiviral (ခေါ်) အအေးမိခြင်းကိုဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုးများကို တားဆီးကာကွယ်နိုင်သော ဂုဏ်သတ္တိနှင့် antibacterial (ခေါ်) ဘက်တီးရီးယားပိုးမွှားများအန္တရာယ်မှ ကာကွယ်နိုင်သော သဘာဝစွမ်းအင်တွေပါရှိနေကြပါတယ်။ ဒါကြောင့် ထမင်းစားတဲ့အခါတိုင်း ကြက်သွန်ဖြူကို အနည်းဆုံး တစ်တက် (တစ်မြွှာ) လောက် ထည့်စားပေးသင့်ပါတယ်။

**(၂) ဒိန်ချဉ်**

တစ်နေ့တာလုံး ကိုယ်ခံအားကောင်းချင်တယ်ဆိုရင်ဖြင့် နံနက်စာစားပြီးတဲ့အခါ ဒိန်ချဉ်တစ်ခွက်လောက် သောက်ပေးလိုက်ပါ။ ဒိန်ချဉ်ထဲမှာပါရှိတဲ့ probiotics (ခေါ်) ခန္ဓာကိုယ်အတွက် အကျိုးပြုဘက်တီးရီးယားများက ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားလာစေပါတယ်။

**(၃) စွတ်ပြုတ်ရည်**

ရှေးပဝေသဏီမှစ၍ ကြက်စွတ်ပြုတ်ရည်ကို ကိုယ်ခံအားကောင်းစေတဲ့ဓာတ်စာအဖြစ် သောက်သုံးလာခဲ့ကြပါတယ်။ သိပ္ပံနည်းကျ ဓာတ်ခွဲစမ်းသပ်ကြည့်ရာ ကြက်သားနှင့် ကြက်ရိုးစွတ်ပြုတ်ရည်ဟာ ကိုယ်ခံအားကောင်းစေရုံသာမက အအေးမိခြင်း၊ နှာစေး၊ ချောင်းဆိုးခြင်းနှင့် ဖျားနာခြင်းအမျိုးမျိုးတို့အတွက် အကောင်းဆုံး အိမ်တွင်းသမားတော်ဖြစ်တယ်လို့ နိုင်ငံတကာဆေးသုတေသီများက အသိအမှတ်ပြု ထောက်ခံထားကြပါတယ်။

**(၄) ဟင်းနုနယ်ရွက်**

ဆေးဖက်ဝင်ဟင်းနုနယ်ရွက်လေးများဟာ ကျန်းမာရေးအတွက် စူပါအစားအစာလို့ နိုင်ငံတကာက အသိအမှတ်ပြုထားကြပါတယ်။ အကြောင်းရင်းမှာ ၎င်းထဲမှာကြွယ်ဝစွာပါရှိတဲ့ ဖောလစ်အက်ဆစ်က ခန္ဓာကိုယ်ထဲရှိအကျိုးပြုဆဲလ်တွေကို အလိုအလျောက် ပြန်လည်ပြုပြင်ပေးနေလို့ပါပဲ။ ဒါ့ပြင် ဗီတာမင်စီ မြင့်မားစွာပါရှိနေတာကြောင့် ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးနိုင်ပါတယ်။

**(၅) ဘရိုလီ(ခေါ်)ပန်းဂေါ်ဖီစိမ်း**

ဂေါ်ဖီမျိုးနွယ်ဝင် ပန်းဂေါ်ဖီစိမ်းဟာ ၎င်းနဲ့မျိုးနွယ်တူအခြားသောဂေါ်ဖီများထက် နှစ်ဆလောက်ပို၍ ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားပေးနိုင်ပါတယ်။ သူ့ရဲ့ထူးခြားတဲ့အာနိသင်မှာ ခန္ဓာကိုယ်ထဲရှိ အဆိပ်အတောက်များကို သဘာဝအလျောက် သန့်စင်ပေးနိုင်တဲ့အပြင် အအေးမိ၍ ဖျားနာခြင်းမှလည်း ကာကွယ်ပေးထားနိုင်ပါတယ်။

**(၆) ဂရိတ်ဖရုသီး**

အအေးမိတဲ့အခါ လိမ္မော်ရည် ၁ ဖန်ခွက်သောက်၍ နာမကျန်းမဖြစ်အောင် ကြိုတင်ကာကွယ်ဖြေရှင်းလေ့ရှိကြပါတယ်။ ထိုနည်းတူစွာပင် အအေးမိခြင်းကို ဂရိတ်ဖရုသီးတစ်ခြမ်းလောက် ဖျော်သောက်ရုံမျှဖြင့် ကာကွယ်ထားနိုင်ပါတယ်။ ဂရိတ်ဖရုသီးထဲမှာပါတဲ့ သဘာဝစွမ်းအင်ဓာတ်များက အအေးမိ၍ နာကျင်ကိုက်ခဲခြင်းဝေဒနာများကို အချိန်တိုအတွင်းမှာ ဖြေလျှော့ပေးနိုင်သလို ခန္ဓာကိုယ်အတွက်အရေးပါတဲ့ ဖရီးရယ်ဒီကယ်လ်တွေ ပျက်စီးခြင်းမှလည်း ကာကွယ်ပေးနိုင်ပါတယ်။

**(၇) သစ်ကြမ်းပိုးခေါက်**

သစ်ကြမ်းပိုးခေါက်ထဲမှာပါရှိတဲ့ သဘာဝအဆီတစ်မျိုးက အစာကျေညက်လွယ်စေပါတယ်။ အထူးသဖြင့် အေးချမ်းတဲ့ ဆောင်းဥတုမှာ ခြေတွေ လက်တွေ အေးစက်ခြင်းမဖြစ်အောင် သစ်ကြမ်းပိုးခေါက်က သွေးလည်ပတ်စီးဆင်းမှုကို အားကောင်းစေပါတယ်။ ဒါ့ပြင် အအေးမိ၍ဖျားနာခြင်းကို ဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုးများနှင့် ဘက်တီးရီးယားပိုးမွှားများအန္တရာယ်မှ ကာကွယ်ပေးနိုင်ပါသေးတယ်။ ဒါကြောင့် ဆောင်းရာသီရောက်ရင် သစ်ကြမ်းပိုးခေါက်မှုန့်လေးကို ဆောင်ထားပြီး ရေနွေး(သို့) လက်ဖက်ရည် (သို့) ကော်ဖီထဲ ထည့်ဖျော်သောက်ပေးသင့်ပါတယ်။

**(၈) ဖရဲသီး**

ဖရဲသီးအေးအေးလေးတွေကို နွေရာသီအတွက် စားသုံးရန်သာဟု မထင်မှတ်လိုက်ပါနှင့်။ ဖရဲသီးက ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်တာကြောင့် တစ်နှစ်ပတ်လုံး ဥတုရာသီမရွေး စားသုံးပေးသင့်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဖရဲသီးထဲမှာပါရှိနေတဲ့ သဘာဝဗီတာမင်စီနှင့် အေဓာတ်များက ခန္ဓာကိုယ်အတွက်အရေးပါတဲ့ lycopene ဓာတ်ကို တစ်ဖက်တစ်လမ်းက ကူညီအားဖြည့်ပေးနေလို့ပါပဲ။

**(၉) ကမာကောင်(မုတ်ကောင်)**

Oyster လို့ခေါ်တဲ့ ကမာကောင်တွေကို ကာမစိတ်မြှင့်တင်ပေးနိုင်တဲ့အစာအဖြစ် လူသိများကြပါတယ်။ အရွယ်ရောက်ပြီးသူ လူသားတစ်ဦးအတွက် တစ်နေ့တာလိုအပ်ချက် ဇင့်ဓာတ်ပမာဏကို ကမာကောင်မှ လုံလောက်စွာ ရရှိနိုင်ခြင်းကြောင့်ဖြစ်ပါတယ်။ ကမာကောင်က တက်စထရိုထရုန်းဟော်မုန်းတစ်ခုတည်းကိုသာ တိုးမြှင့်ပေးနိုင်ရုံမကပါဘူး ကိုယ်ခံစွမ်းအားကို တိုးမြှင့်ပေးနိုင်တဲ့အတွက်ကြောင့် အအေးမိ၊ နှာစေး၊ ချောင်းဆိုးစတဲ့ အပရိက ကူးစက်ရောဂါများကို တံတိုင်းကြီးသဖွယ် ကာကွယ်စောင့်ရှောက်ပေးနိုင်ပါတယ်။

**(၁၀) မှို**

နေရောင်ခြည်ကိုမကြိုက်တဲ့ မှိုပွင့်လေးတွေကို ဆောင်းရာသီမှာ တွေ့ရခဲပါတယ်။ ဒါကြောင့်လည်း ဆောင်းရာသီရောက်ရင် ရှားပါးပစ္စည်းမို့က ဈေးကြီးပါတယ်။ သို့သော် ဟင်းသီးဟင်းရွက်တွေမှာတွေ့ရခဲ့တဲ့ ဗီတာမင်ဒီဓာတ်နှင့် ဇင့်သတ္တုဓာတ်တို့ကို မှိုထဲမှ အလုံအလောက် ရရှိနိုင်ပါတယ်။ ဒါကြောင့် ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်တဲ့ တန်ဖိုးကြီးမှုကို ဆောင်းရာသီဒဏ်ခံနိုင်တဲ့ ဓာတ်စာအဖြစ် စားပေးနိုင်ရင် ပိုကောင်းမည်ဖြစ်ပါကြောင်း အကြံပြုလိုက်ရပါတယ်။ ။


“ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း ”

မြန်မာ့ရပ်ရှင်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ
**ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ ပန်းချီစိုးမိုး** အား
၂၀၁၆ ခုနှစ် (၆၈) နှစ်မြောက် (လွတ်လပ်ရေးနေ့) တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၆ ဖြင့်
“**အလင်္ကာကျော်စွာ**” ဘွဲ့တံဆိပ် ကို
ထိုက်ထိုက်တန်တန်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အနုပညာလောက၏အကျိုး၊ နိုင်ငံအကျိုးတို့ကို ဆတက်တိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီလီမိတက်**



ရွှေခင်းသာ FULLY AIR-CON EXPRESS
ကျိုက်ထီးရိုး / ချောင်းသာ(နေ့စဉ်)
* မန္တလေး၊ ပြင်ဦးလွင်ဘုရားဖူး၊ ကျောက်စိမ်းစေတီ (အမ်းစဉ်) 35000/-
* ဘားအံ၊ ဂူ(၅)ဂူ၊ ကျိုက်ထီးရိုး လမ်းဘုရားဖူး —30000/-
Jan 22,29
* ရွှေစက်တော်၊ မြေတော်ရာမွေ့တော်ပွဲနှင့် လမ်းဘုရားဖူး —40000/-
* ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ အလောင်းတော်ကဿပ —70000/-
* ရွှေစက်တော်၊ ရခိုင်မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ငပလီ 90000/-
Feb11
Ph: 09-420046635, 09-30207754, 09-450098226, 09-798460561






**နေမင်းဗိုး**
**ကဗျာလိုင်မှုခင်းများကိုလေ့လာတင်ပြခြင်း**

သင့်မိသားစု အန္တရာယ်ကင်းအောင် ဤစာအုပ်အိမ်တွင်ဆောင်ထားပါရန် ...
တန်ဖိုး-၂၀၀၀ ကျပ်
ဖြန့်ချိရေး-လုလင်ကျော်စာအုပ်တိုက်၊ အမှတ်(၄၇၅)၊ ၂၅-ရက်ကွက်၊ ပြည်ထောင်စုလမ်း၊ တောင်ဒဂုံမြို့နယ်။
ဖုန်း-၀၉ ၄၂၂၅၆၃၂၈၀၊ ၀၉ ၅၀၄၅၇၃၈



**အများသိစေရန်နှင့်**
**ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၈)၊ မြေကွက်အမှတ်-၂၄၆၊ (အလျားပေ ၄၀×အနံပေ ၆၀)ရှိ ဒေါ်နုနုဝင်း(ISN-၅၁၈၄၈၉) [၁၂/ဥကတ(နိုင်)၀၇၂၆၂၇] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရောက်ရရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးသိန်းဇော်[၁၂/သဃက(နိုင်)၀၉၃၂၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများကိုတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော် လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ကျော်အောင်(စဉ်-၃၄၄၉၀)
**LL.B, C.B.L** (အထက်တန်းရှေ့နေ)
**(SHWE HINN THAR LAW FIRM &REALESTATE CONSULTANT)**
အမှတ်-၁၀၆၆၊ ပင်လုံလမ်း၊ (၃၅)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၂၅၀၀၁၀၁၅၄



**ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)**
**နှစ်ပတ်လည်အစည်းအဝေး**

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၇-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းမ၊ SSC ဆေးရုံကြီးရှေ့၊ ခြောက်ထပ်ကြီးဘုရားဝင်းရှိ ဘိုကလေးမြို့နယ်အသင်းခန်းမှာရုံ၌ ကျင်းပမည်ဖြစ်ပါသည်။ အသင်းသူ၊ အသင်းသားများနှင့် မြို့နယ်သူ၊ မြို့နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အသက်(၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်ဘိုးဘွားများနှင့် ၂၀၁၄-၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများသည် ၁-၂-၂၀၁၆ရက် နောက်ဆုံးထား၍ ဦးစိန်မြင့် -၀၉ ၅၀၂၉၆၂၆၊ ဦးသိန်းလွင်-၀၉ ၃၃၀၅၁၆၃၆၊ ဦးခင်စိုး-၀၉ ၈၆၀၁၅၀၂၊ ဦးဝင်းမော်ဦး- ၀၉ ၄၀၁၅၂၃၂၃၆၊ ဦးခင်မောင်ဦး ၀၉-၄၅၀၀၄၁၅၆၅ တို့ထံ ဆက်သွယ်စာရင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

**အမှုဆောင်အဖွဲ့၊ ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)**



**100'** × **100'** မြေကွက်ငှားရန်ရှိသည်
စက်၊ ယန္တရားထားရန်၊ ကား Show Room ဖွင့်ရန်သင့်
စက်မှုဇုန်(၂)၊ လှိုင်သာယာ။
ဆက်သွယ်ရန်ဖုန်း-၀၉-၇၈၇၂၀၀၅၁၁

# ရေး-ထားဝယ်မီးရထားလမ်း၌ တွဲဆိုင်းသစ်များစတင်ပြေးဆွဲ

**မြစ်ငယ် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံ မြစ်ငယ်မြို့တွင်တည်ဆောက်လျက်ရှိသည့် လူစီးတွဲနှင့် ကုန်တွဲများအနက် BDTS ရိုးရိုးတန်းရထားတွဲဆိုင်းသစ်များ၊ အဆင့်မြှင့်တင်ထားသော ရထားတွဲဆိုင်းသစ်များအား ရေး-ထားဝယ်လမ်းပိုင်းတွင် ဇန်နဝါရီ ၁၈ ရက်တွင် စတင်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရိုးရိုးလူစီးတွဲ BDTS တွဲဆိုင်းသစ်များမှာ ခရီးသည် ၄၂ ဦး စီးနင်းလိုက်ပါနိုင်မည့် ဖိုက်ဘာထိုင်ခုံပါ တွဲဆိုင်းတစ်ဆိုင်းဖြစ်ပြီး တွဲဆိုင်းတစ်ဆိုင်းလျှင် အတွဲငါးတွဲဖြင့် သန့်စင်ခန်း၊ စတီးလ်ခုံရေလောင်းစနစ်ပါ အပြင် အတွဲတိုင်း မီးမိန်းဘုတ်တစ်ခုစီပါရှိပြီး ခရီးသည်လက်ဆွဲအိတ်များပါ တင်ဆောင်နိုင်ရန် စင်ပါရှိကြောင်း မြန်မာ့မီးရထား ဒုကြီးကြပ်ရေးမှူး(တွဲ) ဦးကြည်ဦးက ပြောပြသည်။

ယင်းရေး-ထားဝယ်လမ်းပိုင်းတွင် အဆင့်မြှင့်တင်ထားသော ရထားတွဲဆိုင်း ရိုးရိုးတန်းခရီးသည်တစ်ဦးလျှင် ယခင်မူလနှုန်းထားကျပ် ၁၉၅၀ ဖြင့် စီးနင်းလိုက်ပါနိုင်ကြမည်ဖြစ်သည်။ ယခင်က ရေး-ထားဝယ်လမ်းပိုင်းတွင် လိုက်ပါစီးနင်းကြသူများမှာ ပုံမှန်စီးနင်းကြသူများသာရှိခဲ့ရာမှ ယခုလို မြန်မာ့မီးရထားမှ ရိုးရိုးလူစီးတွဲကိုပါ ခရီးသည်များအား အဆင့်မြှင့်တင်ပြေးဆွဲပေးသည့်အတွက် သက်သောင့်သက်သာစွာဖြင့် လွတ်လပ်ပေါ့ပါးစွာ စီးနင်းလိုက်ပါနိုင်၍ ယခင်ကထက် ပိုမိုများပြားလာရန်လည်း မျှော်လင့်ထားကြောင်း ၎င်းကဆက်လက်ပြောသည်။

ရေး-ထားဝယ်လမ်းပိုင်းကို အဆန် ၁၇၅ နှင့် အစုန် ၁၇၆ ရိုးရိုးတန်းတွဲဆိုင်းသစ်များကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်မှာ ရေးဘူတာရုံမှစတင်ထွက်ခွာမောင်းနှင်ပြီး ထားဝယ်ဘူတာရုံသို့ ည ၇ နာရီတွင် ခရီးစဉ်ဆိုက်ရောက်မည်ဖြစ်ကာ ရေးမြို့မှ ထားဝယ်မြို့သို့ မီးရထားလမ်းခရီးမိုင်မှာ ၁၀၁ မိုင်အကွာအဝေးတွင် တည်ရှိနေကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**



# ရှေးခေတ်မင်းဧကရာဇ်တို့ လက်ဆောင်ပဏ္ဏာတော်များသိမ်းမြန်းရာ အဆောင်အဖြစ် ထင်ရှားသော မြောက်စမုတ်ဆောင်



**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးမြို့သို့လာရောက်လည်ပတ်သူများစွာမှာ မြနန်းစံကျော်ရွှေနန်းတော်ကြီးကို စိတ်ဝင်တစားလေ့လာလေ့ရှိသည်။ ရွှေနန်းတော်ကြီးကို မူလပုံစံအတိုင်း စနစ်တကျလေ့လာနိုင်ခြင်းကိုက မန္တလေးမြို့အတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။ ဂုဏ်ယူဖွယ်ရာ ရွှေနန်းတော်ကြီးကို ပြန်လည်တည်ဆောက်သည့်ရည်ရွယ်ချက်များတွင် မျိုးချစ်စိတ်ဓာတ်တို့ ရှင်သန်ထက်မြက်ကာ တိုင်းပြည်ချစ်စိတ်တိုးပွားရေးနှင့် အမျိုးသားယဉ်ကျေးမှုကို အားပေးမြှင့်တင်ရေးတို့အတွက်လည်း ပါဝင်နေပေသည်။

ရွှေနန်းတော်ကြီးကို ရှေးမူမပျက် ပြန်လည်ထိန်းသိမ်းတည်ဆောက်နိုင်မှုတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနမှ ရှေးယခင်ကမှည်းကျောက်စာဝန်ရုံးတွင် စုဆောင်းမှတ်တမ်းတင်ထားသည့် ရွှေနန်းတော်ကြီးအဆောင်အသီးသီး၏ မှတ်တမ်းပုံ၊ မြင်ကွင်းအမျိုးမျိုးနှင့် ပန္နက်ပုံများ၊ သုတေသနပညာရှင်အသီးသီး၏ မှတ်တမ်းပုံအသီးသီးကြောင့် ပီပြင်စွာတည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။လက်ရှိကာလတွင် အဆောင်ဆောင်အခန်းခန်းများစွာနှင့် အဆောင်အလိုက်လုပ်ငန်းဆောင်တာအလိုက် စနစ်တကျပြုလုပ်ပုံများကိုပါ အလွယ်တကူလေ့လာနိုင်သော နေရာတစ်ခုအဖြစ်တည်ရှိနေသည်။

မြနန်းစံကျော်ရွှေနန်းတော်ကြီးအတွင်းရှိ စိတ်ဝင်စားဖွယ်ရာအဆောင်များတွင် ရှေးခေတ်မင်းဧကရာဇ်တို့ လက်ဆောင်ပဏ္ဏာတော်များသိမ်းမြန်းရာ အဆောင်အဖြစ် ထင်ရှားသော မြောက်စမုတ်ဆောင်မှာလည်း တစ်ခုအပါအဝင်ဖြစ်သည်။ မြောက်စမုတ်ဆောင်မှာ မြနန်းစံကျော်ရွှေနန်းတော်ကြီးအတွင်း မှန်နန်းဆောင်၏ မြောက်ဘက်တည့်တည့်တွင် တည်ရှိသည်။ မင်းတက်လှေခါးတော်ကြီးထိပ် တောင်မြောက်ခေါင်ရိုးအတိုင်း စမုတ်ကို မြောက်ဘက်သို့လှည့်ကာ တည်ဆောက်ထားသည်။ တောင်စမုတ်ဆောင်နှင့် ပုံစံတူ၊ အရွယ်တူ၊ လေးထပ်ယွန်းဆောင်အဖြစ် ဆောက်လုပ်ထားပြီး ရွှေပိန်းချထားသည်။

မြောက်စမုတ်ဆောင်၏ထူးခြားမှုများတွင် မာရဘက်အတွင်းတွင် ဥဒေါင်းရုပ်ခံပေါက်သားကို ထုလုပ်ထားသော မယုရာသနပလ္လင်တော်ကိုထားရှိသည်။ ပလ္လင်တော်ထက်တွင် ဆင်နားဇာနှင့် ဥကင်းတံကဲတော်ကြီး အသီးသီးပါရှိသည်။ ရှေးခေတ်က ထီးရုံ၊ နန်းရုံစော်ဘွား၊ မြို့စား၊ သူဌေးသူကြွယ်တို့ သမီးကညာရတနာ၊ စိန်၊ ကျောက်၊ ဆင်၊ မြင်းရတနာများ ဆက်သသည့်အခါ ဘုရင်မင်းမြတ်က မြောက်စမုတ်ဆောင်သို့ထွက်တော်မူကာ လက်ခံသိမ်းမြန်းလေ့ရှိသည်။ တစ်နည်းအားဖြင့် မင်းဧကရာဇ်တို့ ပဏ္ဏာတော်များ သိမ်းမြန်းသည့်အဆောင်အဖြစ် ထင်ရှားသည်။ တောင်မြောက်အလျား ၃၄ ပေ၊ အရှေ့အနောက် ၂၇ ပေ၊ အမြင့် ၃၆ ပေတည်ရှိသည်။ မန္တလေးမြို့ရောက် ခရီးသွားဧည့်သည်များ၊ ပြည်တွင်းဘုရားဖူးများ မြနန်းစံကျော်ရွှေနန်းတော်ကြီးနှင့်အတူ အဆောင်ဆောင်အခန်းခန်းတို့၏ လုပ်ငန်းဆောင်တာများကို အလွယ်တကူလေ့လာကာ ရှေးခေတ်နန်းတွင်းရသကို လေ့လာခံစားနိုင်သော နေရာတစ်ခုအဖြစ် အလေးထားသွားလာလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါက်တာဦးအုန်းမြင့် ဗိုဓိရွှေမြန်မာတိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်းမှ "ဗိုဓိရွှေမြန်မာ" အမှတ်တံဆိပ် သလိပ်ပျော်ချောင်းဆိုးပျောက်ငုံဆေးပြားကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်ခြင်းအတွက် ဗိုဓိရွှေမြန်မာတိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်းနှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဗိုဓိရွှေမြန်မာတိုင်းရင်းဆေး ထုတ်လုပ်ရေးလုပ်ငန်းမှလည်း အရည်အသွေးကောင်းမွန်သော တိုင်းရင်းဆေးဝါးများကို ပိုမိုကျယ်ပြန့်စွာ ထုတ်လုပ်နိုင်ပြီး လုပ်ငန်းများ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

'ဇီဝကထရေးဒင်းကုမ္ပဏီလီမိတက်'
တိုင်းရင်းဆေးကုန်ကြမ်းနှင့် ဓာတုဗေဒပစ္စည်းရောင်းဝယ်ရေး
အမှတ်-၂၆၂/၂၈၆၊ အခန်း(၂)၊ မြေညီထပ်၊ ကုန်စျေးတန်းလမ်း၊ ရန်ကုန်မြို့

Since 1996
ပုလဲ
၅တန်းမှ ၁၀တန်း
၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲ ၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ (၈)မြို့နယ်တွင်
တစ်ခရိုင်လုံး အောင်ချက်အကောင်းဆုံး (၃)ကျောင်းစာရင်းဝင်
ဆရာဝန်များဦးစီးသော
စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း
မိမိတို့ ဆရာဝန်ဖြစ်အောင် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း လေ့ကျင့်ပေးသည်။စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။
ဆိတ်ငြိမ် ခြံဝန်းကျယ် အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။
ကွန်ပျူတာ၊ အင်္ဂလိပ် (4 Skill)၊ အားကစား၊ တေးဂီတ၊ လေ့လာရေးခရီးများ၊ (၈)တန်းအစိုးရစစ်အတွက်လည်း အထူးလေ့ကျင့်ပေးသည်။
(၉)တန်းအထူးအစီအစဉ် – သင်ရိုးကုန်သင်ပေး၍ (၁၀)တန်းစာပါထပ်ဆောင်းသင်ပေးပါသည်။
(၁၀)တန်း (၄)ဘာသာဂုဏ်ထူးနှင့်အထက် နှင့် (၈/၉) တန်း ထူးချွန်ကျောင်းသားများကို နိုင်ငံခြားတက္ကသိုလ် လေ့လာရေးခရီးပို့ဆောင်ပေးမည်။
၂၀၁၆ ကြိုအပ်လက်ခံပြီ
အမှတ် (၇၇) ငုဝါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း – ၀၉ ၅၁၅၈၈၅၁ ၊ ၀၉ ၇၁၂၉၉၇၂၆။



# အထူးလိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် ကျေးဇူးရှင်ချစ်မကြီး သုဓမ္မသိင်္ဂီဒေါ်စန်းစန်းနွဲ့(Win & San Diamonds & Fine Jewelry) အား "သီဟသုဓမ္မသိင်္ဂီ"ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလိုက်လှဲဝမ်းမြောက် ဂုဏ်ယူကြောင်းနှင့် ရှေ့အနာဂတ်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့် လူမျိုးဘာသာ၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက် အထူးဂုဏ်ပြုအပ်ပါသည်။

| | |
|---|---|
| ချစ်ဖေဖေနှင့်ချစ်မေမေ | ဦးကျော်သိန်း-ဒေါ်မြရီ("စန်း"ရတနာရွှေဆိုင်) |
| ချစ်ညီမ | ဦးဝင်းထွဋ်သန်း(ခ)ဦးပါ-ဒေါ်မာမာအေးမိသားစု("သိုက်"စိန်ရတနာဆိုင်) |
| ချစ်မောင်လေး | ဦးကျော်မင်းမင်းလတ်(ခ)ကိုစု**(MD)**-ဒေါ်ကေမာခိုင်မိသားစု("သိုက်"စိန်ရတနာဆိုင်)<br>(အမိပတိ သိုက်ကုမ္ပဏီလီမိတက်) |





ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း

ဆက်သွယ်ရန် - ၀၁ ၂၀၂၆၆၂၊ ၀၁ ၂၀၁၂၆၄၊ ၀၉ ၇၃၁ ၅၅ ၉၂၉

Health Fun Fair & Charity Bazaar

- Cupon တစ်စောင် ၅၀၀၀ကျပ် Lucky Draw အစီအစဉ်အတွက် မိမိရိုပိုလျှံပစ္စည်းသစ်များပေးလှူပါ။

**အဆိုပြုတင်ဒါခေါ်ယူခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ Mingaladon Industrial Park တွင် အဝင်အထွက် ဂိတ်သစ်တစ်ခု ပြုလုပ်ရန်အတွက် လုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း လုပ်ငန်းတင်ဒါများ လျှောက်ထား ပေးသွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

(၁) တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင် ထုတ်ယူနိုင်သည့်နေ့ရက် ( ၁၈-၀၁-၂၀၁၆ ) ( ၂၅-၀၁-၂၀၁၆ )
(၂) တင်ဒါပိတ်မည့်နေ့ရက် ( ၁၈-၀၂-၂၀၁၆ )
(၃) တင်ဒါတင်သွင်းရမည့်နေရာ မင်္ဂလာဒုံစက်မှုဇုန်ကုမ္ပဏီလီမိတက် အမှတ်(၃) လမ်းမကြီးနှင့်ခရေပင်လမ်းထောင့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်းနံပါတ် - ၀၁ ၆၃၉၀၀၂၊ ၆၃၉၀၀၃

NEW CAMPUS PRIMARY SCHOOL
Summer Class and Regular Class
Summer Class
- သူငယ်တန်းမှ စတုတ္ထတန်းအထိ
- အင်္ဂလိပ်စာနှင့် သင်္ချာ အဓိက သင်ကြားမည်။
- 9:30 Am to 12:00 Pm (Mon to Fri)
Regular Class
- KG to Grade (6)
- အစိုးရအသိအမှတ်ပြုကျောင်း
- 9:30 Am to 3:00 PM (Mon to Fri)
Yangon - No(28) Aung Ze Ya Road, Kyauk Kone, Yankin Township, Yangon, Myanmar. Tel:01-566 131, 09-7962 88621, 09-7962 88622
Nay Pyi Taw-Oaktarathiri Township, Mandalay Road & Bago Road. Tel : 09-4920 1810, 09-4920 1811






Same Sky, Exclusive World

Hanwha

Living Square

RSVP : 09-788000991~2

https://facebook.com/TRITONE.8mile / https://tritone8mile.com




Show Gallerry address :
No.33A, Pyay Road, Mayangone Tsp., Yangon,

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း


(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတရုံး ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆) ဖြင့် **လူမှုထူးချွန် (ဒုတိယဆင့်) ဂီတစာဆို ဟသ်ာတမြင့်ငွေ** အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့အဖြစ် **"အလင်္ကာကျော်စွာ"** ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် ဟသ်ာတမြို့ဂုဏ်ကို ဆောင်နှင်းပေးခဲ့သူ **အလင်္ကာကျော်စွာ ဂီတစာဆို ဟသ်ာတမြင့်ငွေ** နှင့်အတူ လှိုက်လှဲစွာ ဝမ်းမြောက် ဂုဏ်ယူလျက် ရှိကြပါသည်။

- ဟသ်ာတခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့မိ၊ မြို့ဖများ၊ မြို့နယ်သူ၊ မြို့နယ်သားများ
- ဟသ်ာတခရိုင်၊ စက္ကူပါလာဒီဖေါင်ဒေးရှင်း
- ဟသ်ာတမြို့နယ်၊ နယ်လှည့်အခမဲ့ဆေးကုသရေးအဖွဲ့
- ဟသ်ာတမြို့ သံဃာ့ဒါနအဖွဲ့ချုပ်
- ဟသ်ာတမြို့ လူမှုရေးအဖွဲ့အစည်းများ

## "ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီ၏တစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ပစိဖိတ်ဖုဒ်(ဒ်)အင်ဒတ်စ်ထရီး(စ်)လီမိတက်(PACIFIC FOOD INDUSTRIES LIMITED)၏ အထွေထွေမန်နေဂျာဖြစ်သူ ဦးကြည်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကုန်အမှတ်တံဆိပ်အမည်အမှတ်သား




၁၅၉၂၈/၂၀၁၅

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော MAGNOLIA ဟူသော အင်္ဂလိပ်စာလုံးအမှတ်အသားပါသည့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ၂-၁၂-၂၀၁၅ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ်-၄/၁၅၉၂၈ဖြင့် တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်သားဖြင့် နို့ဆီနှင့်နို့ထွက်ပစ္စည်းအမျိုးမျိုးကို ပစိဖိတ်ဖုဒ်(ဒ်)အင်ဒတ်စ်ထရီး(စ်)လီမိတက်(PACIFIC FOOD INDUSTRIES LIMITED) မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် နို့ဆီနှင့် နို့ထွက်ပစ္စည်းအမျိုးမျိုးတို့ကို ထည့်သွင်းအသုံးပြုသည့် ပလတ်စတစ်အိတ်အမျိုးမျိုး၊ စက္ကူအိတ်အမျိုးမျိုး၊ ကော်ဘူး၊ သံဘူး၊ စက္ကူဘူး၊ ပါဆယ်ထုပ်၊ စက္ကူပတ်၊ အသားတံဆိပ် အစရှိသည်တို့အပေါ်တွင်လည်း ယင်းတံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ပြုလုပ်၍ ဖိနှိပ်၍ဖြစ်စေ၊ ကပ်နှိပ်၍ဖြစ်စေ၊ အသုံးပြုသွားမည်ဖြစ်ပြီး သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ လက်ကမ်းစာစောင်၊ ပိုစတာဆိုင်းဘုတ်၊ ဘီ(လ်)ဘုတ်(Billboard)ရုပ်မြင်သံကြား၊ ဗီဒီယိုတို့တွင်လည်း အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ထည့်သွင်းကြေညာသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိကုမ္ပဏီ၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ပစိဖိတ်ဖုဒ်(ဒ်)အင်ဒတ်စ်ထရီး(စ်)လီမိတက် (PACIFIC FOOD INDUSTRIES LIMITED)ကုမ္ပဏီမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေ၊ ကုမ္ပဏီ/အဖွဲ့အစည်း/အသင်းအဖွဲ့လုပ်ငန်းတစ်ခုခုမှဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍ မည်သည့်နို့ဆီနှင့် နို့ထွက်ပစ္စည်းမျိုးကိုမျှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြော်ငြာခြင်းမပြုလုပ်ရန် အသိပေးအပ်ပါသည်။ အကယ်၍ ဤအသိပေးချက်ကို လိုက်နာခြင်းမရှိဘဲ တုပပြုလုပ်သုံးစွဲအသုံးပြုသည်ကို တွေ့မြင်ကြားသိရပါက ကုမ္ပဏီ၏လုပ်ငန်းအကျိုးစီးပွားထိခိုက် နစ်နာဆုံးရှုံးမှုများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မည်သည့်တရားရုံးများတွင်မဆို တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းတို့အရ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| ဦးကြည်သိန်း | ဦးမေအောင်(စဉ်-၇၇၄၉) |
| [၁၂/ကမရ(နိုင်)၀၁၈၉၅၄] | တရားလွှတ်တော်ရှေ့နေ |
| အထွေထွေမန်နေဂျာ | ဒေါ်ကြည်သာဆွေ ဒေါ်ဝတ်ရည်သန့် |
| PACIFIC FOOD INDUSTRIES LIMITED | (စဉ်-၃၄၄၁၇) (စဉ်-၂၉၉၉၀) |

အထက်တန်းရှေ့နေများ
အခန်းအမှတ်-၁၀၄(E)၊ ပထမထပ်၊
တိုက်-၁၀/၁၂ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၆၆၂

ဒေါ်ခင်အေးသန်း — နှင့် — ၁။ ဦးကျော်မြင့်
၂။ ဒေါ်သူဇာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်-၂၂၁ရပ်နေ (ယခုနေရပ်လိပ်စာမသိသူ) ဒေါ်သူဇာ(Director)(Great Father Land Construction & Decoration Co.,Ltd)သိစေရမည်။

တရားလို ဒေါ်ခင်အေးသန်းက တိုက်ခန်းလက်ရောက်ပေးအပ်စေရန်(သို့) အဆိုပါတိုက်ခန်း တန်ဖိုးငွေကျပ်-၁၂၀၀၀၀၀၀/-နှင့် နစ်နာကြေးငွေ ကျပ်-၃၈၀၀၀၀၀၀/--စုစုပေါင်းငွေကျပ်-၅၀၀၀၀၀၀၀/-ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတည်းယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂ရက်၊ (၁၃၇၇ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁၁ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးဌေးဝင်း)
ဒုတိယခရိုင်တရားသူကြီး(၈)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ကန်ထရိုက်တာ ဦးတင်ရွှေ [၁၂/တမန(နိုင်)၀၉၀၃၀၇]နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ဇာဝေယာလမ်း၊ အမှတ်(၃၄၈)နေ ဒေါ်တင်စန်း[၁၂/သဃက(နိုင်)၁၁၂၃၈၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်ပါလိပ်စာတွင် မြေရှင် ဒေါ်တင်စန်းနှင့် ကန်ထရိုက်တာ ဦးတင်ရွှေတို့က ၃၁-၈-၂၀၁၃ရက်စွဲပါ စာချုပ်ဖြင့် (၃)ခန်းတွဲ (၅)ထပ်တိုက် တစ်လုံးကို ဆောက်လုပ်ရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြသော်လည်း သတ်မှတ်ရက်အတွင်း ပြီးစီးအောင် ဆောက်လုပ်ပေးခြင်းမရှိသဖြင့် ၃၀-၆-၂၀၁၅ရက်စွဲပါ နောက်ဆက်တွဲစာချုပ်ဖြင့် ထပ်မံချုပ်ဆိုခဲ့ကြရာ သတ်မှတ်သည့် (၆)လအတွင်း ပြီးစီးအောင် ဆောက်လုပ်ပေးခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ဤသတင်းစာပါ ကြေညာချက်ပါရှိသည့်နေ့မှ နောက်(၇)ရက်အတွင်း ဒေါ်တင်စန်းထံ လာရောက်ဆက်သွယ်ပါရန်နှင့် ပျက်ကွက်ခဲ့ပါက ဒေါ်တင်စန်း၏ သဘောဆန္ဒအတိုင်း ဆက်လက်ဆောင်ရွက်ရသွားမည့်အပြင် စာချုပ်ပါစည်းကမ်းချက်များကို ဖောက်ဖျက်ခဲ့သည့်အတွက် ၃၁-၈-၂၀၁၃ နှင့် ၃၀-၆-၂၀၁၅ရက်စွဲပါ စာချုပ်များအား ဒေါ်တင်စန်းဘက်မှ ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။ ကန်ထရိုက်တာထံမှ ကြိုပို့ငွေစနစ်ဖြင့် ဝယ်ယူထားသော တိုက်ခန်းများအတွက် ဒေါ်တင်စန်းမှ လုံးဝတာဝန်ယူမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| ဒေါ်တင်စန်း | ဦးဝင်းရွှေ |
| [၁၂/သဃက(နိုင်)၁၁၂၃၈၈] | တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၂၅) |

တိုက်(၁၆၂/၃)၊ ကမာကြည်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း-၀၉-၇၃၀၀၅၂၆၇

ဒဂုံမျှားရည်
တက္ကသိုလ်စိုးစံ
ရှင်မဖောင်စာပေ
ဖုန်း - ၀၉ ၇၉၈ ၁၈၉ ၁၄၈၊ ၀၉ ၇၃၂၂၄၁ ၃၇

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံနေ ဦးဝင်းအောင်(အဖ-ဦးလှအောင်)[၁၂/ရကန(နိုင်) ၀၅၃၇၁၂]မှ ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာ (၁၀၅၅)ကို ၂၀-၁-၂၀၁၅ရက်တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ မစိုးရိမ်လမ်းသွယ်(၂)၊ အမှတ်(၇/ဃ)နေ ဦးဇော်ဝင်းနိုင်(အဖ-ဦးလှရွှေ)[၁၂/ပဘတ (နိုင်)၀၁၁၅၇၈]သို့ လွှဲအပ်ခဲ့ရာ ယနေ့မှစ၍ ယင်းအထွေထွေကိုယ်စားလှယ်လွှဲစာကို ဦးဝင်းအောင် မှ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်းနှင့် ကာယကံရှင် ဦးဝင်းအောင်၏ ခွင့်ပြုချက်မရှိဘဲ မည်သည့်ကိစ္စအဝဝကိုမှ မဆောင်ရွက်ရန် အသိပေးကြေညာအပ်ပါသည်။

ဦးဝင်းအောင်၏ညွှန်ကြားချက်အရ

| | | |
|---|---|---|
| ဦးအောင်နိုင်မိုး | ဦးအောင်မင်းဦး | ဒေါ်မေဖြိုးခင် |
| (စဉ်-၃၁၂၈) | (စဉ်-၂၄၅၃) | (စဉ်-၃၆၅၄၅) |
| **B.A(Law)L.L.B** | **B.A(Law) L.L.B** | **(L.L.M)** |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | (အထက်တန်းရှေ့နေ) |

**Myanmar Global Law Firm**
အခန်း(၁၀၃-**K**)၊ တိုက်(၁၀/၁၂)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၉၀၀၁၆၃၆၊ ၀၉-၇၃၂၂၀၀၂၃

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၃/အမ်)၊ မြေအတန်းအစား (111-Class)၊ မြေကွက်အမှတ်(၄၇)၊ ဧရိယာ(၀. ၀၂၈) ဧကနှင့် နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၇)၊ သရဖီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်ဟု ခေါ်ဆိုသော တစ်ထပ်တိုက်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင် လက်ဝယ် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် ဦးတင်သိန်း [၁၂/အလန(နိုင်)၀၁၃၈၁၆]၊ ဦးကျော်သိန်း[၁၂/အလန(နိုင်)၀၃၅၂၇၃]၊ ဦးထွန်းသိန်း [၁၂/မဂတ(နိုင်)၀၈၁၇၀၅]နှင့် ဒေါ်ကြူကြူသိန်း [၁၂/အလန(နိုင်) ၀၁၃၈၄၈]ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောပိုင်ဆိုင်မှုမူရင်းအထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်မြင့်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၆၀၉၀)
အမှတ်-၅၀၊ ပထမထပ်၊ အခန်း(၁၁/စီ)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## (၆)လပြည့်လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်မျိုးဆွေ(ရေစကြို)**

**အသက်(၈၀)**

မိခင်ကြီး ကွယ်လွန်ခဲ့တာ ၁၉-၁-၂၀၁၆ရက်မှာ ၆လတိတိပြည့်ခဲ့ပါပြီ။ ကြီးမားလှသော ကျေးဇူးတရားများကို ယနေ့ထက်တိုင် တစ်နေ့မှ မေ့မရပါ။ ပေးဆပ်၍ မကုန်နိုင်တဲ့ မေမေ့ရဲ့ အေးမြလှသော မေတ္တာတရားများကို ရည်စူးပြီး လစဉ် ပြုလုပ်ခဲ့သည့် အလှူဒါနများကို မေမေ့အား အမျှပေးဝေပါသည်။

မြင့်မြတ်၊ အေးချမ်းသောဘုံဘဝမှာ သာခုခေါ်ပါ ချစ်မေမေ---။

**ဗိုလ်မှူးကြီးမျိုးမင်း(ငြိမ်း)နှင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စု**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ဘဒ္ဒန္တသံဝရ မဟာထေရ်**

**အဘိဓဇမဟာရဋ္ဌဂုရု**

**အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ**

**မဏ္ဍိုင်အဋ္ဌသာလိနီ ကျမ်းပြု**

**သိက္ခာတော်(၆၈)ဝါ၊ သက်တော်(၈၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပန်းခြံကုန်းရပ်ကွက်၊ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ် စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသံဝရ မဟာထေရ်မြတ်သည် (၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်) ၁၆-၁-၂၀၁၆ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်နေ့) ၂၄-၁-၂၀၁၆ (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇာ ကျင်းပမည်ဖြစ်ပါကြောင်း မဏ္ဍိုင်ဝံသပါလ တပည့်သံဃာတော်များနှင့် ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ပင့်လျှောက် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနကော်မတီ-မဏ္ဍိုင်**

---

## သွေးသည်အသက်

---

## (၁၃)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဦးအောင်သိန်း(ရွှေဘို)**

(၁၉-၁-၂၀၀၃ မှ ၁၉-၁-၂၀၁၆)

၁၉-၁-၂၀၀၃ ရက်တွင် ကွယ်လွန်သွားသော အင်္ဂလိပ်စာ ဆရာကြီး ဦးအောင်သိန်း(ရွှေဘို)အား ရည်စူး၍ နှစ်စဉ်ကောင်းမှုပြုပါသည်။

**တပည့်** - **ဦးအောင်ကျော်နိုင်-ဒေါ်နုနုရွှေ**

**သား** - **ကျော်ထင်သော်နိုင်**

**အောင်ပညာရိပ်မွန် ကိုယ်ပိုင်ကျောင်း၊ စစ်ကိုင်း**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်-၁၁၆၁/ခ၊ မြေကွက်တည်နေရာအမှတ်-၁၁၆၁/ခ၊ ဇေယျာသီရိလမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ (ဦးသိန်းလှိုင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန္ဒာဝင်း[၁၂/တမန(နိုင်)၀၈၀၇၈၄]မှ တင်ပြပါမစ်မူရင်းတွင် ဓာတ်ပုံ၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခြင်း ခံရသူများ၏ မှီခိုနေထိုင်သူများစာရင်းတို့တင်ပြ၍ ပြောင်းရွှေ့သူများ ရာဇဝင်အကျဉ်းချုပ် ပျောက်ဆုံးကြောင်း ကျမ်းကျိန်ထောက်ခံစာ၊ တယ်လီဖုန်းတာဝါတိုင်ဆောက်လုပ်ရန် ဒီဂျီဆဲလ်မြန်မာတာဝါကုမ္ပဏီလီမိတက်နှင့် ချုပ်ဆိုထားသော ငှားရမ်းခြင်း သဘောတူစာချုပ်တို့တင်ပြ၍ ပါမစ်မစုံဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## မောင်နိုင်လင်းကိုကို[13/Ya Sa Na(N)077397]နှင့် အများသိစေရန်

K-United General Trading and Distribution တာဝန်ရှိသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

မောင်နိုင်လင်းကိုကိုသည် K-United တာဝန်ရှိသူများအား ပေးရန် တာဝန်ရှိကြောင်း ဝန်ခံ ကတိပြုငွေ ၉၉၁၀၆၀ိ/-အား ဤကြေညာပါပြီး တစ်လအတွင်း ပေးဆပ်ပါရန်၊ ပေးဆပ်ရန် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာလွင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၃၁)**
**အမှတ်-၁၉၊ ၁-လမ်း၊ ခနောင်တိုအနောက်ရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်**

---

## အများသိရှိရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၄၅၈) တွင်နေထိုင်သူ ဦးအောင်ဌေး(KPG-၁၆၃၄၈၂)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၃၁၂)ရှိ (ညာဘက်) ထောင့်ဘက်ခြမ်း၊ ပေ(၅၅×၁၀)ရှိ ဆိုင်ခန်းအား ပိုင်ဆိုင်သူ ဦးမောင်စိန်(ကွယ်လွန်)၏ ဇနီးဖြစ်သူ ဒေါ်ကျင်လှိုင်၏ အထွေထွေကိုယ်စားလှယ်စာအမှတ်-၈၉/၁-၁-၂၀၁၆ ရသူ ဒေါ်အေးအေးသီ [၁၂/လမန(နိုင်)၁၀၃၉၀၅]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းချက်အရ ကျွန်ုပ်မိတ်ဆွေမှ တန်ဖိုးရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးအပ်ထားပြီးဖြစ်သဖြင့် လူကြီးမင်းတို့ မည်သူမဆို အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အမွေဆက်ခံသူများ၊ အခြားသော မည်သည့် ပုဂ္ဂိုလ်မဆို ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် သတင်းစာပါ ရက်၏ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ ကန့်ကွက်မှုမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မျိုး**
**အထက်တန်းရှေ့နေ(စဉ်-၃၂၆၂၆)**
**အမှတ်(၂-ခြ-၂)၊ ခိုင်ရွှေဝါလမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၃၂၃၂၄၁၆၇**

---

## ဒေါ်သက်သက်မြင့်[၁၂/ကမရ(နိုင်)၀၃၇၈၇၄]ကိုင်ဆောင်သူနှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာခြင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/၃၂)ရပ်ကွက်၊ ဗေဒါလမ်း၊ မြေကွက်အမှတ်-၉၄၂၊ အကျယ် ပေ(၄၈×၆၀)၊ (၂၉၄၀)စတုရန်းပေရှိ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြတ်သူရ[၁၂/အစန(နိုင်)၁၄၁၈၉၃] အမည်ပေါက် နှစ်(၆၀)ဂရန်ရရှိပိုင်ဆိုင်ထားခဲ့ကြောင်းနှင့် ယခုအချိန်ထိ အထက်ပါ မြေကွက်အား ဦးမြတ်သူရ တစ်ဦးတည်းမှ တရားဝင်ပိုင်ဆိုင်ထားသူဖြစ်ပါသည်။

သို့သော် အထက်ပါမြေကွက်ပေါ်သို့ ဒေါ်သက်သက်မြင့်မှ ကျူးကျော်ဝင်ရောက်၍ ဦးမြတ်သူရ ဆောက်လုပ်ခဲ့သည့် ပေ(၃၀×၁၀)ရှိ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ ရေမီးစုံပါ လူနေအိမ်အပြင် လူနေအဆောက်အအုံအား တိုးချဲ့ဆောက်လုပ်ခဲ့သည့်အပြင် အခြားသူများအား ငှားရမ်း၍ ကျူးကျော်နေထိုင်စေခဲ့ကြောင်းကို ပိုင်ရှင် ဦးမြတ်သူရသည် ၂၀၁၃ ခုနှစ်တွင် စတင်သိရှိခဲ့ရသဖြင့် ဒေါ်သက်သက်မြင့်ထံသို့ ၃-၃-၂၀၁၃ ရက်စွဲပါ စာဖြင့် အသိပေးအကြောင်းကြားခဲ့သော်လည်း ဒေါ်သက်သက်မြင့်မှ အကြောင်းကြားစာအား လက်ခံခဲ့ခြင်းမရှိပါ၍ ကျွန်ုပ်မိတ်ဆွေပိုင် မြေကွက်ပေါ်သို့ ဝင်ရောက်ကျူးကျော် ဆောက်လုပ်နေထိုင်စေလျက်ရှိသူများနှင့် ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံအား ဤကြော်ငြာပါရှိသည့်နေ့ရက်မှ ရက်ပေါင်း(၃၀)အတွင်း ဖျက်သိမ်းဖယ်ရှားထွက်ခွာပေးပါရန်နှင့် ဖျက်သိမ်းဖယ်ရှားပေးခြင်းမရှိပါက ပိုင်ရှင် ဦးမြတ်သူရမှ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်သက်သက်မြင့်နှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမြတ်သူရ** | **ဒေါ်ခင်မာလွင်(LL.B,D.B.L)** |
| **[၁၂/အစန(နိုင်)၁၄၁၈၉၃]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)** |

**ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၉၅၁၈၉၆၈၉**

---

## မောင်နွေလကြာအိုင်လင်း

**အသက်(၁၁)လ**

**၁၃-၁၀-၂၀၀၇ - ၁၇-၉-၂၀၀၈**

မိသားစုနှင့် ခွဲခွာသွားတာ ၁၇-၁-၂၀၁၆ရက်မှာ ၇ နှစ်နှင့် ၄လပြည့်ပြီဖြစ်သော်လည်း သတိရလွမ်းဆွတ်နေဆဲပါ။ သမီးလေးနှင့်အတူ သွားလာခဲ့သော မြန်မာပြည်အတွင်းရှိ နေရာဒေသများကို ပြန်လည်ရောက်ရှိတိုင်း သမီးလေးကို ပိုမိုသတိရစေပါတယ်။ သမီးလေး အခုရောက်ရှိနေတဲ့ ကောင်းကင်ဘုံမှာ ငြိမ်းချမ်းစွာ ပျော်ရွှင်နိုင်ပါစေလို့ အစဉ်မြဲဆုတောင်းပေးလျက်-

**ဖေဖေ၊ မေမေ၊ ကိုကို**
**I Love Myanmar Co.,Ltd.**

---

## အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၅/ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၁၁၇၂)၊ မြေအကျယ် ပေ(၄၀×၆၀)၊ မြေကွက်အမည်ပေါက် ဦးသန်းမြင့်(AA-၁၀၃၄၅၄)ထံမှ တစ်ဆင့်ဝယ်ယူခဲ့ပြီး အဆင့်ဆင့်ဝယ်ယူသူများမှာ ဦးသန့်ဇင်၊ ဦးထွန်းထွန်းဦး၊ ဒေါ်ချယ်ရီ၊ ဦးမောင်မောင်သိန်းတို့ဖြစ်ပြီး နောက်ဆုံးဝယ်ယူသူ ဦးမောင်မောင်သိန်း(MYGN- 028541)မှ မြေကွက်၏ ခေါင်းရင်းဘက် ပေ(၁၀×၆၀)မြေနှင့်အဆောက်အအုံကို လက်ရှိအကျိုးခံစားခွင့်ရရှိသူတစ်ဦးဖြစ်ပါသည်။ အထက်ဖော်ပြခဲ့သော မြေကွက်အဆောက်အအုံတို့နှင့် ပတ်သက်ပြီး ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ၊ ပိုင်ဆိုင်သူအသီးသီးတို့သည် ဤကြော်ငြာချက်ထည့်သည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန္တာခိုင်**
**[၁၂/သကတ(နိုင်)၀၉၈၆၈၃]**
**အမှတ်(၁၁၈၉)၊ သမိန်ဗရမ်းလမ်း၊ (၅၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**

---

## ဦးအောင်လတ်ထိုက်(ခ)ဦးအောင်မောင်း

**Project Manager, Golden Credo Engineering Co.,Ltd**

**ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်နှင့်အများသိစေရန်**

ဦးအောင်လတ်ထိုက်(ခ)ဦးအောင်မောင်းသည် ကျွန်ုပ်မိတ်ဆွေ ဦးလှဦးမောင် အမှတ်(၃၀)၊ ကွမ်း (၆၂)လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေသူပိုင် AYY-7J/6286၊ ISUZU/ 14' Box Truck ပန်းရောင်/အဖြူကြား မော်တော်ယာဉ်အတွက် နောက်ဆုံးငွေပေးချေရမည့် ၁၉-၁၁-၂၀၁၅ ရက်တွင် လာရောက်ပေးချေခြင်းမရှိသည့်အပြင် အတွေ့မခံတိမ်း ရှောင်နေသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ရှင်းလင်းရန်နှင့် ယင်းမော်တော်ယာဉ်အား တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းလှူဒါန်း၊ ပေါင်နှံခြင်းများ မပြုလုပ်ရန် အသိပေး တားမြစ်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမော်အေး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၇၆၇)**
**ဖုန်း-၀၉-၄၂၀၀၉၁၁၉၂**

---

## ၂-၁-၂၀၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၃၀) ကြော်ငြာကဏ္ဍပါ ဒေါ်အေးအေးဆင့်နှင့် အထက်တန်းရှေ့နေ ဒေါ်နုနုရီတို့၏ အများသိစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့၊ ပြည်တော်သာရပ်ကွက်၊ အိမ်အမှတ်(၉၉)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းကြည်[၁၂/ကမန(နိုင်)၀၀၃၃၄၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာလိုက်ပါသည်။

ဦးဝင်းကြည်သည် ကော့မှူးမြို့နယ်၊ မကျီးတန်းရပ်ကွက်အပိုင်၊ ကွင်းအမှတ်(၂၉၃)၊ လာပလိန်းကွင်း၊ ဦးပိုင်အမှတ်(၁၀/၂)နှင့် (၁၀/၃)၊ ဧရိယာ(၁၉. ၄၄) ဧကရှိ လယ်မြေများကို အမည်ပေါက်ပိုင်ဆိုင်လျက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ထွက်ရှိထားပြီးဖြစ်ပါသည်။ ဦးဝင်းကြည်သည် အိမ်ထောင်မရှိ လူပျိုကြီးဖြစ်ပါသည်။ အခြားမည်သူကိုမျှ တရားဝင်မွေးစားထားခြင်းလည်းမရှိပါ။ ဒေါ်အေးအေးဆင့်အနေဖြင့် ဦးဝင်းကြည်နှင့် သွေးသားတော်စပ်ခြင်းမရှိဘဲ အမွေဆက်ခံပိုင်ခွင့်မရှိပါသဖြင့် ဒေါ်အေးအေးဆင့်၏ ၂-၁-၂၀၁၆ရက်စွဲပါ အများသိစေရန် ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းပေးပါရန် အကြောင်းကြား ပြန်လည်ရှင်းလင်းကြေညာလိုက်ပါသည်။

**ဦးဝင်းကြည်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသောင်းလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၇၄)**
**အမှတ်-၅၅၊ ဘုရင့်နောင်လမ်း၊ ပြည်တော်သာရပ်ကွက်၊ ကော့မှူးမြို့**

---

## (၁၀)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှဝေခြင်း

(၁၉-၁-၂၀၀၆ မှ ၁၉-၁-၂၀၁၆)

**ကွယ်လွန်သူ ဒေါ်မာမာလွင်**

၁၉-၁-၂၀၀၆ ရက်တွင် ကွယ်လွန်ခဲ့သော အနန္တကျေးဇူးရှင် ချစ်လှစွာသောမိခင်ကြီး မိသားစုကို ခွဲခွာထားရစ်သည့် ယနေ့ ၁၉-၁-၂၀၁၆ရက်တွင် (၁၀)နှစ်တိတိပြည့်ခဲ့ပြီဖြစ်သော်လည်း ကျန်ရစ်ခဲ့တဲ့ မိသားစုရင်မှာ မနေ့တစ်နေ့ကလိုပဲ ထင်နေဆဲ၊ တစ်နေ့တစ်ရက်မှ မမေ့မလျော့ဘဲ တမ်းတ သတိရနေဆဲပါ။

မိခင်ကြီးအတွက် ရည်စူးပြုသမျှ ကုသိုလ်ကောင်းမှုအလှူဒါနအဝဝကို မြင့်မြတ်သော ဘုံဘဝမှ ကြားသိရ၍ သာခုခေါ်ဆိုနိုင်ပါစေ၊ တက်လှမ်းနိဗ္ဗာန်ရောက်ပါစေ။

**ခင်ပွန်း** - **ဦးဝင်းကြည်(ကြယ်ငါးပွင့်+GEWIN)**
**သားကြီး** - **ကိုဇာနည်ဝင်းလွင်(MYANMARS NET)**
**သမီးလတ်** - **မဆုမွန်ဝင်းလွင် (ASIA WINGS AIRWAYS)**
**သားငယ်** - **ကိုနေခြည်ဝင်းလွင် (SAGAWAH,MFG.LTD)**
**ကျန်ရစ်သူမိသားစု**

---

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဦးသီဟ(ဦးစီးအရာရှိ) စက်မှုသီးနှံဖွံ့ဖြိုးဦးစီးဌာန**

သီဟ ကွယ်လွန်သွားသည်မှာ ၁၉-၁-၂၀၁၆ ရက်တွင် (၁)နှစ်ပြည့်ပြီဖြစ်သော်လည်း နေ့စဉ်လွမ်းဆွတ်သတိရနေဆဲပါ။ (၁)နှစ်ပြည့်ရည်စူးပြီး ပြုလုပ်သော ကုသိုလ်ကောင်းမှုများအား အေးချမ်းမြင့်မြတ်သောဘုံဘဝမှ သာခုခေါ်နိုင်ပါစေ။

**ချစ်ဇနီး** - **သန်းသန်းလှ၊ သား-ပြည့်ဖြိုးသီဟ**
**ဖေဖေ** - **ဦးခင်မောင်ညွန့်**
**မမ** - **ဦးတူးတူး-ဒေါ်ခင်ဖုန်းမြင့်၊ တူ၊ တူမ-ကောင်းဖုန်းဝေ၊ မေဖုန်းသူ**
**ညီမ** - **နွယ်နွယ်ဝင်း၊ ညီ-မောင်မျိုးညွန့်အောင်၊ သဇင်ထွန်း၊ တူ-စွမ်းသူ**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံလမ်း၊ အမှတ်(၃၀၇)ဟုခေါ်တွင်သော မြေကွက်အမှတ်-၆၁/၇အတွင်းမှ (၈၉၅)စတုရန်းပေအကျယ်ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်လက်ရှိထား စီမံခန့်ခွဲလျက်ရှိသော ဒေါ်စန်းစန်းဝင်း[၁၄/ဘကလ(နိုင်)၀၂၁၅၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ယင်းမြေကွက်အရောင်းအဝယ်ကိစ္စကို အပြီးတိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ထွန်းစံ(စဉ်-၅၅၄၅)**
**B.Sc(Chem),H.G.P,R.L.,D.A,D.M.A**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၅၈-B)၊ တထပ်၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ဦးဝင်းလှိုင်ထွန်း[၁၂/စခန(နိုင်)၀၁၄၇၆၂]နှင့် ဒေါ်ဆွေဆွေနွယ်[၁၂/စခန(နိုင်)၀၁၁၀၃၀]တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ပြီး သမီးတစ်ဦး၊ သားတစ်ဦးထွန်းကားခဲ့ပါသည်။ အမှတ်(၈၆)၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်တွင် နေထိုင်ခဲ့ကြပါသည်။ ယခုအခါ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြရန် နှစ်ဦးသဘောတူညီကြသည်ဖြစ်၍ သားသမီး(၂)ဦးအား ဖခင်ထံ အပြီးအပိုင်ပေးအပ်၍ ၆-၁-၂၀၁၆ ရက်တွင် စမ်းချောင်းမြို့နယ်တရားရုံး၌ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။ ထိုသို့ ကွာရှင်းပြတ်စဲသည့်နေ့ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ပတ်သက်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)

**ဦးဝင်းလှိုင်ထွန်း၏ညွှန်ကြားချက်အရ**
**ဦးအောင်ခိုင် LL.B.,Advocateship (စဉ်-၂၄၆၄)**
**ဒေါ်မြင့်မြင့်အေး B.A(Law),LL.B (စဉ်-၂၄၀၃)**
**တရားလွှတ်တော်ရှေ့နေများ**
**ရုံး-၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်**
**အိမ်-၉၄+၇၂၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၇၁၆၆၉၊ ၀၉-၇၉၉၆၄၀၇၈၇**

Hot Line No-0930500100

# ရန်ကုန်-မန္တလေး လူစီးအမြန်ရထား အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် စက်ခေါင်းသစ်နှင့် လေအိတ်ပါတွဲဆိုင်းအသစ်တို့ဖြင့် အစားထိုးပြေးဆွဲ

*သတင်း-သီသီမင်း၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)*

ရန်ကုန်  ဇန်နဝါရီ  ၁၈

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ခေတ်မီရထားစက်ခေါင်းနှင့် တွဲများကို လက်ရှိရထားများတွင် အမြန်အစားထိုးအသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် ပြေးဆွဲနေသော အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် လူစီးအမြန်ရထားတွင် စက်ခေါင်းသစ်နှင့် လေအိတ်ပါတွဲဆိုင်းအသစ်တို့ဖြင့် အစားထိုးပြေးဆွဲခြင်း အခမ်းအနားကို ယနေ့ညနေ၃ နာရီက ရန်ကုန်ဘူတာကြီး၌ ပြုလုပ်ခဲ့သည်။**

ဖွင့်ပွဲအခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် သယ်ယူပို့ဆောင်ရေးကဏ္ဍသည် အရေးပါသကဲ့သို့ ခရီးသည်နှင့် ကုန်စည်များကို ရထားဖြင့် သယ်ယူပို့ဆောင်သည့်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးသည့် ဦးစားပေးဆောင်ရွက်ရမည့် အချက်ဖြစ်ပါကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် ခရီးသွားပြည်သူများ လုံခြုံစိတ်ချရပြီး သက်သောင့်သက်သာဖြင့် စိတ်ချမ်းသာစွာ ခရီးသွားလာနိုင်ရန်အတွက် လေအိတ်ရထားစက်ခေါင်းနှင့် တွဲများကို

**စာမျက်နှာ ၁၀ ကော်လံ ၃ သို့**





ကွန်ပျူတာထိန်းချုပ်စနစ်ပါဝင်သည့် ခေတ်မီစက်ခေါင်းနှင့်လေအိတ်စနစ်ပါဝင်သော ခေတ်မီတွဲဆိုင်းများဖြင့် ချိတ်ဆက်ပြေးဆွဲသည့် အမှတ်(၅)အဆန် ရန်ကုန်-မန္တလေး လူစီးအမြန်ရထား ရန်ကုန်ဘူတာကြီးမှ မထွက်ခွာမီနှင့် ရိုးရိုးတန်းတွဲ၌ လိုက်ပါစီးနင်းမည့် ခရီးသည်များ (ပုံသေး) ကို တွေ့ရစဉ်။



မကွေးအသင်းနှင့်ဧရာဝတီအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။

# ဇယားထိပ်ရောက်လာသည့် မကွေး

*သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်*

၂၀၁၆ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂) နောက်ဆုံးပွဲစဉ်အဖြစ် မကွေးအသင်းနှင့် ဧရာဝတီအသင်းတို့ ဇန်နဝါရီ ၁၈ ရက် ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

## တံတားမရှိသေးသော်လည်း ဇက်ရေယာဉ်ဖြင့် အဆင်ပြေ

စာမျက်နှာ - ၂


## မန်းရွှေစက်တော်ဗုဒ္ဓပူဇနိယဘုရားပွဲတော်တွင် ဘုရားဖူးများ အဆင်ပြေရေး မျှော်လင့်

စာမျက်နှာ - ၆

## ရေး-ထားဝယ်မီးရထားလမ်း၌ တွဲဆိုင်းသစ်များ စတင်ပြေးဆွဲ

စာမျက်နှာ - ၁၈




themirror.npt@gmail.com
www.facebook.com/themirrordaily